www.burmeseclassic.com

# မင်းမြတ်သူရ

## ဆားပုလင်းမင်းအောင် နှင့် ရွှေလမ်းငွေလမ်းခင်းလို့ပေးမယ်



www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## ဆားပုလင်းမင်းအောင်နှင့်ရွှေလမ်းငွေလမ်းခင်းလို့ပေးမယ်

ဖြန့်ချိရေး -

ရန်မျိုးအောင်စာပေ

အမှတ်(၂၂)၊ဓမ္မစိန္တာလမ်း၊ကျောက်မြောင်း၊တာမွေ၊ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၇ ၊ ဧပြီ၊ ပထမအကြိမ် အုပ်ရေ ၅၀၀အုပ်။ တန်ဘိုး(၅၀၀)ကျပ်
ဦးသက်လွင်(သစ္စါမွန်စာပေ)(၀၀၇၇၃) ကျောက်မြောင်း၊တာမွေမြို့နယ်
ရန်ကုန်မြို့မှ ထုတ်ဝေပါသည်။ အတွင်းနှင့် မျက်နှာဖုံးကို
ဦးသက်လွင်(၀၀၆၅၁)သစ္စါမွန် ပုံနှိပ်တိုက်၊အမှတ်(၁၀၆)၊
တာမွေလမ်း၊တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ရန်ကုန်မြို့
မှရိုက်နှိပ်ပါသည်။ ရန်မျိုးအောင် စာပေမှ ဖြန့်ချိပါသည်။

မင်းမြတ်သူရ ၈၉၅.၈၃
ဆားပုလင်းမင်းအောင်နှင့် ရွှေလမ်းငွေလမ်း /မင်းမြတ်သူရ၊ရန်ကုန်
သစ္စါမွန်စာပေ၊၂၀၁၇
၂၀၀-စာ၊၁၂x၁၈

www.burmeseclassic.com

www.burmeseclassic.com



နေ့သည် ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် ပျင်းပျင်း ရှိသည်နှင့် ရုတ်တန်းရှိ လောင်းကစားဒိုင်များတွင် သွားရောက်လောင်းကစား ရာ ကျွန်ုပ်တို့၏ ရှိစုမဲ့စု လစာလေးများကုန်သဖြင့် ဟော်တယ်ကြီး ၌ ညစာ မစားသောက်နိုင်တော့ဘဲ ဘိန်းစားများစားသောက်လေ့ ာ နစ်ပြားတန်ပလက်ဖောင်း ဆိုင်လေး၌ ညစာကို စားသောက်ရ ကျွန်ုပ်တို့ စုံထောက်ကျော်နစ်ယောက်သည် ညစာကို ဗိုက် ာဖြင့် မြိန်ရှက်စွာစားသောက်ပြီးနောက် စုံထောက်ဦးပေါ်ဦးကြီး

www.burmeseclassic.com

www.burmeseclassic.com



က``ဒီတရုတ်တွေကို ကျုပ်တို့ မကျေနပ်ဘူး၊ ဟော်တယ်အပေါ်ဆုံး ထပ်ကို တက်ပြီး မန်နေဂျာကို ခြိမ်းခြောက်ပြီးကျုပ်တို့ ရှုံးသွားတဲ့ ငွေ တွေ ပြန်တောင်းရအောင်``ဟုပြောလေ၏။ထိုအခါ ကျွန်ုပ်က မျက် မှောင်ကြုတ် စဉ်းစားလိုက်ပြီး``ကျုပ်တို့ ရှုံးသွားတဲ့ ပိုက်ဆံတွေတော့ ပြန်လိုချင်ပါတယ်၊ဒါပေမဲ့ ဒါမိုက်ကြေး ခွဲတာဗျ၊ လူမိုက်အလုပ်ပဲ၊ကျုပ် တို့ မိတ်ဆွေကြီး ပြန်သိသွားရင် မကောင်းဘူးဗျာ``ဟုဆိုလိုက်ရာ စုံ ထောက်ဦးပေါ်ဦးကြီးက မျက်နှာရှုံ့မဲ့ပြီး``ဒီငွေတွေ ပြန်မရရင် ကျုပ် မိန်းမ ခင်ခင်ကြီးနဲ့ နောင်ဂျိန်ပလေးရမှာလဲ ခင်ဗျားထည့်တွက်ဦးလေ ဗျာ``ဟုပြောလေရာ ကျွန်ုပ်လည်း ဇနီးချော မေ၏ မျက်နှာကို မြင်ပြီး ကျောချမ်းသွား၏။တချိန်တည်းမှာပင် တရားမျှတခြင်းကို လွန်စွာခုံမင် ချစ် မြတ်နိုးသော မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်၏ မျက်နှာကို မြင်ယောင်မိလေ၏။ဆားပုလင်းမင်းအောင် တစ်ယောက် မင်းကြီး၏ အမျက်တော်ရှပြီး ဝေဘင်ငူအပို့ခံထားရသဖြင့် ကျွန်ုပ်တို့နှင့် ခွဲခွါနေရ သည်မှာ ကြာပေပြီ။မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်သာသိလျှင် ကျွန်ုပ်တို့၏ အပြုအမူကို မင်းမဲ့စရိုက်ဆန်သည်ဟု ပေဖန်ပေလိမ့်မည်။ ကျွန်ုပ်က သက်ပြင်းချပြီး``ကျုပ်တို့က စီအိုင်ဒီ စုံထောက်တွေဗျ၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com



လို လုပ်ရင် စီအိုင်ဒီ သိက္ခာကျလိမ့်မယ်``ဟုပြောလေရာ စုံထောက်ဦးပေါ်ဦးကြီးက ခေါင်းကုတ်လိုက်ပြီး``တော်ပါပြီဗျ၊ ကျုပ်လည်းမလုပ်ချင်တော့ပါဘူး``ဟုစိတ်ပျက်လက်ပျက် ပြောလိုက်၏။ ထိုအခိုက်မှာပင် ကျွန်ုပ်တို့၏ အနောက်ဘက် အမှောင်ထဲမှ လက်ခုပ်တီးသံဖြောင်းဖြောင်းကြားလိုက်ရပြီး``ချီးကျူးပါတယ်ဗျာ၊ ဒါဟာ လူကြီးလူကောင်းတွေ ထားရှိရမဲ့ စိတ်ဓါတ်ပဲဗျ``ဟုသောအသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေ၏။ ကိုမင်းအောင်ကို မြင်တွေ့လိုက်ရသဖြင့် ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ယောက်စလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြ၏။ကျွန်ုပ်က ကိုမင်းအောင်ကို စိတ်လှုပ်ရှားဟန်ဖြင့်ကြည့်လိုက်ပြီး``ကိုမင်းအောင် ပြန်ရောက်နေပြီနော်၊ ဝမ်းသာလိုက်တာဗျ၊ ကျုပ်တို့ နောက်ကို ဘယ်လို လိုက်ခဲ့တာလဲ``ဟုမေးမြန်း၏။ ဆားပုလင်းမင်းအောင်က အနောက်သို့ လက်ကိုဝှေ့ယမ်းပြလိုက်ပြီး ``မင်းကြီး လိုက်ပို့တာဗျ``ဟုဆိုလေရာ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် မင်းကြီးဆိုသော အသံကြားသည်နှင့် တီကို ဆားနှင့်တို့လိုက်သလို တွန့်ခနဲ ဖြစ်သွားပြီး ကိုမင်းအောင်ညွှန်ပြရာသို့ ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com


ဝေဇရာ. မင်းကြီး၏ ဂက်စလေကားနက်ကြီးကို မြင်ရသဖြင့် တုန်လှုပ်
ချောက်ချားသွားလေ၏။ အမှန်ပင် ဆားပုလင်းမင်းအောင်ကို စီအိုင်ဒီ
[illegible]မင်းကြီးကိုယ်တိုင် လိုက်ပို့ခြင်း ဖြစ်လေ၏။ကျွန်ုပ်က စိတ်
[illegible]ခြင်း``ဘယ်လိုဖြစ်ပြီး တရုတ်တန်းကိုမင်းကြီးလိုက်ပါလာ
တာလဲ``ဟုမေးမြန်းလေရာ ကိုမင်းအောင်က``ကျုပ် ရှိတဲ့ တောင်ငူ
အိမ်ကို မင်းကြီး ကိုယ်တိုင် လိုက်လာပြီး စီအိုင်ဒီကို ပြန်ခေါ်ခဲ့တာပဲ၊
ရန်ကုန်ကို ရောက်တော့ မင်းကြီးက ကျုပ်ကို ဘယ်ပို့ရမလဲ မေးတော့
ကျုပ်က မိတ်ဆွေရင်းတွေ ဖြစ်တဲ့ အိုင်ပီတို့ကို အရင်ဆုံးတွေ့ချင်တာ
နဲ့ တရုတ်တန်းကို လိုက်လာခဲ့တာပဲ``ဟုပြောလိုက်ရာ ဦးပေါ်ဦးက
``နေပါဦး ကိုမင်းအောင် ကျုပ်တို့ တရုတ်တန်းမှာ ရှိမယ်ဆိုတာ ကို
မင်းအောင် ဘယ်လိုသိတာလဲ``ဟုမေးမြန်းလေ၏။ကိုမင်းအောင်က
``ဒီနေ့ နံနက် သံတော်ဆင့် သတင်းစာထဲမှာ ရွှေမျက်မှန်ကိုယ်တော်
ရဲ့တရားပွဲကို သိမ်ဖြူကွင်းမှာ ကျင်းပမယ်လို့ ဖတ်ရတယ် ရွှေမျက်မှန်
ကိုယ်တော် ဆိုတာ ခင်ဗျားမိန်းမ ခင်ခင်နဲ့ ကိုအောင်ဒင် မိန်းမ မေတို့
အကြီးအကျယ် ကိုးကွယ်တဲ့ ဘုန်းကြီးဗျ၊ ဒါကြောင့် ခင်ဗျားတို့ မိန်းမ
တွေ သိမ်ဖြူကွင်းက ရွှေမျက်မှန် ကိုယ်တော်ရဲ့ တရားပွဲကို ရောက်

www.burmeseclassic.com

www.burmeseclassic.com



နေ မှာပဲလို့ တွေးမိတယ်၊ ဒါဆိုရင် ဦးပေါ်ဦး တို့နှစ်ယောက်ကတော့ ဒီနေ့ည ငါတို့ မိန်းမတွေ အိမ်မှာ မရှိဘူးဆိုပြီး တရုတ်တန်း လောင်းကစားပိုင်းတွေ ကို ရောက်နေမယ် ဆိုတာသေချာပြီ၊ ဒါကြောင့်လည်း မင်းကြီးကို တရုတ်တန်းကိုပဲ လိုက်ပို့ခိုင်းရတာပဲ``ဟုပြောလေရာ ကျွန်ုပ်တို့သည် မင်းကြီးတရုတ်တန်းသို့ လိုက်ပါလာရခြင်း အကြောင်းကို ရိပ်စားမိသွားလေ၏။ကျွန်ုပ်တို့ စုံထောက်ကျော်များ ဖိန့်ဖိန့်တုန်အောင် ပြောက်ရွံ့ရသော မင်းကြီးကို တရုတ်တန်းသို့ လိုက်ပို့ခိုင်းဂံ့သော ဆားပုလင်းမင်းအောင်၏ သတ္တိကိုလည်း မချီးမွမ်းဘဲ မနေနိုင်တော့ချေ။ထိုပြင် ကိုမင်းအောင်ကဲ့သို့ အရည်အချင်း ပြည့်စုံသော စုံထောက် တစ်ယောက်ကို မာနကို ခဂါချပြီး တောင်ပန်သို့ပင် လိုက်လံခေါ်ယူသော မင်းကြီး၏စိတ်ဓါတ်ကိုလည်း မလေးစားဘဲ မနေနိုင်ချေ။ ထိုအခိုက်မှာပင် ဂက်စလီကားကြီး၏ နောက်ခန်းမှ မှန်တံခါးပွင့်သွားပြီး ကိုမင်းအောင်ကိုလက်ပြနှုတ်ဆက်ရင်း ထွက်ခွါသွားသော မင်းကြီးကို ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးက ယောင်ယမ်းပြီး အလေးပြု လိုက်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ကျွန်ုပ်နှင့်စုံထောက်ဦးပေါ်ဦးသည် အင်းစိန်စီအိုင်ဒီ ရုံးဝန်းနှင့် မနီးမဝေးရှိ မုန့်ဟင်းခါးဆိုင်သို့ သွားရောက်ကာ မုန့်စားရင်း အချိန်ဖြုန်းနေ၏။ ထို မုန့်ဟင်းခါးဆိုင်လေးသည် လက်ရာကောင်းရုံမက ချောင်းချသော သူလေးမှာ မိန်းမချောလေး ဖြစ်သဖြင့်ကျွန်ုပ်တို့ စီအိုင်ဒီ စုံထောက်များ အားလုံး သူ့မဆိုင်ကို သွားရောက် ပိုးပန်းရင်း အချိန်ဖြုန်း လေ့ရှိ၏။

ထိုသို့ ပိုးပန်းရင်း မိန်းမနောက် ပိုးသန်လှသော စုံထောက် ဦးပေါ်ဦးနှင့် စုံထောက် ကိုစိန်မြင့်မှာတစ်ဦး နှင့်တစ်ဦး အပြိုင်အဆိုင် နောက်ပြောင်ရင်း မကြာခဏ စကားများ ရန်ဖြစ်လေ့ရှိ၏။ ထိုသို့ စကားများရင်း စုံထောက်ဦးပေါ်ဦးကြီးသည် မိမိကိုယ်မိမိ စီအိုင်ဒီ စုံထောက်များထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် ဆားပုလင်းမင်းအောင် ကလွဲပြီး သူ အထူးချွန်ဆုံး ဖြစ်ကြောင်း တရားခံများစွာကို ဖမ်းဆီးပေးခဲ့သဖြင့် မင်းကြီး ကိုယ်တိုင် သူ့အား ရာထူးတက်ရန် ရာထားပြီး ဖြစ်ကြောင်း မစားရဂမခန်း ပြောလေ၏။ ထိုအခါ စုံထောက် ကိုစိန်မြင့် ကလည်း အားကျမခံ စီအိုင်ဒီတွင် မိမိသာ အထူးချွန်ဆုံး ဖြစ်ကြောင်း ရာဇဝင် လူဆိုးအမျိုးမျိုးကို မိမိအစွမ်းအစဖြင့် ဖမ်းဆီးပေးခဲ့သဖြင့် မင်းကြီး ကိုယ်တိုင် မကြာခဏ ချီးမွမ်းခန်း ဖွင့်ရကြောင်း ကြွားဂါနေလေ၏။ ထိုအခိုက်မှာပင် ကျွန်ုပ်တို့၏ အနောက်မှ ``စီအိုင်ဒီ စုံထောက်ထဲက သတ္တိရှိတဲ့ကောင်ထွက်ခဲ့စမ်း၊ စုံထောက်စုတ် နောက်ပိုးရှူးတွေ တစ်ယောက်မှကို အထင်မကြီးဘူး ၊ ငါ့ရဲ့လက်သုံးတော် ဓားနဲ့ တွေ့တော့မယ်၊ ဖက်ကောင်းလို့ ငါ့ဓားကို တောင်းနေတာလား`` ဟုဆိုသော ကျယ်လောင်သည့်အသံကြီးကို ကြားလိုက်ရ၏။ ထိုအသံကြောင့်ပင် ကျွန်ုပ်တို့ စုံထောက်ကျော်များ အားလုံး တုန်လှုပ်ချောက်ချားပြီး လှည့်ကြည့်လိုက်သောအခါ၌ အင်းစိန်တပိုက်တွင်လှည့်လည်သွားလာနေသော အရှုးအုန်းမြင့်ကို တွေ့လိုက်ရလေ၏။ အုန်းမြင့်၏ လက်ထဲတွင် ဒုက်ကြီး တစ်



www.burmeseclassic.com

www.burmeseclassic.com



ဓားကြီးတစ်လက်ကို ကိုင်ထားပြီး အရူးတစ်ယောက်ပီပီ စီအိုင်ဒီ စုံထောက်များကိုပင် မကြောက်မရွံ့ စိန်ခေါ်နေလေ၏။ ထိုအချိန်တွင် မိမိကိုယ်မိမိ သူရသတ္တိရှိသည်ဟု ကြွေးကြော်ထားသော စုံထောက် ဦးပေါ်ဦးနှင့် စုံထောက်ကိုစိန်မြင့်တို့သည် အရူးအုန်းမြင့် လက်က မည်သို့ မည်ပုံ လွတ်အောင် ပြေးရမည်ကိုသာ စဉ်းစားနေလေ၏။

ကျွန်ုပ်မူအရူးအုန်းမြင့်၏ လက်ထဲက ငှက်ကြီးတောင် ဓားကြီးကို သာ အထိတ်တလန့် ကြည့်နေမိ၏။အရူးအုန်းမြင့်ကမူ ဓားကြီးကို ကြောက်မက်ဖွယ် မွှေ့ယမ်းပြီး ``စုံထောက်တွေလုပ်ပြီး သွေးမရှိဘူး လားကွ၊ သတ္တိရှိရင် ထွက်လာခဲ့``ဟုအော်ဟစ်ပြောဆိုရင်း အနီးသို့ တိုးကပ်လာလေ၏။ စုံထောက်ဦးပေါ်ဦးကြီးသည် အရူးအုန်းမြင့်၏

ငှက်ကြီးတောင်ဓားကြီးကို အထိတ်တလန့် ကြည့်ပြီး မျက်စိမျက် နှာပျက်ကာ ``ဒုက္ခပဲဗျို့ အရူးနဲ့ဖက်ချရင်လည်း သိက္ခာကျဦးမယ်၊ အရူးဆိုပြီး ဒီအတိုင်းကြည့်နေလို့လဲမရဘူး၊ ပြေးမှဖြစ်မယ်ဗျို့``ဟု ဆိုကာ ဆိုင်ထဲမှ ထွက်ပြေးရန် ပြင်လေရာ ကျွန်ုပ်လည်း ဦးပေါ်ဦး အနောက်သို့ လိုက်ရန်နီး အရူးကို ခုခံရန်နီးဖြင့် ဝေခွဲမရ ဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com


စုံထောက်ကိုစိန်မြင့်တို့ လူစုမှာလည်း ကျွန်ုပ်တို့ နည်းတူ ဂရုန်းသုန်းကား ဖြစ်နေလေ၏။ထိုအခိုက်မှာပင် ကျွန်ုပ်တို့ အနောက်မှ

``ဟေ့ကောင် အုန်းမြင့် ရပ်လိုက်စမ်း....လူကြီးတွေကို ဘာဖြစ်လို့ စော်ကားနေတာလဲ``ဟူသောအသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်လေရာ ကျွန်ုပ်တို့၏ မိတ်ဆွေကြီး ဆားပုလင်းမင်းအောင် ဖြစ်ကြောင်း တွေ့ရလေ၏။ မမျှော်လင့်ဘဲ ကိုမင်းအောင်ကို မြင်တွေ့လိုက်ရသဖြင့် ကျွန်ုပ်တို့ လွန်စွာမှပင်ဝမ်းမြောက် ဝမ်းသာ ဖြစ်သွား၏။ ငှက်ကြီးတောင် ဓားကြီးကိုကိုင်ပြီး ကျွန်ုပ်တို့ကို စိန်ခေါ်နေသော အရှုးအုန်းမြင့်သည် ဆားပုလင်းမင်းအောင်ကို မြင်သောအခါ ၌မူ

ခက်ထန်ကြမ်းကြုတ်သော အမူအယာမှ ရိုကျိုးသောအမူအယာသို့ ပြောင်းသွားပြီးမှ အထစ်ထစ်အငေါ့ငေါ့ဖြင့် ``ဟုတ်....ဟုတ်ကဲ့ပါ ဗျာ ဆရာကြီး ကျုပ် နောက် မစော်ကားတော့ပါဘူး``ဟု တောင်းပန် လေ၏။ ကိုမင်းအောင်က သက်ပြင်းချပြီး``မင်းလက်ထဲက ဓားကြီးကို ဝါ လာပေးစမ်းပါကွာ ``ဟု အမိန့်ပေးလိုက်ရာ အရှုးအုန်းမြင့်က နှိုးသေ လေးစားသော အမူအယာဖြင့် ကိုမင်းအောင်လက်သို့ ငှက်ကြီးတောင်

www.burmeseclassic.com

ဓားကို လာအပ်လေ၏။ကိုမင်းအောင်က အရူးအုန်းမြင့်ကို တည်ကြည်သော အမူအယာဖြင့် ကြည့်ပြီး ``မင်း.. လူကြီးလူကောင်းတွေကို စော်ကားတဲ့အတွက် အပြစ်ရှိတယ်၊ ရှိခိုး ကန်တော့ပြီး တောင်းပန်လိုက်စမ်း``ဟုဆိုလိုက်ရာ အရူးအုန်းမြင့်သည် ကျွန်ုပ်တို့ စုံထောက်ကျော်များကို ထိုင်ပြီး ရှိခိုးကန်တော့ကာ ထိုနေရာမှ တချိုးတည်းလစ်ပြေးလေတော့၏။ ကိုမင်းအောင် အချိန်မီ ရောက်လာသဖြင့် ကျွန်ုပ်တို့ စုံထောက်ကျော်ကြီးများ အရှက်မကွဲရခြင်း ဖြစ်လေ၏။ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးက ကိုမင်းအောင်ကို ဝမ်းသာအားရ ကျေးဇူးတင်စကားပြောသော်လည်း ဆားပုလင်းမင်းအောင်ကို မနာလိုဝန်တို ဖြစ်နေသော စုံထောက်ကိုစိန်မြင့် တို့ လူစုမှာမူ ဆားပုလင်းမင်းအောင်

ရောက်လာသဖြင့် အရူးအုန်းမြင့်ကို ဆုံးမရန် အခွင့်အရေးတစ်ရပ် ဆုံးရှုံးသွားကြောင်း ပြောဆိုလေရာ ၎င်းတို့လူစု၏ ကျေးဇူးတရားကို မသိနားမလည်သော သဘောကို လွန်စွာ အမြင်ကပ်သွားသော ဦးပေါ်ဦးကြီးက ``ဟေ့ လူတွေ အရူးအုန်းမြင့်ကို ဆုံးမမယ် ဟုတ်လား၊ နားရှိလို့သာ ကြားရတယ်၊ခင်ဗျားတို့ သတ္တိကို ကျုပ် အသိဆုံးပါ၊ အုန်းမြင့်ဓားကြိမ်းကြိမ်းပြီး စိန်ခေါ်နေတုန်းက ချောင်လေးထဲမှာ ပုန်းစိသူငယ်


www.burmeseclassic.com

www.burmeseclassic.com

နဲ့ ပုန်းနေတာ ဘယ်သူလဲ။အဲဒီတုန်းက ခင်ဗျား ထွက် ဆုံးမပါလား``
ဟု ဘုကျကျ ပြောဆိုလိုက်ရာ စုံထောက်ကိုစိန်မြင့်သည် ဦးပေါ်ဦးကြီး
ကို စကားမလှန်ထိုးနိုင်သဖြင့် ငြိမ်ကုတ်သွားလေ၏။ ထိုနောက်တွင်မူ
ကိုမင်းအောင်က``ကျုပ်လာတဲ့အကြောင်းက စီအိုင်ဒီရုံးကြီးကို ကျုပ်
ရောက်တော့ မင်းကြီးကို ရုံးခန်းရဲ့ အပြင်ဘက်မှာ ခါးကြီးထောက်ပြီး
အိုင်ပီတို့ကို ရှာနေတာ တွေ့လိုက်ရတယ်ဗျ``ဟုဆိုလိုက်ရာ ကျွန်ုပ်
တို့ စုံထောက်ကျော် တစ်စုသည် မင်းကြီးဆိုသည့် အသံကြားသည်
နှင့် တီကိုဆားနှင့် တို့လိုက်သလို တွန့်ခနဲဖြစ်သွားပြီး ဦးပေါ်ဦးကြီးက
``ဟင်..မင်းကြီး လိုက်ရှာနေတယ် ဟုတ်လား.. ဒုက္ခပါပဲဗျာ``ဟု
အထိတ်တလန့် ရေရွတ်လိုက်၏။ ကိုမင်းအောင်၏ စကားကို နားစိုက်
ထောင်နေသော စုံထောက်ကို စိန်မြင့်တို့ လူစုသည် မင်းကြီးကို အလု
အယက် ဖားရန် အလို့ငှါ မုန်ဟင်းခါးဆိုင်ထဲမှ ပြေးထွက်သွားလေ၏။
ကိုစိန်မြင့်တို့ လူစုကို ကြည့်ပြီး ကျွန်ုပ်တို့ စုံထောက် နှစ်ဦး ဂေခွဲမရ
ဖြစ်နေစဉ်ဆားပုလင်းမင်းအောင်က လက်ကာပြပြီး``မပူပါနဲ့ဗျ၊ ဒီလူ
တွေ ကျုပ်စကားကို ဆုံးအောင် နားမထောင် သွားဘူးဗျာ၊ ဂျက်ဆင်
ကောလိပ်မှာ လူသတ်မှုဖြစ်လို့ဗျ၊ ကျုပ်တို့ သွားကြရအောင် ကိုနံ့ကုန်

www.burmeseclassic.com



ကောလိပ်မှာ အခုတလော လူသတ်မှု တွေ ဆက်တိုက် ဖြစ်နေတယ် ဆိုပဲဗျ၊ ဒါကြောင့် မင်းကြီးက ကျုပ်တို့ကို စုံစမ်းရန် လွှတ်လိုက်တာ``ဟုဆိုလိုက်ရာ ကျွန်ုပ်တို့သည် လူသတ်မှု အသံကြားသည်နှင့် စိတ်ရှုပ်သွားသော်လည်း ကျွန်ုပ်တို့ အနီးတွင် လွန်စွာ အားကိုးအားထား ပြုရသော ကိုမင်းအောင် ရောက်ရှိနေသဖြင့် ပူပင်ခြင်း မရှိချေ။

ကိုမင်းအောင်က ရန်ကုန် ကောလိပ်ရှိရာသို့ ကားကို မောင်းနှင်ရင်း ``လွန်ခဲ့တဲ့လက ဂျက်ဆင်ကောလိပ်မှာ ကျောင်းသားတစ်ဦး သေဆုံးခဲ့သေးတယ်ဆို၊ ဒီလူသတ်မှုကို ကျုပ်ကို ပြောပြပါဦး``

ဟုမေးမြန်းလေရာ ကျွန်ုပ် လွန်ခဲ့သော တစ်လခန့်က ဖြစ်ပွါးခဲ့ သော ကောလိပ်ကျောင်းသားတစ်ဦး ဖြစ်သူ မောင်ဖေခင် အသတ်ခံရသည့် အကြောင်း ကို ပြန်လည်မြင်ယောင်လာလေ၏။ ထိုစဉ်က ဂျက်ဆင် ကောလိပ်၌ လူသတ်မှု ဖြစ်ပွါးနေသည်ဆိုသဖြင့် ကျွန်ုပ်တို့ စုံထောက်ကျော်များ ရောက်ရှိသောအခါ သေဆုံးသူ၏အလောင်းမှာ ဂျက်ဆင် ဘုရားရှိခိုးကျောင်းကြီး၏ အရှေ့ဘက်မြက်ခင်းပေါ်တွင် ရှိနေလေသည်။ သေသောသူ ကောလိပ်ကျောင်းသားမှာ သမိုင်းဘာသာရပ်ကိုသင် ယူသော ပန်းချီဆရာ တစ်ယောက်ဖြစ်ကြောင်းသိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

သေသူ၏ ခန္ဓာကို စစ်ဆေးကြည့်လေရာရင်ဝကို ချွန်ထက်သော ဓား ကဲ့သို့ အရာဖြင့် ထိုးစိုက်ခံရကြောင်း တွေ့ရလေ၏။ ထိုစဉ်က

ကျွန်ုပ်တို့သည် မင်းကြီး ဆုပ္ပုကြမ်းမောင်းခံရမည်ကို ကြောက်ရွံ့လှ သဖြင့် ကောလိပ်ကျောင်းသား၏ သေဆုံးမှုကို စွမ်းစွမ်းတမံ စုံစမ်း ထောက်လှမ်း ခဲ့သော်လည်း ယနေ့ထက်တိုင် လူသတ်မှုတရားခံကို ဖော်ထုတ်နိုင်ခဲ့ခြင်း မရှိချေ။ထို့ကြောင့် ကျွန်ုပ်က ``မောင်ဖေခင် ဆိုတဲ့ ကောလိပ်ကျောင်းသားတစ်ယောက် ဂျက်ဆင်ရှေ့ မြက်ခင်း ပေါ်မှာ အသတ်ခံရတယ်၊မောင်ဖေခင်ရဲ့ ရင်ဝကို ဓားနဲ့ထိုးခံရဟာ၊ မောင်ဖေခင်ရဲ့ အမှုမှာထူးခြားမှုက မောင်ဖေခင်ဟာ လူချစ်လူခင် များတဲ့ ပန်းချီဆရာ တစ်ယောက်ဗျ၊ ဘယ်လိုရန်ငြိုးရန်စမှ မရှိဘူး။ လူသတ်မှု ဖြစ်ပွားတဲ့အချိန် ပတ်ဝန်းကျင်မှာလည်း သူနဲ့ ဘယ်သူမှ ရန်ပွဲ ဖြစ်ပွားတာ မရှိဘူး၊ သူ့ကို သတ်သွားတဲ့ လူကို သဲလွန်စရှာ တာလည်း ဒီနေ့အထိ ဘာသဲလွန်စမှ ရှာမရဘူး၊ နောက်ပြီးတော့ သေသူမောင်ဖေခင်ဟာ မိမရှိ ဖမရှိ တစ်ကောင်ကြွက်`` ဟုပြောလေ ရာ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်ပြီး ``စိတ်ဝင်စားစရာပဲဗျာ မောင်ဖေခင်ရဲ့အမှုကို မပေါ်ပေါ်အောင်လိုက်မယ်`` ဟုပြောလေရာ

www.burmeseclassic.com

ဆားပုလင်းမင်းအောင်၏ အစွမ်းကို ယုံကြည်သော ကျွန်ုပ်တို့သည် မကြာမီ တရားခံကို လက်ရဖမ်းဆီး နိုင်မည်ဟု ယုံကြည်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့စုံထောက်ကော်များ ဂျက်ဆင်ကောလိပ်သို့ ရောက်သောအခါ ကိုမင်းအောင်က ကားကို သထုံဆောင်ဘက်သို့ မောင်းနှင်ပြီး ကားကို ခြံဝန်းအတွင်းသို့ ဂင်ခဲ့လေ၏။ သထုံဆောင်အရှေ့ဘက်ခြံ ညည်းရိုးကို ပုလိပ်အဖွဲ့က ကြိုးတားထားသဖြင့် ထိုနေရာ၌လူသတ်မှု ဖြစ်ပွါးပုံရ၏။ကျွန်ုပ်တို့ကား ရပ်တန့်သောအခါ အနီးသို့ မရမ်းကုန်းဌာနမှ ပုလိပ်လူဂကြီး လာရောက်ကြိုဆိုပြီး``ဆရာတို့ ရောက်လာတာနဲ့ အဖော်ပဲ၊သထုံဆောင်က ကျောင်းသားတွေက ကျုပ်တို့ကို ဒီအားပေးနေပြီ``ဟုပြောလေ၏ ဆားပုလင်းမင်းအောင်က လက်ကာပြီး``မပူပါနဲ့ဗျာ၊ အမှုဖြစ်ပွါးပုံကို ပြောပါဦး``ဟုမေးမြန်း လေ၏။ ထိုအခါ ပုလိပ်လူဂကြီးက``ဖြစ်ပုံက ခပ်ဆန်းဆန်းဗျ၊ သေသူဟာ ကောလိပ်ရဲ့ကြက်တောင် ချန်ပီယံဥက်ဂင်း ဆိုတဲ့ကျောင်းသားဗျ၊ ဥက်ဂင်းဟာ မသေမီမှာ မောင်စိန် ဆိုတဲ့ ကောလိပ်ကျောင်းသားနဲ့ သထုံဆောင်ရှေ့ မြက်ခင်းပေါ်မှာ ကြက်တောင်ရိုက်နေတာဗျ၊ ဒီလို ကြက်တောင်ရိုက်နေတုန်း ကြက်တောင် ခြံအပြင်ကို ရောက်သွားလို့ ဥက်ဂင်းက ကြက်တောင်သွားကောက်တယ်၊ နောက်တော့ ဥက်ဂင်း ကြက်တောင် ကောက်တာ ကြာနေလို့ မောင်စိန်က အနောက်

www.burmeseclassic.com



ထလိုက်သွားတော့ ဉာဏ်ဝင်းကို မြဲအပြင်ဘက်မှာ လဲကျသေဆုံးနေ
တာကို တွေ့ရတယ်``ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်သည်
သေသူ၏ အနီးသို့ လျှောက်လှမ်းသွားပြီး အနီးကပ် ကြည့်ရှုလိုက်
သောအခါ သေသူသည် ရုပ်ရည် သန့်ပြန့်သော ကျောင်းသားတစ်
ယောက်ဖြစ်ပြီး ရင်ဝတွင် သွေးများ ယိုစီးကျနေသဖြင့် ဓားဖြင့် ထိုး
သွင်းခံရသည် ထင်၏။ကိုမင်းအောင်က သေသူ၏ ခန္ဓာကို စိတ်တိုင်း
ကျ စစ်ဆေးပြီးသောအခါ ထိုင်ရာက ထလိုက်ပြီး``သူ့နေတဲ့အခန်း
ကို ကြည့်ချင်ပါတယ်``ဟုဆိုလိုက်ရာ အနီးတွင် ရပ်နေသော
အိန္ဒိယလူမျိုး အစောင့်မှူးက ကိုမင်းအောင်ကို သထုံဆောင် အဆောင်
ထပ်သို့ ခေါ်ဆောင်သွားလေ၏။ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးမှာ
ကျွန်ုပ်တို့ လွန်စွာမှ အားကိုးအားထား ပြုရသော ကိုမင်းအောင်ကို
တိုင် အမှုလိုက်နေသဖြင့် ကျွန်ုပ်တို့ အနေနှင့် လုံလစိုက်စရာမလို
ပေါ့ပေါ့ပါးပါးပင် လိုက်ပါလာလေ၏။ကိုမင်းအောင်၏ နံမည်ကို ကြား
ဖူးနားဝရှိနေသော ကျောင်းသားအချို့က ဆားပုလင်းမင်းအောင်
သူကိုယ်တိုင် စုံစမ်းထောက်လှမ်း နေမှတော့ အမှုမှန် ပေါ်ပြီ
ဟုအားတက်သရော ပြောဆိုနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တိုမင်းအောင်သည် သေသူ၏ အခန်းသို့ ရောက်သောအခါ ၎င်း၏ စားပွဲပေါ်ရှိ စာအုပ်များကို အတန်ကြာအောင် စစ်ဆေးကြည့်ရှု၏။ ထိုနောက်သေတ္တာထဲရှိ ဒိုင်ယာရီ စာအုပ်တစ်အုပ်ကိုလှန်လှောဖတ်ရှုနေပြန်၏။ ပြီးနောက် စာအုပ်ကို သေတ္တာထဲသို့ ပြန်ထားလိုက်ပြီး အဆောင်မှူးအား တော်လောက်ပါပြီ ဟုဆိုကာ အခန်းထဲမှပြန်ထွက်လာလေ၏။ ကျွန်ုပ်တို့ စုံထောက်ကျော်များ အခန်းပြင်သို့ ရောက်သောအခါ ဆားပုလင်းမင်းအောင်ကို စိတ်ဝင်စားနေသော ကျောင်းသားတစ်စုသည် အခန်းအပြင်၌ စောင့်ကြိုနေကြောင်း တွေ့ရ၏။

တိုမင်းအောင်သည် ဂျွန်ပလေးယား မှတ်ဆိတ်စီးကရက်ကို လွန်စွာကြည့်ကောင်းအောင် ဖွါရှိုက်ရင်း အဆောင်အောက်သို့ ပြန်ဆင်းခဲ့ရာ ကျွန်ုပ်တို့အနောက်မှ ကျောင်းသားအုပ်စု ဝိုင်းရံပြီး လိုက်ပါလာလေ၏ ထိုအခိုက်မှာပင် စုံထောက်ကိုစိန်မြင့်တို့လူစု၏ စီအိုင်ဒီမှကားစုတ်ကြီးသည် မီးခိုးထောင်းထောင်းထအောင် မောင်းနှင်ပြီး သထုံဆောင်ထဲသို့ဝင်ရောက်လာ၏။ စုံထောက်ကိုစိန်မြင့်သည် ကားမရပ်မီ အလွန်အရေးကြီးသော ပုံစံဖြင့် ခုန်ဆင်းလိုက်ကာ ``စီအိုင်ဒီ စုံထောက်တွေလာပြီ ``အချကြောင်ကြောင် အော်ဟစ်လိုက်၏။သို့သော် ကိုစိန်မြင့်

www.burmeseclassic.com

www.burmeseclassic.com



ကံဆိုးချင်တော့ အဆောင်ရှေ့တွင် ပစ်ထားသော ငှက်ပျောခွံ့ကိုပင် တက်နင်းမိလိုက်ပြီး မြေပေါ်တွင် ဗိုင်းခနဲလဲ၏။ ကိုစိန်မြင့်၏ နေရာ မကျပုံကို ကြည့်ပြီး ကျောင်းသားများသည် ဝါးခနဲရယ်မောလိုက်ကြ လေ၏။ကိုစိန်မြင့်သည် ကျောင်းသားများရှေ့တွင် စီအိုင်ဒီစုံထောက် ဟန်ပန်ဖြင့် စတိုင်ထွါးရန် ရည်ရွယ်ထားသော်လည်း အရှက်အကွဲကြီး ကွဲရသဖြင့် မျက်နှာမည်းခနဲ ဖြစ်ပြီး ကမန်းကတန်း ကုန်းထလိုက်ပြ ၏။ သို့သော် ကိုစိန်မြင့် နောက်တစ်ကြိမ် ကံဆိုးသွားပြန်ပြီး ငှက်ပျော ကိုပင် နောက်တစ်ကြိမ် ထပ်နင်းမိကာ ဗိုင်းခနဲ လဲကျပြန်၏။

ကိုစိန်မြင့်၏ အမူအယာကို ကြည့်ပြီးငှင်းမိတ်ဆွေ စီအိုင်ဒီ စုံထောက် များပင်လျှင် တဝါးဝါးတဟားဟား ရယ်မောနေလေ၏။ကိုစိန်မြင့်သည် မိမိကို ဗိုင်းဝန်း ရယ်မောနေသူများကို မကျေမချမ်းကြည့်ပြီး သထုံ ဆောင်ထဲသို့ ကမူးရှူးထိုး ဝင်ရောက်သွားလေ၏။ကျွန်ုပ်နှင့် စုံထောက် ပေါ်ဦးကြီးလည်း ကိုစိန်မြင့်၏ နေရာမကျပုံကို ကြည့်ပြီး တဟီးဟီး တဟားဟား ရယ်မောနေလေ၏။ ဆားပုလင်းမင်းအောင်ကမူ ကျွန်ုပ် တို့ လူစုကဲသို့ လှောင်ပြောင်ခြင်း မရှိဘဲ ဗိုဒ္ဓကားစုတ်လေး ရှိရာသို့ပင် လျှောက်လှမ်းသွားလေ၏။ထိုနောက်ကျွန်ုပ်တို့စုံထောက်ကျော်တစ်စု

www.burmeseclassic.com



သည် နေ့လယ်စာကို ချစ်တီးထမင်းစားရန် ရည်ရွယ်ပြီး မဂိုလမ်းသို့ ထွက်ခဲ့လေ၏။လမ်း၌ ဦးပေါ်ဦးကြီးက ``အမှုအခြေအနေ ဘယ်လိုရှိသလဲ ကိုမင်းအောင်``ဟုမေးမြန်းလေရာ ကိုမင်းအောင်က တားကိုမောင်းနှင်ရင်း ``သဲလွန်စ နည်းနည်းတော့ ရထားပါပြီ၊ဒါပေမဲ့ ရက်အနည်းငယ်တော့ စောင့်ရဦးမယ်ဗျ၊ တစ်ခုခု ထူးမှာသေချာတယ်`` ဟုပြောလေ၏။ကျွန်ုပ်က ဝင်ရောက်ပြီး``ဂျက်ဆင်ရေ့ မြက်ခင်းမှာသေဆုံးသွားတဲ့ မောင်ဖေခင်ရဲ့ အမှုနဲ့ သက်ဆိုင်မယ်ထင်သလား ကိုမင်းအောင်``ဟုမေးမြန်းလေရာ ကိုမင်းအောင်က သက်ပြင်းချပြီး ``ပတ်သက်မယ်လို့ ထင်တယ်ဗျ၊ ဒီလူသတ်မှုတွေဟာ အစီအစဉ်တကျ ဖြစ်ပေါ်လာတယ်လို့ ကျွန်တော်ထင်တယ်``ဟုပြောလေရာ ကျွန်ုပ်က အံ့ဩဟန်ဖြင့် ``အင်းပတန် ဂိုးသားဖြူစင်တဲ့ တက္ကသိုလ်မြေပေါ်မှာတောင် လောဘမောဟာတွေနဲ့ သွေးစွန်းနေပါလား;`` ဟု ရေရွတ်လိုက်ရာ ကိုမင်းအောင်က ခေါင်းညိတ်ပြီး``တကယ်တော့ ဖြူစင်သန့်ရှင်းတဲ့ နယ်မြေမှာ လူသတ်မှုတွေ ဆက်တိုက်ဖြစ်တယ် ဆိုတော့ ကောလိပ်ကျောင်းသား အချင်းချင်း ရန်ငြိုးဖွဲ့ပြီး တိုက်ခိုက်တာဖြစ်နိုင်သလို အပြင်လောကက လူတစ်ယောက်တည်း ဝင်ပြီး လုပ်ကြံ

www.burmeseclassic.com


သွားတာလည်း ဖြစ်နိုင်တာပဲ``ဟုပြောလေရာ ကျွန်ုပ်နှင့် စုံထောက် ဦးဖေပါဦး အံ့ဩဟန်ဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏ ကိုမင်းအောင်ကမူ ကားကို ချစ်တီးထမင်းဆိုင်တွင် ရှေ့တွင်ရပ်တန့် လိုက်ပြီး``ရက်ပိုင်းအတွင်း အမှုနဲ့ ပတ်သက်ပြီး တစ်ခုခု ထူးခြားလိမ့် မယ်ဗျ``ဟုဆိုလိုက်ပြီး တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေလေ တော့၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ထုတ် သတင်းစာကြီးများတွင် ရန်ကုန်ကောလိပ်၏ လူသတ်မှုနှင့် ပတ်သက်ပြီး အကျယ်တဝင့် ဖော်ပြကြလေ၏။ သူရိယ ဂေဇက် သတင်းစာကြီးက ``ရန်ကုန်ကောလိပ် လုံခြုံမှု မရှိတော့လေ သလော``ဟုဖော်ပြသလို သံတော်ဆင့် သတင်းစာကြီးကလည်း

``ရန်ကုန်ကောလိပ်မှာ တစ်လ တစ်ကြိမ် လူသတ်မှု ဖြစ်ပွါးနေပြီ`` ဟုဖော်ပြထားလေ၏။ မြန်မာ့အလင်း သတင်းစာကြီး ကလည်း

``ကောလိပ်ကျောင်းသားတွေ လူသတ်သမားရဲ့ သားကောင် ဖြစ်နေ သလော၊ စီအိုင်ဒီက စုံထောက်များ အိပ်ပျော်နေခြင်း ပေလော``ဟု

စီအိုင်ဒီ ကိုပင် ခနဲ့တဲ့တဲ့ ရေးသားထားလေ၏။စီအိုင်ဒီကို သတင်းစာ များကခနဲ့လိုက်သည်နှင့် ကျွန်ုပ်တို့၏ စုံထောက်မင်းကြီး ခုန်ဆခုန်ဆွ ဖြစ်သွားပြီး ကျွန်ုပ်တို့ စုံထောက်ကျော်များကို စတင်ဆူပူ ကြိမ်းမောင်း လေတော့၏။ထိုအချိန်မှစပြီး ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးကြီးသည် စီအိုင်ဒီသို့ ရုံးတက်ရန်ထက် အကြောင်းအမျိုးမျိုးပြပြီး ရှောင်တိမ်းနေ လေတော့၏။ စုံထောက်ဦးပေါ်ဦးကြီးက ``ကျုပ်တို့ ဒီနေ့ရုံးပြေးရင် ကောင်းမယ်ဗျို့၊ရုံးတက်ရင် မင်းကြီး ဆူပူကြိမ်းမောင်းမှာ သေချာနေ

www.burmeseclassic.com

www.burmeseclassic.com


ပြီဗျ``ဟုပြောလေရာ ကျွန်ုပ်သည် ရုံးပြေးရန် နစ်ခါ မပြောရဘဲ သူ၏ စကားကို လက်ခံလိုက်လိုက်ပြီး``ကျုပ်တို့ ကိုမင်းအောင်ဆီကို သွားရင်ကောင်းမယ်၊ ဒီလူ ဘာလုပ်နေသလဲ မသိဘူး၊ ပျောက်နေတာကြာနေပြီ``ဟုပြောလေ၏။ ထိုအခါ ဦးပေါ်ဦးကြီးသည် ကျွန်ုပ်၏စကားကို နားထောင်ပြီး ကိုမင်းအောင် နေထိုင်ရာ အမှတ် ၇ အဓသောကလမ်း ကျောက်မြောင်း နေအိမ်သို့ ကားကို မောင်းနှင်ခဲ့လေ၏။ဆားပုလင်း မင်းအောင်၏ နေအိမ်သို့ရောက်သောအခါ နကွတ်တာရာ စာအုပ်ကြီး တစ်အုပ်ကို ဖတ်ရှုနေသော ကိုမင်းအောင်ကို တွေ့လိုက်ရလေ၏။ ကိုမင်းအောင်က ကျွန်ုပ်တို့ကို မြင်သောအခါ စာအုပ်ကို ချလိုက်ပြီး ``လာဗျို့ခင်ဗျားတို့လာမယ်ဆိုတာ သိလို့ စောင့်နေတာ``ဟုပြောဆိုလေရာ ဦးပေါ်ဦးကြီးက``ကျုပ်တို့ကို မင်းကြီးကြိမ်းနေတာ ကြုံသိနေတယ်ပေါ့``ဟုဆိုလိုက်ရာ ကိုမင်းအောင်က သတင်းစာများကို ညွှန်ပြပြီး``သတင်းစာတွေ ဒီလောက် စီအိုင်ဒီကို ဆော်နေတာ ကိုယ့်လူတို့ကို မင်းကြီးမကြိမ်းဘဲ နေမလားဗျာ၊ ရန်ကုန်ကောလိပ်က လူသတ်မှုတွေကို အခုပဲ သွားပြီးစုံစမ်းထောက်လှမ်းရအောင်``ဟုပြောလေ၏။ စုံထောက်ဦးပေါ်ဦးကြီးက``မြန်မြန် စုံစမ်းပါတော့ဗျို့၊ ကျုပ်တို့လည်း

www.burmeseclassic.com

www.burmeseclassic.com


မင်းကြီး ဆူပူကြိမ်းမောင်းတာ ခံရလို့ နားငြီးလှပြီ``ဟုပြောလေ၏။ ကျွန်ုပ်က ကိုမင်းအောင်ကို ကြည့်ပြီး``ကျုပ်တို့ ဘယ်ကို သွားမှာလဲ ကိုမင်းအောင်``ဟုမေးမြန်းလေ၏။ကိုမင်းအောင်ကသက်ပြင်းချပြီး ``တာမွေသချိုင်းကိုသွားရမယ်``ဟုပြောလေရာကျွန်ုပ်တို့နှစ်ဦးလုံး အံ့ဩသွားပြီး ဦးပေါ်ဦးကြီးက``မနက်စောစော သချိုင်းကို သွားရမှာ လားဗျာ`ဟုညည်းညူလေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ် လိုက်ပြီး`ကောလိပ်ကျောင်းသား မောင်ဉာဏ်ဝင်း အမှုနဲ့ ပတ်သက် ပြီး အရေးကြီး နေလို့ပါဗျာ၊ကျုပ်ထင်တဲ့ အတိုင်း မှန်ကန်မယ် ဆိုရင် တော့ ဒီနေ့ သချိုင်းမှာ သဲလွန်စတစ်ခု ရမှာသေချာတယ်``ဟုပြော လေ၏။ ထိုနောက် ကိုမင်းအောင်က ကားကို ကိုယ်တိုင် မောင်းနှင်ခဲ့ လေ၏။ တာမွေသချိုင်းထဲသို့ ရောက်သောအခါ အလယ်လမ်းမကြီး အတိုင်း ကားကိုမောင်းနှင်ပြီး ဝင်ရောက် ခဲ့လေ၏။ ထိုနောက် သချိုင်း ဇရပ်ကြီး အနီးရှိ အရိပ်ရသော အပင်ကြီး အောက်သို့ လျှောက်လှမ်း သွားလေ၏။ထိုနောက်တွင်မှကိုမင်းအောင်က သချိုင်းဇရပ်ကြီးပေါ်သို့ တက်ရင်း တစ်စုံတစ်ရာကို စောင့်ကြည့်နေလေ၏။ အတန်ကြာပြီး နောက် သချိုင်းအလယ် လမ်းမကြီးအတိုင်း ကားတစ်စီး ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com


လာလေရာ ကိုမင်းအောင်က သက်ပြင်းချလိုက်ရင်း``ကျုပ်ထင်တာ သေချာနေပြီဗျို့``ဟုရေရွတ်လိုက်လေ၏။ ထိုကားလေးသည် ဇရပ်နှင့် မနီးမဝေးတွင် ရပ်တန့်လိုက်ပြီး ကားပေါ်မှ မိန်းမချောလေးတစ်ယောက် ဆင်းလာသဖြင့် ကျွန်ုပ်နှင့် ဦးပေါ်ဦးတို့ မျက်တောင်မခတ်တန်း ကြည့်ရှုနေမိ၏။ မိန်းမချောလေးကို ကြည့်ပြီး ဦးပေါ်ဦးကြီးက ``အချောအလှလေး တစ်ယောက်ပါလား ကိုမင်းအောင် သူလေးက တရားခံတော့ မဟုတ်လောက်ပါဘူးနော်``ဟု မေးမြန်းလိုက်လေရာ ကိုမင်းအောင်က ခေါင်းညိတ်ပြီး``တရားခံတော့ မဟုတ်ပါလောက်ပါဘူး။ ဒါပေမဲ့ ကောလိပ်ထဲက လူသတ်မှုတွေနဲ့ မိန်းကလေး ပတ်သက်နေမယ်လို့ ကျုပ်ထင်တယ်ဗျ``ဟုပြောလေ၏။ ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦးသည် ကိုမင်းအောင်၏ စကားကြောင့် မျက်လုံးပြူးသွားလေတော့၏။ထိုအချိန်တွင် မိန်းမချောလေးသည် အနီရောင် ထီးလေးကို ဖွင့်လိုက်ပြီး ကျွန်ုပ်တို့ ဇရပ်ရှိရာသို့ လျှောက်လှမ်း၏။ ထိုနောက် ဇရပ် အနောက်ရှိ အသစ်စက်စက်အုတ်ဂူ တစ်လုံး ရှေ့တွင် ရပ်ရင်း လက်ထဲတွင် ဆောင်ယူလာသော ပန်းစည်းကို အုတ်ဂူပေါ်သို့ အသာအယာ တင်လေ၏။ ထိုနောက် အုတ်ဂူရှေ့တွင် ဝမ်းပန်းတနည်း ငိုယို

www.burmeseclassic.com

www.burmeseclassic.com

လိုက်ကာ``ဘယ်လို ဖြစ်တာလဲရှင် ကျွန်မ နားမလည်နိုင်တော့ဘူး ကျွန်မနဲ့ ပတ်သက်တဲ့ လူတွေမှ ဘာကြောင့် ရွေးပြီး ဒုက္ခရောက်နေတာလဲရှင်၊''ဟုရေရွတ်နေလေ၏။ ဆားပုလင်း မင်းအောင်က ကျွန်ုပ်တို့ ဘက်သို့ လှည့်ပြီး လေသံတိုးတိုးဖြင့်``အသစ်စက်စက် အုတ်ဂူလေးက လွန်ခဲ့တဲ့ အပတ်က သေဆုံးသွားတဲ့ ကောလိပ်ကျောင်းသား မောင်ဉာဏ်ဂင်းရဲ့ အုတ်ဂူဗျ၊ သူလေး နံမည်က ခင်မြရင်တဲ့ကောလိပ်ကျောင်းရဲ့ အလှပဂေးလေး တစ်ယောက်ပဲဗျ၊ ခင်မြရင်ဟာ သေသူမောင်ဉာဏ်ဂင်းရဲ့ ချစ်ခွင့်ပန်ခြင်း ခံရသူတစ်ဦး ဖြစ်ပြီး ခင်မြရင်ကိုယ်တိုင် မောင်ဉာဏ်ဂင်းကို ချစ်အဖြေပေးမယ်လို့ ကြံရွယ်ထားပြီးသားဗျ၊ အခုတော့ သူခမြာအချိန်နှောင်း သွားရှာတယ်``ဟုဆိုလိုက်ရာကျွန်ုပ်က စိတ်မကောင်းဟန်ဖြင့်``ဪ..ဒါကြောင့်လည်း ခင်မြရင်ခမြာသူ့ရဲ့ မတော်လိုက်ရတဲ့ ချစ်သူရဲ့ အုတ်ဂူမှာ ဂမ်းပန်းတနည်း လာငိုနေတာကိုး``ဟု ရေရွတ်လိုက်လေ၏။ စုံထောက်ဦးပေါ်ဦးကြီးက``ဒါဆို အလှပဂေးလေးက ချစ်သူ မရှိလို့ ဂမ်းနည်းကြေကွဲနေတာကိုး၊ဟား.. ကိုအောင်ဒင် ကျုပ်တို့တော့ ကံဇာတာတက်လာပြီ ထင်တယ်``ဟုပြောလေ၏။ ကိုမင်းအောင်က``ကျုပ်စကားမဆုံးသေးဘူးဗျ၊ ဒီအုတ်

www.burmeseclassic.com


ဌ အသစ်စက်စက်လေးနဲ့မနီးမဝေးမှာ နောက်ကောလိပ်ကျောင်းသား တစ်ယောက်ရဲ့ အုတ်ဂူရှိသေးတယ်``ဟုပြောလေရာ ကျွန်ုပ်က မျက် မှောင်ကြုတ်ပြီး``လွန်ခဲ့တဲ့လက သေဆုံးသွားတဲ့ ပန်းချီဆရာ မောင် ဖေခင်ရဲ့ အုတ်ဂူထင်တယ် ကိုမင်းအောင်``ဟုဆိုလိုက်၏။ထိုအခါ ကိုမင်းအောင်က ခေါင်းညိတ်လိုက်ပြီး`ဟုတ်တယ်၊ အိုင်ပီ ဒီဂူဟာ သမိုင်းကျောင်းသား မောင်ဖေခင်ရဲ့ အုတ်ဂူပဲ၊ ထူးဆန်းမှုတစ်ခုက မောင်ဖေခင် နဲ့ မောင်ဉာဏ်ဝင်း နှစ်ယောက်စလုံးဟာ ခင်မြရင် ဆိုတဲ့ ကျောင်းသူလေးကို ချစ်ခွင့်ပန်ခဲ့တဲ့ သူတွေပဲ``ဟုပြောလိုက်လေ၏။ ဦးပေါ်ဦးကြီးက ပခုံးတွန့်ပြီး``အမလေး..တိုက်ဆိုင်လိုက်တာ``ဟု ရေရွတ်လိုက်လေ၏။ ကိုမင်းအောင်က ဆက်လက်ပြီး``ဒီထက်ပိုပြီး တိုက်ဆိုင်တာက သူတို့နှစ်ယောက်စလုံးကို ခင်မြရင်ကချစ်အဖြေပေး မယ်လို့ ကြံရွယ်ကာနီးမှ တိုက်တိုက်ဆိုင်ဆိုင် အသတ်ခံလိုက်ရတာပဲ ဟုဆိုလိုက်ရာ ကျွန်ုပ်ကအထိတ်တလန့်ဖြင့်``ဟင်.ဒါဆိုရင် လူသတ် သမားက ခင်မြရင်ကို ကြိုက်နစ်သက်နေတဲ့ လူတစ်ယောက်ပဲဖျ။ဒါကို ကိုမင်းအောင်က ဘယ်လိုသိလဲဗျာ``ဟုမေမြန်း၏။ကိုမင်းအောင်က ``မောင်ဉာဏ်ဝင်းရဲ့ ဒိုင်ယာရီထဲက စာကြောင်းတစ်ကြောင်းမှာ ရေး

www.burmeseclassic.com

...သားထားတာကို ဖတ်ကြည့်ရင် ပေါ်လွင်စေတယ်ဗျ၊ ဒိုင်ယာရီထဲက ...အကြောင်းကို ကိုစိန်မြင့်တို့လူစု မတွေ့သွားတာခင်မြရင် တော်တော် ...ကောင်းသွားတယ်`` ဟုပြောလေရာ ဦးပေါ်ဦးက ``ခင်မြရင် လေး ...တော်တော်ဆိုးတယ်နော်၊သူ့ခမြာ မေတ္တာမျှမယ်မကြံသေးဘူး၊သူ့ ...ချစ်သူလောင်းတွေ တစ်ယောက်ပြီးတစ်ယောက် သေနေရတယ်ဗျာ၊ ...ကိုမင်းအောင်အမှုကို ဘယ်လို မြင်သလဲ``ဟုမေးမြန်းလေ၏။

ကိုမင်းအောင်က ``ကျွန်တော် ခင်မြရင်နဲ့ တွေ့ပြီး မေးချင်သေးတယ်`` ဟုပြောပြီး ဇရပ်ပေါ်မှ ခြေလှမ်းကြဲကြီးဖြင့် ဆင်းသွားလေ၏။ ကျွန်ုပ်နှင့် ဦးပေါ်ဦးသည် ကိုမင်းအောင်ကို ဇရပ်ပေါ်မှာပင် စောင့်ကြည့်နေသလေ၏။ ကိုမင်းအောင် အုတ်ဂူအနီးသို့ ရောက်သောအခါ ခင်မြရင်က ...ည့်ကြည့်ပြီးမျက်မှောင်ကြုတ်ကာ ``ရှင် ဘယ်သူလဲ``ဟုမေးမြန်းလေ၏။ ကိုမင်းအောင်က ``ကျုပ်က... အင်းစိန် စီအိုင်ဒီက စုံထောက်တစ်ယောက်ပါ ဆားပုလင်းမင်းအောင် လို့ခေါ်ပါတယ်``ဟုဆိုလိုက်ရာ ခင်မြရင်သည် ကိုမင်းအောင်၏ အမည်ကို ကြားဖူးနား၀ ရှိဟန်ဖြင့် ``ဟင်..ဆားပုလင်းမင်းအောင်..ရှင်က နံမည်ကြီးပဲ ကြားဖူးပါတယ်`` ဟုဆိုလိုက်၏။ကိုမင်းအောင်က ``ခင်မြရင်ကို မောင်ဉာဏ်ဝင်းဆိုတဲ့

www.burmeseclassic.com

နေ့ကတည်းက ကျုပ်လာတွေ့ချင်နေတာ၊ ဒါပေမဲ့ ခင်မြရင်ရဲ့ သိက္ခာ ကိုထိပါးမှာ စိုးလို့ အပြင်မှာပဲ သီးသန့်တွေ့ဆုံဖို့ ဆုံးဖြတ်လိုက်တယ်`` ဟုဆိုလိုက်ရာ ခင်မြရင်က ခေါင်းငုံ့ပြီး ``မြရင်ကို ဘာလို့ တွေ့ချင်တာ လဲ``ဟုမေးမြန်းလေ၏။ ကိုမင်းအောင်က သက်ပြင်းချရင်း

``စိတ်မကောင်းပါဘူး ခင်မြရင်.. သေသူမောင်ဉာဏ်ဝင်းရဲ့ ဒိုင်ယာရီ ကို ကျုပ်ဖတ်ခွင့်ရခဲ့တယ်၊ မောင်ဉာဏ်ဝင်းဟာ ဒိုင်ယာရီထဲမှာ သူ့ရဲ့ ခံစားချက်တွေကို ရေးဖွဲ့ထားတယ်``ဟုပြောလေရာ ခင်မြရင်သည် စိတ်ထိခိုက် ကြေကွဲဟန်ဖြင့် မျက်လုံးအစုံမှ မျက်ရည်များကျဆင်း လာလေ၏။ခင်မြရင်က ရှိုက်ငင်လိုက်ရင်း ``ဘာဖြစ်လို့ ဒီလိုဖြစ်ရတာ လည်းဟင်၊ကျွန်မဘဝမှာ ဘာဖြစ်လို့ ဒီလောက်ကံဆိုးနေရတာလဲ`` ဟုမချိတင်ကဲ ရေရွတ်လိုက်လေ၏။ကိုမင်းအောင်က ``စိတ်အေးအေး ထားပါ ခင်မြရင် ကျုပ်ကို ဒီအကြောင်းတွေ အေးအေးဆေးဆေး ပြော ပြပါလား၊ အကူအညီ ပေးချင်လို့ပါ``ဟုမေးမြန်းလေ၏။ ခင်မြရင်က သက်ပြင်းချပြီး ``ကျွန်မလည်း နားလည်တတ်ကျွမ်းသူ တစ်ယောက် ယောက်ကို အကူအညီတောင်းချင်နေတာ ကြာပါပြီ၊ ကျွန်မကြုံလာရ တဲ့ အဖြစ်တွေက ဆိုးလွန်းလို့ပါ၊ ကျွန်မတို့ တစ်နေ့ကို သွားရင်

www.burmeseclassic.com

www.burmeseclassic.com


ကောင်းမလား``ဟုဆိုလိုက်ရာ ကိုမင်းအောင်က ခေါင်းညိတ်ပြီး``ကျုပ် နေအိမ်ရှိတဲ့ အမှတ်(၇)အသောကလမ်း ကျောက်မြောင်းကိုသွားရင် ကောင်းမယ်၊ ကျုပ်ရဲ့ ကားနောက်လိုက်ခဲ့ပါ``ဟုဆိုလိုက်ရာ ခင်မြရင်က ကိုမင်းအောင် အနောက်က လိုက်ရန် သဘောတူလေ၏။ ထိုနောက် ကိုမင်းအောင်က ကျွန်ုပ်တို့ကို ခေါ်ပြီး ကျောက်မြောင်းရပ် အသောကလမ်း သို့ သွားလေ၏။ အသောကလမ်းရှိ ကိုမင်းအောင်၏ နေအိမ်သို့ ရောက်သောအခါ ကိုမင်းအောင်က ခင်မြရင်နှင့် ကျွန်ုပ်တို့ကို မိတ်ဆက်ပေးပြီး``ဒီလူတွေဟာ ကျုပ်ရဲ့ အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဘက်တွေပါ၊ သူတို့ရှေ့မှာ ကိုယ်ပြောချင်တာကို လွတ်လွတ်လပ်လပ် ပြောနိုင်ပါတယ်``ဟုဆိုလိုက်၏။ ခင်မြရင်က ကျွန်ုပ်တို့ နှစ်ဦးကို ညှိုးငယ်သော မျက်နှာလေးဖြင့် ကြည့်ပြီး ခေါင်းညိတ်ပြကာ သူမ၏ နောက်ကြောင်းကို စလေ၏။``ကျွန်မက ကောလိပ်မှာ လူသိများထင်ရှားတဲ့ ကျောင်းသူတစ်ယောက် ဆိုတော့ ကျွန်မရဲ့ မေတ္တာကိုတောင်းခံတဲ့ ယောကျ်ားတွေ တော်တော်များခဲ့ပါတယ်၊ ဒီနှစ်က ကောလိပ်ကျောင်းရဲ့ နောက်ဆုံးနှစ် ဆိုတော့ ကျွန်မဘဝအတွက် ကြင်ဖော်ရှာဖို့ အချိန်ကျပြီလေ၊ ဒါကြောင့် ကျွန်မကို ဝန်းရံနေတဲ့ ယောကျ်ားတွေထဲ


www.burmeseclassic.com

www.burmeseclassic.com

က တစ်ယောက်ကို ရွေးဖို့အချိန်ရောက်လာလို့ ရွေးဖို့ ဆုံးဖြတ်ခဲ့တယ် ဒီလို ဆုံးဖြတ်တဲ့အခါ သမိုင်းကျောင်းသားကိုဖေခင်နဲ့ ကိုဉာဏ်ဝင်းကို ရွေးခြယ်ခဲ့တယ်၊ ကိုဉာဏ်ဝင်းက ကျွန်မနဲ့ ဇာတိမြို့တစ်မြို့တည်းက ကြီးပြင်းလာခဲ့တဲ့သူပါ၊ကိုဖေခင်ကတော့ ကျွန်မကို အင်မတန်တန်ဘိုး ထားပြီး ချစ်မြတ်နိုးတယ်လို့ ယူဆတယ် ဒါကြောင့် ကိုဖေခင်ကိုဦးစား ပေးပြီး ကျွန်မရဲ့လက်တွဲဖော်အဖြစ် ရွေးခဲ့တယ်၊ ဒါပေမဲ့ ကိုဖေခင် ကံ ဆိုးပါတယ်၊ ကျွန်မသူ့ကို အဖြေပေးမဲ့ရက် မတိုင်မီမှာကိုဖေခင်ဆုံးပါး သွားခဲ့တယ်၊ ကိုဖေခင် သေဆုံးတုန်းကတော့ ကျွန်မနဲ့ ပတ်သက်တဲ့ တိုက်ဆိုင်မှုလို့ ယူဆခဲ့တယ်၊ ကိုဖေခင် သေဆုံးပြီးတော့ ကျွန်မရဲ့ ဒုတိယဦးစားပေး အနေနဲ့ ကိုဉာဏ်ဝင်းကို ချစ်အဖြေပေးဖို့ ဆုံးဖြတ်ခဲ့ မိတယ်၊နောက်..ကျွန်မ အဖြေပေးကာနီး တစ်ရက် အလိုရောက်တော့ မှ ကိုဉာဏ်ဝင်းကို ဆုံးရှုံးရတော့ ဒါ တိုက်ဆိုင်မှု မဟုတ်တော့ဘူး တစ်စုံတစ်ယောက်က အစီအစဉ်တကျလုပ်ကြံနေသလားလို့ သံသယ ဖြစ်စရာ ဖြစ်လာတယ်``ဟုပြောလေရာ ကိုမင်းအောင်ကခေါင်းညိတ် ပြီး``ခင်မြရင် ထင်တာတွေ ဖြစ်နိုင်ပါတယ်၊ဒါကြောင့်လည်း ကျွန်တို့ လာတွေ့ပြီး မေးမြန်းရတာ ဖြစ်တယ်၊ ခင်မြရင်ရဲ့ ဘဝနောက်ကြောင်း


www.burmeseclassic.com

www.burmeseclassic.com


တို ပြောပြပါလား``ဟုမေးမြန်းလေ၏။ ခင်မြရင်က``ကျွန်မ အဖေ တ မြစ်ဂကျွန်းပေါ်ဘက်က စက်သူဌေး တစ်ဦးပါ၊ အမေက အထက် မြန်မာပြည်ကပါ၊ လွန်ခဲ့တဲ့ ၅နှစ်လောက်က အမေနဲ့ ဆွေမျိုးတစ်စုလုံး ဘုရားဖူးရင်း သင်္ဘောမှောက်ရာက ဆုံးရှုံးခဲ့ပါတယ်၊ အဖေဟာ ကျွန်မ တို ချစ်လွန်းလို့ မုဆိုးဖိုဘဝနဲ့ပဲ ကျွန်မကို တသက်လုံး ကျွေးမွေးပြုစုခဲ့ တယ်၊ ကျွန်မ အလယ်တန်းကျောင်းသူဘဝမှာ အဖေ့မှာ နှလုံးရောဂါ ဝေဒနာစွဲကပ်ပြီး ထဖြည်းဖြည်း ရောဂါ ဝေဒနာက ဆိုးဝါးလာတယ်၊ ဒီ အချိန်မှာပဲ အဖေ့ရဲ့ ပျောက်ဆုံးနေတဲ့ ညီဖြစ်သူ ဦးရွှေကောင်းဟာ အဖေ့ဆီကို မမျှော်လင့်ဘဲ ရောက်လာခဲ့တယ်။ ဦးရွှေကောင်း ငယ်စဉ် တုတည်းက မိဘ စကားနားမထောင်လို့ မိဘတွေက အိမ်က မောင်း ထုတ်ခြင်း ခံခဲ့ရတယ်။ အခု အဖေ့မနာမကျန်း ဖြစ်နေစဉ် ဦးလေး ပြန် ရောက်လာတော့ အဖေကကျွန်မကို ဦးလေးလက်အပ်ပြီး ဘဝတစ်ပါး တို ပြောင်းသွားတယ်၊ဒါကြောင့် ကျွန်မဘဝဟာ ဦးလေးရဲ့ ထိမ်းကွပ် မှုအောက်မှာ ကြီးပြင်းခဲ့ရတယ်``ဟုပြောလေရာ ကိုမင်းအောင်က စိတ်ဝင်တစား နားထောင်နေရာမှ``အခု ခင်မြရင်က ဦးလေးနဲ့ တူတူ နေတာလား``ဟုမေးမြန်းလေ၏။ ခင်မြရင်က ခေါင်းခါပြီး


www.burmeseclassic.com

www.burmeseclassic.com

``မနေပါဘူး ဦးလေးက သူ့ဂါသနာပါတဲ့ နတ်ဂင်သည်အလုပ်ကို လွတ်လွတ်လပ်လပ် လုပ်ချင်တယ်ဆိုပြီး ကျောက်မြောင်း ဓမ္မဂိဟာ လမ်းမှာ သွားနေပါတယ်``ဟုပြော၏။ ကိုမင်းအောင်က ခေါင်းညိတ် ပြီး``ခင်မြရင်နဲ့ အဆက်အသွယ် ဘယ်လိုရှိသလဲ``ဟုမေးမြန်းလေ ၏။ခင်မြရင်က``ကျွန်မ ကျောင်းပိတ်တဲ့နေ့တွေမှာ ဦးလေး အိမ်ကို လာလေ့ရှိတယ်၊ နောက်ပြီး ကျွန်မအိမ်မှာ ဦးလေးရဲ့လူယုံ မတင်ရွှေ ဆိုတဲ့ မိန်းမ အတူရှိနေတယ်၊ မတင်ရွှေက တစ်ဆင့် အိမ်အကြောင်း တွေကို ဦးလေးက မျက်ခြေမပြတ် သိနေနိုင်တယ်``ဟုပြောလေ၏။ ကိုမင်းအောင်က သက်ပြင်းချပြီး``ဒါဆိုရင် ခင်မြရင်ရဲ့ တိုးတိုးဖော် တိုင်ပင်ဖက်ဟာ မိန်းကလေးဟာ မတင်ရွှေလို့ ဆိုနိုင်မလား``ဟုဆို လိုက်လေရာ ခင်မြရင်က ခေါင်းညိတ်ပြလေ၏။ ကိုမင်းအောင်က မိမိ စိတ်တိုင်းကျ မေးမြန်းလိုက်ဟန်ဖြင့်``ရပါပြီ၊ ဒီကိစ္စကို ကျုပ် ဖြေရှင်း ပေးပါ့မယ်၊ ခင်မြရင် ပြန်ရင်ပြန်နိုင်ပါပြီ၊``ဟုဆိုလိုက်၏။ခင်မြရင်က ``အားကိုးပါတယ်ရှင် ဒီပြဿနာကြီးကြောင့် ကျွန်မ တော်တော်ဒုက္ခ ငရဲရောက်နေတာပါ``ဟုပြောရင်း အိမ်ပေါ်မှ ဆင်းသွားလေ၏။

www.burmeseclassic.com


စုံထောက်ဦးပေါ်ဦးကြီးက ခင်မြရင်၏ နောက်ကျောကို ကြည့်ပြီး ``ဘော်ဒီပုံစံ လေးကတော့ စင်းနေတာပဲဗျို့ အပြစ်ပြောစရာမရှိဘူး ဟားသင့်တဲ့နေရာကား စွင့်သင့်တဲ့နေရာစွင့်``ဟုဆိုလိုက်ရာ ကျွန်ုပ်တလည်း သူမ၏ နောက်ပိုင်းကိုကြည့်ပြီး ``ဟုတ်ပဗျာ``ဟုအားတက်သရော ထောက်ခံလိုက်လေ၏။ ကိုမင်းအောင်ကမူ ခင်မြရင်ကို စိတ်ဝင်စားဟန် မရှိဘဲ``ကျုပ်တို့ ကျောက်မြောင်း မွေ့ဂိဟာရလမ်းဘက်ခဏ သွားကြည့်ကြရအောင်``ဟုဆိုလိုက်ရာ ကျွန်ုပ်က``ခင်မြရင်ရဲ့ဦးလေး နတ်ဂင်သည် ကိုရွှေကောင်းကို သွားကြည့်မလို့ထင်တယ်``ဟုဆိုလိုက်ရာ ကိုမင်းအောင်က``ဟုတ်တယ်ဗျာ ကျောက်မြောင်းကတနားစီးတွေထဲမှာတော့ ကိုရွှေကောင်းကတော့ နံမည်သတင်း ထွက်တယ်၊ကျုပ်တို့ သူ့ကို သွားအကဲခတ်ကြမယ်``ဟုပြောကာ ကားကို ကျောက်မြောင်းဘက်သို့ မောင်းနှင်ခဲ့လေ၏။ မွေ့ဂိဟာရလမ်းထိပ်သို့ ရောက်သောအခါ နတ်ဒိုးသံများကို ကြားရသဖြင့် ကိုမင်းအောင်က နတ်ကနားပွဲ ရှိတယ်ထင်တယ်၊ကျုပ်တို့ အတွက် ရေကန်အသင့် ကြာတန်အသင့် ပေါ့ဗျာ``ဟုဆိုလိုက်ပြီး ကားကို လမ်းထဲသို့ ဆက်လက်မောင်းနှင်ခဲ့၏။ ထိုအခါ လမ်းအလယ်ပိုင်းရှိ နတ်ကနားပွဲ ကျင်းပရာ

www.burmeseclassic.com


အိမ်တစ်အိမ် ရှေ့တွင် မဏ္ဍပ်ထိုးပြီး နတ်ပွဲပြုလုပ်နေကြောင်း တွေ့ရ လေ၏။ ကိုမင်းအောင်က ကနားပွဲနှင့် မနီးမဝေးတွင် ကားကိုရပ်လိုက် ပြီး``ဒီအိမ်ဟာ ကနားစီးရွှေကောင်းရဲ့ အိမ်ပဲဗျ။ကျုပ်တို့ ကားပေါ်က ပဲ ကြည့်ပြီး ပြန်တော့မယ်``ဟုပြောရာ ကျွန်ုပ်က``ကိုမင်းအောင် ကို ကြည့်ပြီး``ကနားစီးရွှေကောင်းကို ကြည့်မယ်ဆို ကိုမင်းအောင် ပြန်တော့မလို့လား``ဟုမေးမြန်းလေ၏။ကိုမင်းအောင်က ခေါင်းညိတ် ပြီး``နတ်ပွဲမှာ ခါတ်ပုံရိုက်နေတာ ကျုပ်နဲ့ခင်မင်တဲ့ ခါတ်ပုံမောင်ပွဗျ။ မောင်ပွ ဆီမှာ သွားကြည့်ရင် ကျုပ်သိချင်တာ အကုန်သိရမယ်``ဟု ပြောလေရာ ကိုမင်းအောင်၏ ရည်ရွယ်ချက်ကို ရိပ်စားမိသွားလေ၏။ ထိုနောက်တွင်မှ ကျွန်ုပ်တို့ စုံထောက်ကျော်များသည် နတ်ကနားပွဲပြု လုပ်ရာ မဏ္ဍပ်ဟာရလမ်းမှ ပြန်လည် ထွက်ခွါလာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်ခန့်ကြာသောအခါ အင်းစိန်စီအိုင်ဒီ ရုံးခန်း၌ ကျွန်ုပ်တို့ လူစုရောက်တတ်ရာရာ စကားများကို ပြောဆိုနေစဉ်တွင် ပြာတာမောင်ရွှေရောက်ရှိလာပြီး ``ဆရာတို့ရေ မင်းကြီး ဆူနေပြီဗျို့ လဘက်ခြောက်ခပ်ရအောင် အမြန်ဆုံးလာကြပါ``ဟုဆိုသဖြင့် ကျွန်ုပ်တို့စုံထောက်ကျော်များ ကျောချမ်းသွားပြီး မင်းကြီး၏ ရုံးခန်းထဲသို့ ဝင်ရောက်ခဲ့၏ ရုံးခန်းထဲသို့ ရောက်လျှင် မင်းကြီးက`လူကလေးတို့ ရန်ကုန်မြို့ကြီးမှာ လူတွေ အရှိုင်းစိတ်ဝင်ကုန်ပြီလား၊ အားတိုင်း လူတွေ[illegible]ယောက်

www.burmeseclassic.com

www.burmeseclassic.com


နဲ့ တစ်ယောက် သတ်ကုန်ပြီ ကျွန်ုပ်အလုပ်ကနုတ်ထွက်ပြီး အင်္ဂလန်ကို ဖင်လှန်ပြီး ပြန်ရတော့မယ်၊ ဂျက်ဆင် ကောလိပ်ထဲမှာကျူးလွန်တဲ့ လူသတ်မှုတွေလည်းအမှု တစ်မှုမှ တရားခံကို ရှာလို့မတွေ့သေးဘူး.. ကောလိပ်ကျောင်းသားတွေ စာမသင်ဘဲ ဘာကြောင့် တစ်ဦးနဲ့ တစ်ဦး သတ်ဖြတ်နေကြတာလဲ၊ ရီးစားလုပြီး သတ်နေကြတာလား၊ပြောကြပါ အခုလည်း ကျောက်မြောင်းထဲက နတ်ဂင်သည် တစ်ယောက်အသတ်ခံရပြန်ပြီ၊လူသတ်သမားက နတ်ဂင်သည်ကို သတ်တာတောင် မကျေနပ်နိုင်သေးဘူး။ အလောင်းကို မီးနဲ့ရှို့သွားသေးတယ်၊တော်တော်ရက်စက်တဲ့ လူသတ်သမားပဲ၊ နံမည်ကျော် ဆားပုလင်းမင်းအောင်လည်း အမှုတွေ ဖြစ်ပွါးပြီးမှ ကျွန်ုပ်ဆီကို ရောက်မလာတော့ဘူး။ သူဘာတွေ လုပ်နေသလဲ ကျွန်ုပ်မသိဘူး၊ ခရီးတွေထွက်နေပြန်ပြီလား၊ ဒါမှမဟုတ် လူဆိုးတွေနဲ့ လိုက်တမ်း ပြေးတမ်း ကစားနေသလား၊ ဘာမှမသိဘူး ဆားပုလင်းမင်းအောင်ကို အမြန်ဆုံးရှာပြီး နတ်ဂင်သည် လူသတ်မှုကို စုံစမ်း ထောက်လှမ်းကြပါ၊ တရားခံကို အမြန်ဆုံး ဖမ်းမပေးရင် ကျွန်ုပ် အင်္ဂလန်ကို ဖင်လှန်ပြီး ပြန်ရတော့မယ် နားလည်လား``ဟု ခုစရာမရှိအောင် ဆူပူကြိမ်းမောင်းပြီး ကျွန်ုပ်တို့ကို မောင်းနှင်လိုက်၏။


www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်နှင့် ဦးပေါ်ဦးလည်း စီအိုင်ဒီ ရုံးခန်းတွင် မနေပဲတော့သဖြင့် ကို မင်းအောင် ရှိရာ ကျောက်မြောင်းသို့ သွားရန် ဆုံးဖြတ်လိုက်လေ၏။

ကျွန်ုပ်တို့စုံထောက်ကျော်နှစ်ယောက်သည် ဆားပုလင်းမင်းအောင်၏ အမှတ် ၇ အသောကာလမ်းနေအိမ်သို့ ထွက်ခဲ့လေ၏။ အိမ်သို့ရောက် သောအခါ ကိုမင်းအောင်ကို အဆင်သင့် တွေ့ရပြီး၎င်းက ``ကနားစီး ရွှေကောင်းတော့ သွားပြီဗျို့``ဟုဆိုလိုက်ရာကျွန်ုပ်တို့ စုံထောက်များ မျက်လုံးပြူး သွားပြီး ကျွန်ုပ်က ``အမှုကတော့ ရှုပ်သည်ထက်ရှုပ်လာ ပြီဗျို့ ပြသာနာပဲ``ဟု ငြီးတွားလိုက်ရာ ဦးပေါ်ဦးက ``အမလေးဗျား ကျုပ်တို့ ဉာဏ်နဲ့ မမီတော့ဘူးဗျ ကိုမင်းအောင်ကိုပဲ အားကိုးပါတယ်

www.burmeseclassic.com

www.burmeseclassic.com


ဟုပြော၏။ကိုမင်းအောင်က ကားကို ကိုယ်တိုင် မောင်းနှင်ပြီးမှုခင်းဖြစ်ရာ နေရာသို့ ထွက်ခဲ့လေ၏။ ကနားစီး ရွှေကောင်း၏ နေအိမ်ရှေ့သို့ ရောက်သောအခါ လူများ ဝိုင်းအုံနေကြပြီး တာမွေဂတ်မှ ပုလိပ်များကိုလည်းတွေ့ရ၏။ ပုလိပ်များက ကျွန်ုပ်တို့ စုံထောက်များကို ခရီးဦးကြိုပြီး အခင်းဖြစ်ပွါးရာသို့ ခေါ်ဆောင်သွားလေ၏။ ကနားစီး ရွှေကောင်း၏ အိမ်အနောက်ဘက် မီးဖိုဆောင်ကို မီးများလောင်ကျွမ်းထား၏။ အနောက်ဘက်မြေကွက်လပ်သို့ ရောက်သောအခါ မီးလောင်ခံထားရသော အလောင်းတစ်လောင်းကို မြင်တွေ့ရလေ၏။ အလောင်းတစ်ခုလုံး မီးလောင်ခံရသဖြင့် ခန္ဓာကိုယ်၏ တစ်စိတ်တပိုင်းသာ အကောင်းအတိုင်း ကျန်ရစ်ခဲ့၏။ ကျွန်ုပ်နှင့် ဦးပေါ်ဦးက အလောင်းကို မကြည့်ဝံ့သဖြင့် ခေါင်းကိုလွှဲလိုက်လေ၏။ ကိုမင်းအောင်ကမူ အလောင်း၏ အနီးတွင် ဝင်ထိုင်လိုက်ပြီး အလောင်းကို အသေအချာ စစ်ဆေးနေ၏ ပြီးနောက် ထိုင်ရာက ထလိုက်ပြီး အိမ်ပတ်ဝန်းကျင်ကို ဆက်လက်စစ်ဆေးပြန်၏။ အိမ်ပတ်ဝန်းကျင် စစ်ဆေးပြီးသောအခါ အိမ်ပေါ်သို့ ရှေ့မှ ဦးဆောင်ပြီး တက်သွားလေ၏။သေသူသည် ကနားစီးတစ်ယောက်ဖြစ်သဖြင့် အိမ်ရှေ့တွင် နတ်ရုပ်များ အစီအရီ ရှိနေလေ၏။ ထိုအရုပ်

www.burmeseclassic.com

www.burmeseclassic.com


များ အနီးတွင် မိန်းမလျာဖြစ်ဟန် ရှိသော လူငယ်နှစ်ဦး ကို တုန်လှုပ်ချောက်ချားဟန်ဖြင့် တွေ့ရလေ၏။ ကိုမင်းအောင်သည် မိန်းမလျာကို လက်ယပ်ခေါ်ပြီး ကနားစီးရွှေကောင်း အိပ်ခန်းကို လိုက်လံ ပို့ဆောင်နိုင်းလေ၏။ ရွှေကောင်း၏ အခန်းသည် အိမ်၏ အပေါ်ထပ်တွင်ရှိနေသည်ကတစ်ကြောင်း ကျွန်ပ်နှင့်ဦးပေါ်ဦးသည် ကိုမင်းအောင်ကိုသာ အားကိုးသည်က တစ်ကြောင်းတို့ကြောင့် အိမ်ပေါ်ထပ်သို့လိုက်မသွားဘဲ အော...ါထပ်၌သာ နတ်ရုပ်များကို လျှောက်ကြည့်ရင်း နေရစ်ခဲ့၏။ အခန်းထဲတွင် ကိုမင်းအောင်သည် ကိုရွှေကောင်းနှင့် အတူနေထိုင်သူ မိန်းမလျာလူငယ်နှစ်ဦးကို အနီးသို့ခေါ်ပြီး လူသတ်မှု ဖြစ်ပွါးပုံကို မေးမြန်းနေ၏။ မိန်းမလျာလူငယ်နှစ်ယောက်မှာ အထိတ်ထိတ် ဖြင့်ဖြေဆိုနေလေ၏။ ကိုမင်းအောင်က အိမ်ပတ်ဝန်းကျင်ကို လှည့်ကြည့်၏။ ခဏကြာလျှင် ကိုမင်းအောင် ပြန်ရောက်လာပြီး ``ကျုပ်စစ်ဆေးပြီးပြီ ပြန်တော့မယ်`` ဟုဆိုကာ ပုလိပ်များကို မှကြားပြီး အိမ်မှ ထွက်ခဲ့လေ၏။ အပြန်လမ်း၌ ကိုမင်းအောင်က ``အမှုကတော့ ကျုပ်ထင်ထားတာထက် အများကြီး ပိုရှုပ်ထွေးနေပြီ၊ဒါဟာ တော်တန်ရုံ လူသတ်မှုလေး မဟုတ်တော့ဘူး`` ဟုဆိုလိုက်ရာ အမှုနှင့် ပတ်သက်ပြီး စိတ်ဝင်စားမှု

www.burmeseclassic.com

www.burmeseclassic.com

နည်းပါးသူများပီပီ ကျွန်ုပ်က ``ဘယ်လောက်ရှုပ်တဲ့အမှုဖြစ်ဖြစ် အဆုံးကျရင်တော့ ကိုမင်းအောင် တရားခံကို ဖမ်းပေးနိုင်မှာပါဗျာ``ဟုပြောလေ၏။စုံထောက်ဦးပေါ်ဦးကြီး ကလည်း လက်မထောင်ပြီး``ဒီစကားကို ကျုပ်အကြွင်းမဲ့ ထောက်ခံတယ်ဗျို့၊ကိုမင်းအောင် လိုက်ရင် မပေါ်တဲ့အမှုဆိုတာ မရှိဘူး``ဟုချီးမွမ်း၏။ကိုမင်းအောင်ကမူတစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေဟန်ဖြင့် ငြိမ်သက်နေလေ၏။ထိုနောက် ကိုမင်းအောင်က ``ကားပေါ်တက်ကြဗျို့ ကျုပ်တို့ သွားစရာနေရာရှိသေးတယ်၊``ဟုဆိုလိုက်ရာ ကျွန်ုပ်တို့ ကားပေါ်တက်လိုက်ကြလေ၏ ဦးပေါ်ဦးကြီးက ကားပေါ်သို့တက်လိုက်ရင်း``ဘယ်ကိုသွားမှာလဲဗျ`` ဟုမေးမြန်းလေ၏။ကိုမင်းအောင်က``ကျုပ်ရဲ့ မိတ်ဆွေဓါတ်ပုံဆရာ.. မောင်ပွ အိမ်ကိုသွားမလို့ဗျ၊ မောင်ပွဆီမှာ ကနားစီးရွှေကောင်းရဲ့ပုံတွေရှိတယ်ဗျ``ဟုဆိုလေ၏။ ဓါတ်ပုံဆရာမောင်ပွ နေထိုင်ရာဩဘာလမ်းသို့ ကားကို မောင်းနှင်ခဲ့လေ၏။ မောင်ပွ၏ ဓါတ်ပုံဆိုင်သို့ရောက်သောအခါ ကိုမင်းအောင်က မောင်ပွအား``နတ်ပွဲက ဓါတ်ပုံအားလုံး ကျုပ် ကြည့်ချင်တယ်``ဟုဆိုလိုက်ရာ မောင်ပွက ခေါင်းကုတ်ပြီး`` ဓါတ်ပုံရိုက်ပြီး ရွေးမဲ့သူ မရှိလို့ စိတ်ညစ်နေတာ ကိုမင်းအောင်`ဟုဆို

www.burmeseclassic.com

လေရာ ကိုမင်းအောင်က သဘောပေါက်ဟန်ဖြင့် ``ဓါတ်ပုံဖိုး ကျသင့်ငွေကို ကျုပ်ပေးပါ့မယ်၊ ကျုပ် ဓါတ်ပုံ အားလုံးကိုလိုချင်တယ်``ဟုဆိုလိုက်ရာ ဓါတ်ပုံဆရာက ဓါတ်ပုံအားလုံး ကူးပေးမည် ဖြစ်ကြောင်းဆိုလေ၏။ ထိုနောက် ကျွန်ုပ်တို့ စုံထောက်ကျော်များသည် ဩဘာလမ်းထိပ်ရှိ ကာကာဆိုင်၌ ခေတ္တသွားထိုင်စောင့်လေ၏။ အတန်ကြာသောအခါ မောင်ပွထံမှ ဓါတ်ပုံများကို ရသဖြင့် သွားယူပြီး ကြည့်ရှုလေ၏။ ကိုမင်းအောင်သည် စက္ကူအိတ်ထဲရှိ ဓါတ်ပုံများကိုတစ်ပုံချင်း စိတ်ရှည်လက်ရှည် ကြည့်ပြီးနောက် ``ကျုပ်ထင်တဲ့အတိုင်း မှန်နေပြီ၊ တရားခံက နစ်ပေါက် တစ်ပေါက် ရှိက်သွားပြီ``ဟုဆိုလေရာ ကျွန်ုပ်က မျက်မှောင်ကြုတ်လိုက်ပြီး ``ဘာတွေများနစ်ပေါက် တစ်ပေါက်ရှိက်သွားတာလဲ ကိုမင်းအောင်``ဟုမေးမြန်းလိုက်လေ၏။ ကိုမင်းအောင်က သက်ပြင်းချလိုက်ရင်း ``ကျုပ်တို့ တစ်ခုခု စားရင်း ပြောကြရအောင်`` ဟုဆိုကာ ကျွန်ုပ်တို့အား မအူကုန်းဘက်ရှိ ချစ်တီးထမင်းဆိုင်ကြီးသို့ ခေါ်ဆောင်သွားပြီး နေ့လယ်စာ စားသောက်ကြ၏။ ကိုမင်းအောင်က ဓါတ်ပုံဆရာ မောင်ပွထံမှ ရရှိခဲ့သော ဓါတ်ပုံများကို စားပွဲပေါ်သို့ ဖြန့်ချလိုက်ရာ နတ်ကနားပွဲ ကနေသောကနားစီး ရွှေကောင်း၏ ဓါတ်ပုံများ

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ရလေ၏။ ကိုမင်းအောင်က ကိုရွှေကောင်း၏ ဓါတ်ပုံများထဲ ပုံ တစ်ပုံကို ထောက်ပြလိုက်ပြီး ``ဟောဒီ ပုံထဲမှာ ကိုရွှေကောင်းရဲ့ လက်ဖျံက ကြက်ခြေခတ်ထားတဲ့ ဓားနှစ်လက်ကို မြင်တယ် မဟုတ် လား``ဟုမေးမြန်းလေ၏။ ကျွန်ုပ်က မြင်ကြောင်း ပြောလိုက်လေ၏ ကိုမင်းအောင်က ခေါင်းညိတ်ပြီး ``ဒါအဖြေပဲဗျ၊ သေသူကိုရွှေကောင်း ရဲ့လက်ဖျံမှာ ကြက်ခြေခတ်ထားတဲ့ ဓားနှစ်လက်ပုံ ဆေးမင်ကြောင် ကို မမြင်ရဘူးဗျ၊ သေသူရဲ့ အလောင်းက မီးသင့်လောင် ထားပေမဲ့ လက်ဖျံမှာ မီးမလောင်ဘဲ ကျန်နေခဲ့တာဗျ၊ ဒါကို ကြည့်ခြင်း အားဖြင့် သေသူဟာ ကနားစီး ရွှေကောင်း မဖြစ်နိုင်ဘူး၊ ကိုမင်းအောင်၏စကား ကြောင့် ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦး မျက်လုံးပြူးသွားပြီးဦးပေါ်ဦး က ခေါင်းကုတ်ရင်း ``ဟင်..ဒါဆိုရင် လူသတ်မှုက ပိုရှုပ်ထွေး သွားပြီ ပေါ့၊ သေသူက နတ်ကတော်ရွှေကောင်း မဟုတ်ဘူးဆိုရင် ဘယ်သူ ဖြစ်မလဲ၊ ရွှေကောင်းက ဘယ်ရောက်သွားသလဲ``ဟုမေးမြန်းလေ၏။ ထိုအခါ ကိုမင်းအောင်က ``ကနားစီး ရွှေကောင်းနဲ့ အတူတူနေခဲ့တဲ့ မိန်းမလျာလေးတွေကို ကျုပ်မေးကြည့်တော့ သေသူရဲ့လည်ပင်းမှာ ဝတ်ဆင်ထားတဲ့ မိုးကြိုးလက်စွပ်ဟာ ကိုရွှေကောင်း အမြဲဆင်မြန်း

www.burmeseclassic.com

ထားတဲ့ လက်စွပ်လို့ ပြောနေကြတယ်။ အလောင်းတစ်ခုလုံးမီးလောင်ကျွမ်းထားလို့ သေသူကို မမှတ်မိနိုင်ဘူး၊သူတို့ကတော့ သေတဲ့သူဟာ သူတို့ ဆရာလို့ပဲ မှတ်ယူနေကြတယ်။ထိုအခါ ကျွန်ုပ်က ဝင်ပြီး``ဒါဆို သေသူက ဘယ်သူလဲ၊ ကနားစီး ရွှေကောင်းက ဘယ်ရောက်သွားလဲ''ဟုမေးမြန်းလေ၏။ ကိုမင်းအောင်က သက်ပြင်းချပြီး ``အခင်းဖြစ်ပွါးတဲ့ နေရာကို ကျုပ် စစ်ဆေးကြည့်တော့ တိုက်ပွဲတစ်ခု ပြင်းထန်စွာ ဖြစ်ပွါးခဲ့တဲ့ အထောက်အထား တွေကို မြင်တွေ့ခဲ့ရတယ်၊ လုပ်ကြံဖို့ ရောက်လာတဲ့ လူသတ်သမားနဲ့ ကိုရွှေကောင်းဟာ တိုက်ပွဲ ပြင်းပြင်းထန်ထန် ဖြစ်ပွါးရင်း တစ်ယောက် ရှင်သန်ပြီး တစ်ယောက် သေတယ်''ဟုပြောလေရာ ကျွန်ုပ်က ဝင်ရောက်ပြီး``ကိုရွှေကောင်းက မိန်းမလျာ တစ်ယောက်လားဗျ''ဟုမေးမြန်းလေ၏။ကိုမင်းအောင်က သက်ပြင်းချလိုက်ပြီး``ကိုရွှေကောင်းက ယောကျ်ားစစ်စစ်ဗျ၊ နတ်ကတော်ပေမဲ့ မိန်းမလျာတစ်ယောက် မဟုတ်ဘူး၊ သူဟာ တိုက်ခိုက်ရေး ပညာရပ်တစ်ခုကို ကျွမ်းကျွမ်းကျင်ကျင် တတ်ကျွမ်းထားတယ်၊ အိမ်နံရံမှာ ကအက်ရာအက်ချက်တွေက သူတို့ရဲ့တိုက်ခိုက်ရေး ပညာအတိမ်အနက်ကို ပြသနေသလိုပဲ၊ ဒီတိုက်ပွဲမှာ တစ်ယောက်သေပြီး တစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com

ရှင်သန်ခဲ့တယ်။ သေသူဟာ ကိုရွှေကောင်း မဟုတ်ဘူးဗျ။ ကံကောင်း
ထောက်မစွာနဲ့ အလောင်းကို မီးမလောင်ဘဲ ကျန်ခဲ့တဲ့ လက်ဖမိုးပေါ်
က ကြက်ခြေခတ်သင်္ကာန် ဓားနှစ်လက်က သက်သေ ပြနေတယ်ဗျ
ရန်သူဟာ ကိုရွှေကောင်းဆီကို မနက်စောစောပိုင်းက ရောက်လာပြီး
သူတို့ နှစ်ယောက် တိုက်ခိုက်ကြတယ်၊ ဒီအချိန်မှာ အိမ်မှာ ဘယ်သူမှ
မရှိဘူး၊ မိန်းမလျာ လူငယ်လေးတွေ ညက သူတို့ အိမ်ပြန် အိပ်တယ်
ကိုရွှေကောင်းဟာ ရန်သူ သေသွားတဲ့အခါ ရန်သူရဲ့လက်မှာမိုးကြိုး
လက်စွပ်ကလေးကို စွပ်ပေးပြီးရန်သူ အလောင်းကို မီးရှို့ဖို့ ကြံစည်ခဲ့
ရတယ်။သူကသဘာဝကျအောင် အိမ်ရဲ့အနောက်ဘက် ဆောင်လေး
ကို မီးရှို့ခဲ့တယ်။သေတဲ့သူဟာကို ရွှေကောင်း ဖြစ်တယ်လို့အများက
ယူဆ စေချင်တယ်။သူ့ရဲ့ ဘဝကို ဒီနေရာမှာ တစ်ခန်းရပ်ပြီး ဘဝ
သစ် တစ်ခု စချင်ပုံရတယ်``ဟုပြောလေ၏။ကိုမင်းအောင်ကဆက်ပြီး
``ကိုရွှေကောင်းမှာ ထူးခြားတဲ့ ဘဝနောက်ကြောင်းတွေ ရှိတယ်ဗျ
သူ့ရဲ့နောက်ကြောင်း ရာဇဝင်တွေကလည်း စိတ်ဝင်စားဖို့ ကောင်း
တယ်၊ သူဟာ ကြောင်လက်သည်း ဖွက်သလို နေထိုင်တဲ့ လူတစ်ဦး
ပဲဗျ။ အပေါ်ထပ် မှန်ဗီရိုကြီးထဲက ကျမ်းစာအုပ်တွေကို အမွှေနှောက်ပြီး

www.burmeseclassic.com



ကြည့်တော့ သူဟာ လောကီပညာဂိုဏ်းကြီး တစ်ဂိုဏ်းနဲ့လည်း ပတ်သက် နေပုံရတယ်``ဟုပြောလေ၏။ထိုအခါ စုံထောက် ဦးပေါ်ဦးကြီးက မျက်နှာရှုံ့မဲ့ပြီး``ဒီအမှုကလည်း ခက်ခဲ နက်နဲပုံရတယ်၊ အမှုတွေကဖြည်းဖြည်း များလာ ပါလားဗျာ၊ စီအိုင်ဒီမှာ မင်းကြီးတော့ ကြိမ်းမှာသေချာနေပြီ``ဟု ညည်းညူ လေ၏။ ကျွန်ုပ်ကလည်း ဦးပေါ်ဦးကြီးစကား မှန်ကန်ကြောင်း ထောက်ခံ လိုက်၏။ထိုအခါ ကိုမင်းအောင်က သက်ကာပြုလိုက်ပြီး``မပူပါနဲ့ဗျာ၊ အမှုတွေများပေမဲ့ အမှုတစ်မှု ချင်းမဟုတ်ဘူး၊ တစ်မှုနဲ့တစ်မှု ဆက်စပ်နေတာဗျ၊ အမှုတစ်မှုပေါ်ရင်ကျန်အမှုတွေ အားလုံးပေါ်ပြီ``ဟုပြောလေရာ ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ယောက် စိတ်သက်သာရာ ရသွားလေ၏။.ကျွန်ုပ်က ကိုမင်းအောင်ကိုကြည့်ပြီး``သဲလွန်စတွေ ရနေပြီလား ကိုမင်းအောင်``ဟုမေးမြန်းလေရာ ကိုမင်းအောင်က``ကျုပ်တို့ဒေးစွန်ပါ ဘက်ကိုခရီးထွက် ပြီးလူတစ်ယောက်နဲ့ တွေ့ရမယ်၊သူနဲ့ တွေ့ပြီးရင် ဒီအမှုနဲ့ ပတ်သက်တဲ့ သဲလွန်စ ကြီးကြီးမားမား တစ်ခုကို ရမယ်လို့တော့ ယုံကြည်တယ်

ကျုပ်တို့ နောက်နေ့ နံနက်စောစောထပြီး 'ဒေးစွန်ပါကို ခရီးဆက်ကြ

www.burmeseclassic.com

မယ်``` ဟုပြောလေရာ ကျွန်ုပ်တို့ စုံထောက်ကျော် တို့၏ ရင်ထဲတွင် အတော်အတန် ပေါ့ပါးသွားလေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးကြီးသည် ကိုမင်းအောင် နေထိုင်ရာ အမှတ်၇ အသောကလမ်း အိမ်သို့သွားရောက်ခဲ့လေ၏။ ကိုမင်းအောင်သည် ကျွန်ုပ်တို့ကို အသင့်စောင့်ကြိုနေပြီး ဒေးစွန်ပါသို့ခရီးဆက်ခဲ့၏။ ဒေးစွန်ပါသို့ ရောက်ပြီးနောက် မြို့စွန်တောလမ်းအတိုင်း ကားကိုချိုးကွေ့ပြီး နောက်သစ်ရိပ်ဝါးရိပ်များ ဖုံးလွှမ်းနေသော ခြံကြီးတစ်ခြံ ရှေ့တွင် ကားကို ရပ်လိုက်လေ၏။ ထိုခြံကြီးထဲတွင် သိုင်းလေ့ကျင့်နေသော လူငယ်တစ်သိုက်

www.burmeseclassic.com

www.burmeseclassic.com



တို့ တွေ့လိုက်ရလေ၏။ ဦးပေါ်ဦးက သိုင်းလေ့ကျင့်နေသော လူငယ်များကို ကြည့်ပြီး``သိုင်း သမားတွေပါလား ကျုပ်တော့ သိုင်းသမားတွေနဲ့ သိပ်အကြောမတည့်ဘူး``ဟုပြောလေ၏။ ကိုမင်းအောင် က ``ကျုပ်တို့ဒီကိုလာတဲ့ ရည်ရွယ်ချက်က သိုင်းသမားတွေရဲ့ထိပ်ဆုံးက လူတစ်ယောက်နဲ့ တွေ့ဖို့ပဲ``ဟုပြောလေရာ ကိုမင်းအောင် ကို အရာရာ ယုံကြည်ကိုးစား နေသော ကျွန်ုပ်တို့စုံထောက် ကျော်နှစ်ဦးသည် စောဒက မတက်တော့ဘဲ ကိုမင်းအောင် အနောက်က လိုက်ခဲ့လေတော့၏။ ကိုမင်းအောင်သည် အရှေ့မှ ဦးဆောင်ပြီး ခြံထဲသို့ဝင်လေရာ သိုင်းလေ့ကျင့်နေသော လူငယ်များက ရပ်တန့်ပြီး ဗလကြီးသော လူငယ်တစ်ဦးက ``ဘာကိစ္စလဲ``ဟုမေးမြန်းလေ၏။ထိုအခါ ကိုမင်းအောင်က``ကျုပ်တို့ ဦးစက္ကနဲ့ တွေ့ချင်လို့``ဟုပြောလေရာ ဗလတောင့်သော လူငယ်က``ဆရာကြီးက တရားဘာဝနာကျင့်ကြံနေတယ်၊ ဘယ်သူနဲ့မှ မတွေ့ချင်တော့ဘူး``ဟုပြောလေ၏။ထိုအခါ ကိုမင်းအောင်က``ကျုပ်က ဦးစက္ကနဲ့ အလွန်ခင်မင်တဲ့ မိတ်ဆွေတွေပါ ကျုပ်သူနဲ့ ခဏတွေ့ချင်ပါတယ်``ဟုပြောလေရာ ဗလတောင့်သော လူငယ်က ခေါင်းခါယမ်းပြီး``မဖြစ်နိုင်ဘူး၊ ဆရာကြီးက ဘယ်

www.burmeseclassic.com


သူနဲ့မှ မတွေ့ချင်ဘူး``ဟုပြင်းဆန်၏။ကျွန်ုပ်တို့စုံထောက်ကျော်များ
သည် လူငယ်၏ မောက်မာရိုင်းပြသော အမူအယာကြောင့် စိတ်ဆိုး
စုံထောက်များ ဖြစ်ကြောင်း ပြောဆိုပြီးလူငယ်ကို ရိုက်ပုတ်လိုစိတ်များ
ဖြစ်ပေါ်လာမိ၏။ ကိုမင်းအောင်က ကျွန်ုပ်တို့ ဆန္ဒကို ရိပ်စားမိဟန်ဖြင့်
လက်ကာပြပြီး လူငယ်များဘက်သို့ လှည့်ကာ``မင်းတို့ တားဆီးနေ
ပေမဲ့ ကျုပ်တို့ကလည်း ဦးစက္ကနဲ့ မတွေ့လို့မရတဲ့ အခြေအနေ ဖြစ်
နေလို့ မရရအောင် သွားတွေ့ရမယ်``ဟုဆိုကာ အနောက်သို့ခြေ
လှမ်း အနည်းငယ် ဆုတ်လိုက်ပြီး လူငယ်များ၏ ပခုံးပေါ်သို့အရှိန်ဖြင့်
ခုန်တက်လိုက်ပြီး လူငယ်တစ်ယောက်ပြီး တစ်ယောက်၏ ပခုံးပေါ်သို့
နင်းကာ ခြံကြီးအတွင်းသို့ ဂင်ရောက်သွားလေ၏။ ကိုမင်းအောင်၏
အလွန် လျှင်မြန်သော အရှိန်ကြောင့် လူငယ်များသည် ကြောင်အမ်း
အမ်း ဖြစ်ပြီး ကျန်ရစ်ခဲ့ရာမှ ကိုမင်းအောင်ကို လိုက်လံ တားဆီးရန်
ပြင်လေ၏။ ထိုအခိုက်မှာပင် ခြံကြီး၏ အနောက်ဘက်မှ ယောဂီဂတ်ဝတ်
ဂတ် လူကြီးတစ်ယောက် ထွက်လာပြီး``ရပ်လိုက်စမ်း သူ့လိုလူကို
မင်းတို့ဘယ်လိုမှ တားလို့မရဘူး ကုန်ကုန်ပြောရရင် ငါတောင်သူ့ကို
တားလို့မရဘူး``ဟုတားဆီးလိုက်၏။ ထိုလူကြီးသည် ကိုမင်းအောင်


www.burmeseclassic.com

www.burmeseclassic.com



လာရောက်တွေ့ဆုံသော ဦးစက္ကဆိုသော လူကြီး ဖြစ်ပုံရ၏။ ယောဂီဝတ်စုံဝတ်လူကြီးက ကိုမင်းအောင်အား ခြံကြီး၏ အနောက်ဘက်သို့ ခေါ်ဆောင်သွားလေ၏။ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် လူငယ်များနှင့်အတူ ကျန်ရစ်ခဲ့လေ၏။ ထိုအခါ သိုင်းသမား လူငယ်များထဲမှ ဗလတောင့်သောလူငယ်က ကျွန်ုပ်တို့ကို စူးစမ်းဟန်ဖြင့် ကြည့်နေရင်း ``နေပါဦး ဦးလေးတို့က ဘယ်အဖွဲ့ကလဲ`` ဟုမေးမြန်းလေ၏။လူငယ်သည် ကိုမင်းအောင်၏ ပညာစွမ်း ထက်မြက်ပုံကို မြင်တွေ့ရ သဖြင့် ကျွန်ုပ်တို့ကိုသိုင်းသင်တန်းကျောင်း တစ်ခုမှ ပညာရှင်များဟုထင်မြင်လိုက်ပုံရ၏။ ထိုအခါ ဦးပေါ်ဦးကြီးက ရင်ကို ကော့ပြီး ``ငါတို့ကဘယ်သင်တန်းကျောင်းကမှ မဟုတ်ဘူး၊ အင်းစိန် စီအိုင်ဒီကစုံထောက်တွေကွ၊ စောစောက မင်းတို့ကို ပညာပြသွားတာ ဆားပုလင်းမင်းအောင်ဆိုတဲ့ စုံထောက်ပဲကွ`` ဟုဆိုလိုက်၏။ ဦးပေါ်ဦးကြီး၏ စကားကြောင့် လူငယ်များသည် သံပြိုင် ``ဆားပုလင်းမင်းအောင်`` ဟုတအံ့တသြ ရေရွတ်လိုက်ပြီး ဗလတောင့်သော လူငယ်က ``အို့.ဘယ်သူများလဲ အောက်မေ့တယ်၊ စုံထောက်ကျော် ဆားပုလင်းမင်းအောင်ကိုး..သို့နို့လည်း ကျုပ်တို့ကို လုလုပပ ပညာပြသွားတာကိုး..ကျုပ်တို့ အေးလုံးရဲ့





www.burmeseclassic.com

www.burmeseclassic.com

ပခုံးပေါ်က ဖြတ်နင်းသွားတာများ ငှက်ကလေးတစ်ကောင်လို ပေါ့ လိုက်တာ ဆားပုလင်းမင်းအောင် ဆိုတာ အစကတည်းက ပြော ကျုပ်တို့ လမ်းဖယ်ပေးမှာပေါ့``ဟုတအံ့တသြ တောင်းပန်လေ ထိုအခါ ဦးပေါ်ဦးက သက်ပြင်းချပြီး``ဒါတော့ ဆားပုလင်းမင်းအော ဟာ လူတစ်မျိုးကွ၊ သူဟာ ဘယ်တော့မှ ရာထူးအရှိန်အဝါကိုမလိုအ ဘဲ သုံးလေ့မရှိဘူး``ဟုပြောလိုက်လေ၏။ ခဏကြာလျှင်ဆားပုလင် မင်းအောင် ပြန်ထွက်လာပြီး လူငယ်များ၏ ပခုံးပေါ်မှ ကျော်နင်းခဲ့ခြင် အတွက် တောင်းပန်လေ၏။ ထိုအခါမှပင် လူငယ်များသည် သူ၏စိတ် ကို ပိုမိုလေးစားသွားပြီး ၄င်းတို့ကဖင် ပြန်လည်တောင်းပန်လိုကြောင် ပြောဆိုလေ၏။ ထိုနောက်တွင်မူ ကျွန်ုပ်တို့ စုံထောက်ကျော်များသည် ရန်ကုန်ဘက်သို့ ပြန်လည် ထွက်ခွါခဲ့၏။ အပြန်လမ်း၌ ကိုမင်းအောင် က``ဒီအမှုက ကျုပ်ထင်တဲ့အတိုင်း ရှေးခေတ်အဆက်အနွယ် ဂိုဏ်း ကြီး တစ်ဂိုဏ်းနဲ့ ပတ်သက် နေတယ်ဗျ``ဟုပြောလေရာ ကျွန်ုပ်က ``ဘယ်လိုဂိုဏ်းမျိုးလဲ ကိုမင်းအောင်၊သူရိယစန္ဒာ လို လောကီပညာ ဂိုဏ်းလား``ဟုမေးမြန်း၏။ ဦးပေါ်ဦးကြီးက ``ရှေးအဆက်အနွယ် ဂိုဏ်း ဆိုရင်တော့ မျက်ခုံးတော့ ခပ်လှုပ်လှုပ်ပဲ``ဟု ဒင်ရောက်ပြော

www.burmeseclassic.com

www.burmeseclassic.com



ဆိုလေ၏။ ကိုမင်းအောင်ကဲ မျက်မှောင်ကြုတ်ပြီး ``ဒီဂိုဏ်းကြီးဟာ သူရိယစန္ဒာဂိုဏ်းနဲ့ မတူကွဲပြားပြန်ဘူး၊ သူတို့ဟာ သူရိယစန္ဒာဂိုဏ်းလို ရှေးသိပ်မကျဘူးဗျ၊ သူရိယစန္ဒာဂိုဏ်းက ပုဂံခေတ်လောက်ကပင် ပေါ်လာခဲ့တာ၊ သူတို့ ဂိုဏ်းက ကုန်းဘောင်ခေတ်အစောပိုင်းကာလလောက်ကမှ ပေါ်လာခဲ့တဲ့ အသင်းဗျ၊ သူတို့ဟာ လောကီပညာထက် တိုယ်လုံပညာရပ် တွေကို အခြေခံတယ်၊ သူတို့ထဲက ဂိုဏ်းဝင်တွေက မြန်မာ့ထီးနန်းထဲမှာတောင် ပေါက်မြောက်ရှိမကဘူး၊ ရှမ်းစော်ဘွါးတွေ တချင်ဒူဂါကြီးတွေထိအောင် သိုင်းဆရာတွေ အဖြစ် စိမ့်ဝင်ခဲ့ကြတယ် အိမ်နီးချင်း ယိုးဒယားထီးနန်းထိအောင်စိမ့်ဝင်ခဲ့တဲ့ အထောက်အထားရှိခဲ့တယ်၊ သူတို့ အဖွဲ့ရဲ့ ကိုယ်လုံပညာတွေဟာ မြန်မာ့သိုင်းပညာကို အခြေခံပေမဲ့ ရောက်လေရာ အရပ်က ပညာတွေနဲ့ ပေါင်းစပ်ပြီးပိုမို ဆန်းသစ်တီထွင် လာခဲ့တယ်၊ သူတို့ဟာ နန်းတွင်းက အမှုထမ်းတွေ ဖြစ်ခဲ့ဖူးတဲ့အတွက် စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံလာရာက နန်းတွင်းမှာ အမှုမထမ်းကြဘူး၊ မင်းတုန်းမင်းကြီး လက်ထက်လောက်မှာ လိုတရဂိုဏ်းဆိုပြီး သီးသီးသန့်သန့် ပေါ်ပေါက်လာတယ်၊ ဂိုဏ်းခေါင်းဆောင်က ဦးဖုစ် လို့ခေါ်တယ်၊သူတို့အဖွဲ့ကို မသိရင် ပွဲကျောင်းဘုန်းကြီးတွေ



www.burmeseclassic.com

လို့ ထင်မြင်ကြတယ်၊ ဦးဗုစ် နောက်ပိုင်း ခေါင်းဆောင်တွေ တစ်ဦးပြီး
တစ်ဦး ပြောင်းလာရာကအရည်အချင်း ညံ့ဖျင်းလာပြီးလိုတရဂိုဏ်း ခဲ့
အင်အား တဖြည်းဖြည်း ပြိုကွဲလာခဲ့တယ်၊ နောက်ပိုင်းတော့ လိုတ
ဂိုဏ်းဟာမထင်မရှား ပဲကျန်ရစ်ခဲ့တယ်``ဟု ရှည်လျားစွာ ရှင်းလင်း
လေ၏။ ကိုမင်းအောင်၏ စကားကို စိတ်ရှည်လက်ရှည် နားထောင်နေ
သော ဦးပေါ်ဦးကြီးက``ကနားစီးရွှေကောင်းက လိုတရဂိုဏ်းနဲ့ ဘယ်
လို ပတ်သက်လဲ ကိုမင်းအောင်`` ဟုမေးမြန်း၏။ ကိုမင်းအောင်က
``ကနားစီး ရွှေကောင်းဟာ လိုတရဂိုဏ်းနဲ့ ကြီးစွာသော ရန်ငြိုးရန်
တစ်ခု ရှိပုံရတယ်၊ ဒါကြောင့် လိုတရဂိုဏ်းကလက်မရွံ့လူသတ်သမား
လွှတ်ပြီး လုပ်ကြံခိုင်းတာပဲ၊ ဒီနေ့ ဒေးစွန်ပါကို သွားပြီး ဆရာစတ္တန်
တွေ့တော့ အလွန်အဘိုးတန်တဲ့ သဲလွန်စတစ်ခု ရခဲ့တယ်၊ အဲဒါက
ကောလိပ်ကျောင်းသူ ခင်မြရင်နဲ့ လိုတရဂိုဏ်း ဆက်စပ်နေမှုပဲ``ဟု
ပြောလေရာ ကျွန်ုပ်နှင့် ဦးပေါ်ဦးသည် လွန်စွာ အံ့သြသွားပြီးကျွန်ုပ်က
``ဟင်..ခင်မြရင် နဲ့လိုတရဂိုဏ်းဆက်စပ်နေတယ် ဟုတ်လား..``ဟု
ရေရွတ်လိုက်လေ၏။ ကိုမင်းအောင်က ခေါင်းညိတ်ပြီး``ဒီအမှုတွေက
ဆက်စပ်မှု ရှိတယ်လို့ ကျုပ် ပြောဖူးတယ်၊ တကယ်တော့ ဒီအမှုမှာက


www.burmeseclassic.com

www.burmeseclassic.com

ခင်မြရင်က အဓိက ကျနေတယ်၊ ခင်မြရင်ဟာ လိုတရဂိုဏ်းရဲ့ ဂိုဏ်းချုပ်နေရာကို တရားဝင် ဆက်ခံရမဲ့ လူပဲ``ဟုပြောလေရာ ကျွန်ုပ်တို့သည် ကောလိပ် ကျောင်းသူ မိန်းမလှလေးကို ပိုမိုအံ့ဩ သွားလေ၏။ ဦးပေါ်ဦးကြီးက မျက်နှာရှုံ့မဲ့ပြီး ``ဂိုဏ်း တွေပါလာရင် ဒီလိုပဲ အမှုက ကြံဖန်ရှုပ်ပြီ``ဟုညည်းညူလိုက်လေ၏။ ကိုမင်းအောင်က ဆက်ပြီး ``ဒေးစွန်ပါမှာ ကျုပ်သွားတွေ့ပြီး မေးမြန်းခဲ့တဲ့ ဆရာစက္ကူ ဟာ အရင်တုန်းက သူရိယစန္ဒာဂိုဏ်းကြီးရဲ့ ထိပ်တန်း ခေါင်းဆောင်တစ်ဦး ဖြစ်တယ်၊ အခုတော့ ဆရာစက္ကူဟာ တရားခံမွန်နဲ့ပဲ ပျော်မွေ့နေလေတယ် ကျုပ်တို့ ကံကောင်းတာက ဆရာစက္ကူဟာ လိုတရဂိုဏ်းရဲ့ရာဇဝင်ကို စိတ်ဝင်စားသူ တစ်ယောက်ဖြစ်နေတော့ လိုတရဂိုဏ်း ရဲ့ ဂိုဏ်းချုပ် အဆက်ဆက် အကြောင်းကို ကောင်းကောင်းသိနေတယ်၊ လိုတရ..ဂိုဏ်းရဲ့ လက်ရှိဂိုဏ်းချုပ်က သူရိန်ဆိုတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်ဗျ၊ သူရိန်ရဲ့ လက်ထက်မှာ လိုတရဂိုဏ်းဟာ အဖက်ဖက်က ကျဆင်းပြီး အင်အားလည်း တဖြည်းဖြည်း နည်းပါးလာတယ်``ဟုပြောလေရာ ကျွန်ုပ်က.. ခင်မြရင်ဆိုတဲ့ ကောလိပ်ကျောင်းသူက ဘယ်လိုဖြစ်ပြီး ဂိုဏ်းချုပ်ရဲ့ နေရာကို ဆက်ခံမဲ့လူ ဖြစ်နေတာလဲ``ဟုမေးမြန်းလေ၏။ ထိုအခါ...

www.burmeseclassic.com

www.burmeseclassic.com


ကိုမင်းအောင်က ဆက်လက်ပြီး ``ခင်မြရင်ဟာ လိုတရဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဟောင်း ဦးယက္ခရဲ့သမီး အရင်းပဲဗျ``ဟုပြောလေရာ ကျွန်ုပ်က ကောလိပ်ကျောင်းသူ တစ်ယောက်က လိုတရဂိုဏ်းလို လောကီပညာဂိုဏ်းတစ်ခုကို အုပ်ချုပ်နိုင်ပါ့မလား၊ နောက်ပြီးတော့ လိုတရဂိုဏ်းချုပ်လို ပုဂ္ဂိုလ်က ကောလိပ်ကျောင်းသူ တစ်ယောက်ကို နေရာလွှဲအပ်မ ပါ့မလား``ဟုမေးမြန်းလေ၏။ ကိုမင်းအောင်က ``လိုတရ ဂိုဏ်းဟာ ဆရာ အစဉ်အဆက် စကားကို မှတ်သားနာယူကြတယ်၊ လိုတရဂိုဏ်းချုပ်အနေနဲ့ ဒီအစဉ်အလာကို ဆန့်ကျင်ဖို့ မဖြစ်နိုင်ဘူး``ဟုပြောလေ၏။ ဒီအမှုမှာ ကောလိပ်ကျောင်းသူ ခင်မြရင်က အဓိက ကျနေတယ်၊ ကောလိပ်ကျောင်းသူကို ချစ်ခွင့်ပန်တဲ့ ကျောင်းသားနှစ်ယောက်စလုံး အသတ်ခံရတယ်၊ ကျောင်းသား နှစ်ယောက် အသတ်ခံရခြင်းကတိုက်ဆိုင်မှု မဟုတ်ဘူးဗျ၊ သူတို့ အသတ်ခံရ ခြင်းဟာ စနစ်တကျ ကြိုတင်ကြံစည်ထားတာဗျ``ဟုပြောလေ၏။ ထိုအခါ ကျွန်ုပ်က ဝင်ပြီး ``အမှုနဲ့ ပတ်သက်ပြီး ကိုမင်းအောင် ဘယ်လို သဲလွန်စတွေ ရနေပြီလဲ`` ဟုမေးမြန်းလေရာ ကိုမင်းအောင်က သက်ပြင်းချပြီး ``လိုတရဂိုဏ်းရဲ့ စည်းမျဉ်းအရ ခင်မြရင်ဟာ ဂိုဏ်းချုပ်နေရာကို ဆက်ခံရမယ်လို့

www.burmeseclassic.com

www.burmeseclassic.com

ဆိုပေမဲ့ သူဟာ အိမ်ရာထူထောင်ခြင်း မရှိတဲ့ အပျိုစင် မိန်းကလေး တစ်ယောက်ဖြစ်မှသာ ဝိဂ်္ဂါးချုပ်နေရာကို ဆက်ခံရမှာ ဖြစ်တယ်၊ဒါဆို ခင်မြရင်ကို ဝိဂ်္ဂါးချုပ် ဖြစ်စေချင်တဲ့ သူဟာ သူမကို အပျိုစင်ဘဝမှာ သာ ရှိနေချင်လိမ့်မယ်၊ ခင်မြရင်ကို ဝိဂ်္ဂါးချုပ် မဖြစ်စေချင်တဲ့သူက ခင်မြရင်ကို အိမ်ယာထူထောင် စေချင်တဲ့ ဆန္ဒရှိလိမ့်မယ်”ဟုပြော လေရာ ကျွန်ုပ်က ခေါင်းညိတ်ပြီး “ဒါ သဘာဝကျ ပါတယ်ဗျာ”ဟု ထောက်ခံလိုက်လေ၏။ကိုမင်းအောင်က “ဟုတ်ပြီ၊ ဒါဆိုရင် ခင်မြရင် ကိုဝိဂ်္ဂါးချုပ် ဖြစ်စေချင်တဲ့ လူက ကောလိပ်ကျောင်းသား နှစ်ယောက် ကို သတ်တာ ဖြစ်နိုင်တယ်”ဟုပြောလေ့ရာ ဦးပေါ်ဦးက ဝင်လာပြီး “သိပ်ဟုတ်တာပေါ့ဗျာ၊ ခင်မြရင်ကို အကြီးအကဲ ဖြစ်စေချင်တဲ့သူက လင်ယူမှာစိုးလို့ ကောလိပ်ကျောင်းသား နှစ်ယောက်ကို သတ်တာဖြစ် နိုင်သွားပြီ”ဟု ဆိုလိုက်၏။ ကိုမင်းအောင်က “ခင်မြရင်ကိုဝိဂ်္ဂါးချုပ် မဖြစ်စေချင်တဲ့သူကကောလိပ်ကျောင်းသား နှစ်ယောက်ကို လွတ်ပြီး ချစ်ရေးဆိုခိုင်းတာလည်း ဖြစ်နိုင်တယ်နော်”ဟုဆိုလိုက်ရာကျွန်ုပ် က သက်ပြင်းချပြီး “အမှုက တဖြည်းဖြည်း ခက်လာပြီ၊ ကျုပ်တို့ ဉာဏ် မမီတော့ဘူး”ဟုညည်းညူလိုက်၏။ ဦးပေါ်ဦးကလည်း “ဟုတ်ပဗျာ၊

www.burmeseclassic.com

တဖြည်းဖြည်း လိုက်မမီတော့ဘူး``ဟု ပြောလေ၏။ကိုမင်းအောင်က
ဒီလောက်လည်း စိတ်မညစ်ပါနဲ့ဗျာ၊ အသတ်ခံရတဲ့ ကောလိပ်ကျောင်း
သားနှစ်ယောက်ရဲ့ နောက်ကြောင်းကို ကျုပ် အချိန်ယူပြီး စုံစမ်းမှဖြစ်
မယ်၊ သူတို့နှစ်ယောက်ဟာ တရားခံရဲ့ ရန်သူနဲ့ ပတ်သက်နေတာလဲ
ဖြစ်နိုင်တာပဲ၊ လောလောဆယ်တော့ ကျုပ် အမြန် ခရီးထွက်ရမယ်
ကျုပ် နောက်ကျသွားရင် လူသတ်မှုတွေ ဖြစ်ပွါးဦးမယ်၊ ဒါပေမဲ့ ကျုပ်
အနေနဲ့ လူသတ်မှုကို တားဆီးနိုင်မယ် လို့တောင်မထင်တော့ဘူးဗျ
လူသတ်မှုတွေကို ပိပိရိရိနဲ့ ကျူးလွန်နေသူဟာ ခင်မြရင်ရဲ့ ဦးလေး
တော်သူ ဆိုတဲ့ ကနားစီးရွှေကောင်း လို့တောင် ကျုပ်သံသယ ရှိတယ်
တကယ်တော့ ကိုရွှေကောင်းဟာ သူ့ဘဝကိုသူ ပြည်ဖုံးကား ချသွားပြီ
ဆိုပေမဲ့ သူဟာ ရှင်သန်နေသေးတယ် ဆိုတဲ့ သက်သေ အထောက်
အထား ရှိနေတယ်၊ကျုပ်အထင်တော့ ကိုရွှေကောင်းက ကျောင်းသား
နှစ်ယောက်ကို လုပ်ကြံတာကို လိုတရဂိုဏ်းရဲ့ လက်ရှိ ဂိုဏ်းချုပ်က
သိရှိပြီး ကိုရွှေကောင်းကို လုပ်ကြံတာ ဖြစ်မယ်၊ ဒါကို ကြည့်ခြင်းဖြင့်
ကိုရွှေကောင်းနဲ့ လိုတရ ဂိုဏ်းဟာ ဆက်စပ်မှု ရှိနေတယ်၊ အခုခင်က
ရန်ငြိုးရန်စ ဟောင်းတွေ ရှိနေမယ်လို့ ထင်ရတယ်၊ သူ့အခု ဂိုဏ်းဝင်


www.burmeseclassic.com

www.burmeseclassic.com

ဆောင်း တစ်ယောက် ဖြစ်နေနိုင်တယ်ဗျ ``ဟုပြောလေရာ ကျွန်ုပ်က ကိုမင်းအောင်၏ ကောက်ချက်ကို နားထောင်ပြီး စိတ်အား တက်ကြွ တန်ဖြင့် လက်သီးဆုပ်လိုက်ပြီး ``ဒါဆိုရင်တော့ သဲလွန်စတွေ တစ်စ ပြီး တစ်စရလာပြီ၊ ကိုမင်းအောင် တရားခံနောက်ကို လိုက်ဖို့ နီးစပ်နေ ပြီပေါ့ ``ဟုမေးမြန်းလိုက်၏။ ကိုမင်းအောင်က မျက်မှောင်ကြုတ်ရင်း ``ကျုပ်ထင်ထားတဲ့ သဲလွန်စလေးတွေ မှန်မယ်ဆိုရင် တရားခံကို လက်ရ ဖမ်းမိနိုင်တယ်ဗျ ``ဟုဆိုလိုက်လေရာ ကျွန်ုပ်ကလည်း ဝင်ပြီး ``ကိုမင်းအောင် မှန်းရင် လွဲခဲပါတယ်၊ မှန်ပါစေလို့လည်း ဆုတောင်း ပါတယ်၊ ဒါမှ မင်းကြီးရဲ့ အဆူအကြိမ်းက အမြန်လွတ်မှာဗျ ``ဟုပြော လေတော့၏။ စုံထောက် ဦးပေါ်ဦးကြီး ကလည်း ``ဒါ အရေးအကြီး ဆုံးပဲဗျို့ ဒီလူကြီးက တကယ့်ဒိန်းဂျား အစစ်ဗျ ``ဟုပြောရင်း တဟား ဟားရယ်မောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဆားပုလင်းမင်းအောင်သည်နောက်တစ်နေ့သို့ ရောက်လျှင်ခရီးထွက်ရန်အတွက် အထုပ်အပိုးများကို ပြင်ဆင်နေလေတော့၏။ ကျွန်ုပ်က ကိုမင်းအောင်ကို ကူညီပြင်ဆင်ပေးရင်း ``ဘယ်လောက် ကြာမယ်လို့ မှန်းသလဲ ဗျ။ အမှုက ထင်တာထက်ပိုပြီး ခက်ခဲနက်နဲမယ် ထင်တယ် ကိုမင်းအောင်`` ဟု မေးမြန်းလေ၏။ ကိုမင်းအောင်က

သက်ပြင်းချပြီး ``လူသတ်မှုတွေထပ် မဖြစ်အောင် အချိန်မီ တားဆီးဖို့ အတွက် ကျုပ် ခရီးထွက်မှ ဖြစ်မယ်၊ ဒီအချိန်ထွက်နိုင်မှ ညနေစောင်း ရောက်လိမ့်မယ်`` ဟုပြောလေရာ ကျွန်ုပ်က ``မြေလတ်ပိုင်း ဆိုတော့ ဘယ်မြို့လဲကိုမင်းအောင်`` ဟုမေးမြန်းရာ ကိုမင်းအောင်က မိတ္ထီလာ


www.burmeseclassic.com

www.burmeseclassic.com

နဲ့ သာစည် ပန်းကျင်ဘက်ဗျ``ဟုဖြေလေရာ ကျွန်ုပ်က ကိုမင်းအောင်၏ မျက်နှာကို ကြည့်ပြီး``ကျုပ်လိုက်လို့မရဘူးလား``ဟုမေးမြန်းရာ ကိုမင်းအောင်က``အိုင်ပီ မလိုအပ်ပါဘူး နေခဲ့ပါဗျာ၊ ဒီခရီးကို ကျုပ်တစ်ယောက်တည်း သွားရင် ပိုကောင်းမယ် ထင်လို့ပါ၊ အိုင်ပီအတွက် ဇာတ်လမ်းကောင်းကောင်း တစ်ပုဒ် ရလာမှာ သေချာပါတယ်ဗျာ၊ မကြာပါဘူး၊ သုံးလေးရက်ပဲ ကြာမယ်ထင်ပါတယ်၊ ဒီမှာ ပဲ ဦးပေါ်ဦးနဲ့ အေးအေးဆေးဆေး စိတ်လွှတ်ပြီး စောင့်နေစမ်းပါ``ဟုပြောလိုက်ရာ ဦးပေါ်ဦးကြီးက သဘောကျဟန်ဖြင့် ရယ်မောပြီး``ဟားဟား..သူမရှိတဲ့အချိန်မှာ ကျုပ်တို့ နှစ်ယောက် ထုံးစံအတိုင်း တရုတ်တန်းက ဝိုင်းတွေမှာ သွား သောင်းကျန်းကြမယ်``ဟုပြောလေရာ လောင်းကစားဝါသနာထုံသော ကျွန်ုပ်လည်း နှစ်ခါမခေါ်ရဘဲ``သိပ်ကောင်းတယ်ဗျို့၊ ဒီအစီအစဉ်ကို အပြည့်အဝ ထောက်ခံပါတယ်``ဟု အားတက်သရော ပြောလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

ကိုမင်းအောင် ခရီးထွက်သွားသည့် အချိန်မှစပြီး ကျွန်ုပ်နှင့် ဦးပေါ်ဦး သည် အမှုလိုက်နေသည်ဟု အကြောင်းပြကာ စီအိုင်ဒီရုံးသို့ပင်မသွား တော့ဘဲ အပျော်အပါး အမျိုးမျိုးကို လိုက်စားနေလေ၏။ ကျွန်ုပ်တို့ သည် ကြည့်မြင်တိုင် တစ်ဖက်ကမ်းသို့ ကူးကာ လှုဆိုးလှုမိုက်များပေါ များသည်ဟု နံမည်သတင်းကြီးသော အရပ်သို့ပင် သွားကာ ခနီရည် သောက်ခြင်း၊ ဖဲဝိဂ္ဂာများနှင့် ဖဲကစားခြင်း စသည့် လောင်းကစားခြင်း အမျိုးမျိုးကို ပြုလုပ်ပြီး အချိန်ဖြုန်းနေလေတော့၏။ ထိုသို့ ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦး ပျော်ချင်တိုင်းပျော်ပြီး သုံးရက်အကြာတွင်


www.burmeseclassic.com

www.burmeseclassic.com

ကိုမင်းအောင်သည် လူလတ်ပိုင်းအရွယ် လူတစ်ဦးကို ခေါ်ဆောင်ပြီး ပြန်လည် ရောက်ရှိလာ၏။ ထိုသူကို၏ မျက်နှာကို မြင်ဖူးသလိုရှိသည် ဟု ထင်မြင်နေစဉ် ကိုမင်းအောင်က ``သူ့ကို မမှတ်မိဘူး ထင်တယ် ကိုရွှေကောင်းလေဗျာ၊ ကိုရွှေကောင်းကို လူသတ်မှုတွေအတွက် ဖမ်းဆီးခဲ့တာပါ`` ဟုပြော၏။ထိုအခါမှပင် ကျွန်ုပ်တို့ ကနားစီး ရွှေကောင်း၏ မျက်နှာကို မှတ်မိလိုက်လေ၏။ ကိုရွှေကောင်းက ကျွန်ုပ်တို့ကို နှစ်လိုဖွယ် ပြုံးပြလိုက်လေ၏။ဆေးပုလင်းမင်းအောင်က သက်ပြင်းချပြီး ``ကိုရွှေကောင်းနဲ့ တွေ့ချိန်မှာ ကျုပ်နောက်ကျသွားတယ်၊ ဒါကြောင့် လူသတ်မှု နောက်တစ်မှု ဖြစ်တာကို ကျုပ် မတားဆီးနိုင်ခဲ့ဘူး၊ မိတ္ထီလာ သာစည် နယ်ဘက်မှာ မြန်မာ့ ရိုးရာ ကိုယ်ခံပညာသင်တန်းတွေ တော်တော်များတယ်ဗျ၊ ကျုပ် လိုက်စုံစမ်းရင်း နှစ်ရက်သုံးရက် အချိန်ကုန်သွားတယ်၊ ကျွန်ုပ်တို့သည် ကိုရွှေကောင်းကို အင်းစိန် စီအိုင်ဒီ ရုံးခန်းသို့ ခေါ်ဆောင်သွားပြီး သက်သောင့်သက်သာ နေထိုင် နိုင်ရန် စီစဉ်ပေးရလေ၏။ တရားခံ ကိုရွှေကောင်း၏ ထွက်ဆိုချက်များ ကို ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးတို့ တလှည့်စီ ရေးမှတ်ကြလေ၏။ ကိုရွှေကောင်းသည် သူ၏ဘဝ နောက်ကြောင်းများကို ကလေးဘဝမှ



www.burmeseclassic.com

www.burmeseclassic.com

စပြီး စီကာပတ်ကုံး ပြောပြ၏။ ကိုရွှေကောင်း၏ ဘဝနောက်ကြောင်း များသည် စိတ်ဝင်စားဖွယ်ကောင်းလွန်းလှသဖြင့် တစ်ခါတစ်ရံ ကျွန် တို့ စုံထောက်ကျော်နှစ်ယောက်စလုံး ရေးမှတ်ခြင်းကို ရပ်တန့်လိုက် ပြီး ``စိတ်ဝင်စားဖို့ တကယ်ကောင်းတယ်ဗျာ၊ သတ္တိကတော့ စံပါပဲ'' စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ ချီးမွမ်းနေမိလေ၏။ ကျွန်ုပ်တို့ ရေးမှတ် သော မှတ်တမ်းသည် ပုလိပ် အစီအရင်ခံစာကြီး ဖြစ်သဖြင့် ရေးသား ပုံ ရှုံးဆန်နေလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ကိုရွှေကောင်း၏ ဘဝ မှတ်တမ်းကြီးအား မူရင်းကို မပျက်စေဘဲ ဝတ္ထုရေးဆရာတို့၏ တပ်အပ်သော ပညာဖြင့် ပြုပြင်ကာ ရေးသားခဲ့ရလေ၏။ ထိုသည်မှာ ကျွန်ုပ်ရေးသား ဖော်ပြလတ္တံ့သော ထားပုလင်းမင်းအောင်နှင့် ရွှေလမ်း ငွေလမ်း ခင်းလို့ပေးမယ် ဆိုသည့် ဝတ္ထုကြီး ဖြစ်ပေတော့သတည်း။


www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ မြေလတ်ပိုင်း မြို့ကလေး တစ်မြို့၏ မြို့ပြင်ရှိ သစ်ရိပ် ဝါး
ပင်များနှင့် အေးမြနေသော ဇရပ်ကြီး တစ်ဆောင်ပေါ်၌ အသက်၅ဂ
န်းကျင်လူကြီးတစ်ယောက်နှင့် သားဖြစ်သူ လူငယ်လေးသည် ဖက်
ခြင့်ထုပ်ထားသော ထမင်းထုပ်လေး တစ်ထုပ်ကိုဖြည်ပြီး မြိန်ရှက်စွာ
စားသောက်နေလေ၏။ သားအဖနှစ်ယောက် ထမင်း စားပြီးသောအခါ
လူငယ်လေးက ဇရပ်ပေါ်ရှိ ရေအိုးမှရေ ကိုခပ်ယူပြီး ဖခင်သောက်ရန်
ပေးလေ၏။ ဖခင်သည် ရေကိုသောက်ပြီး ထိုရေနှင့်ပင် လက်ကိုဆေး
ကာ ဆေးလိပ်တိုလေးကို ကြေးမီးခြစ်ကြီးနှင့် ထောက်ခနဲ မီးညှိလိုက်





www.burmeseclassic.com

www.burmeseclassic.com



လေ၏။ထိုအခါ လူငယ်လေးက``ကျုပ်တို့ ဒီလိုပဲ ခြေဦးတည်ရာသွ
နေတော့မှာလား အဘ``ဟုမေးမြန်းလိုက်ရာ ဖခင်ဖြစ်သူက မီးခိုး
များကို မှုတ်ထုတ်လိုက်ပြီး``ငါ့သားက ပင်ပန်းနေပြီလား`ဟုမေးမြ
လေ၏။ လူငယ်လေးက ``ကျုပ်က ငယ်သေးလို့ ခရီးသွားနိုင်ပါသေ
တယ်ဗျ ၊အဘက အသက်ကြီးပြီ``ဟုဆိုလိုက်ရာ.ဖခင်ဖြစ်သူက ေ
ဟားဟား..ရယ်မောလိုက်ပြီး``ငါ့သားက အဘအတွက် ပူပန်နေ
လား၊ အဘက ကျန်းမာပါသေးတယ်၊ အဘအတွက် မပူပါနဲ့. လူ
ရယ်..``ဟုဆိုကာ ဇရပ် ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်လိုက်
``အဘတော့ ဒီမြို့လေးကို သဘောကျတယ်၊ အဘတို့ ဒီမြို့လေး
အခြေချရင် ကောင်းမလားမသိဘူး``ဟုပြောလေ၏။ လူငယ်က ဖ
၏စကားကြောင့် ပတ်ဝန်းကျင်ကို ကြည့်ပြီး``ဟုတ်တယ် အဘ ဒီ
ကလေးက အေးချမ်းပုံရတယ်၊ ဒီမြို့ကလေးမှာ နေရင် ကောင်းမယ်
ဟုထောက်ခံလိုက်လေ၏။ထိုအခါ လူကြီးက ဆေးလိပ်ကို အငွေ့
ထောင်းထောင်းလအောင် ဖွါရှိုက်လိုက်ပြီး``ဒါဆို အဖေတို့ ဒီ ဇရပ်
ပဲ အခြေချမယ်၊ မြို့ပေါ်မှာ သက်သက်သာသာနဲ့ ရောင်းမဲ့ အမ်ရှိ
ဂယ်ပြီး အဖေရဲ့ ဟောဒီ စက်လေးနဲ့ ပိုက်ဆံရှာစားကြမယ်၊လူတွေ

www.burmeseclassic.com



နေသရွှေ့ အဝတ်ဝတ်ကြရမယ်၊ အဝတ်တွေ ဝတ်နေသရွှေ့ အဲဖေတို့ ဆမင်းမဝတ်ဘူးကွ လူလေးရ``ဟုပြောလိုက်လေ၏။လူငယ်က ခေါင်း အဆတ်ဆတ် ညိတ်လိုက်ပြီး``ဟုတ်တယ်၊ အဖေ ကျုပ်တို့ အပ်ချုပ် တတ် ရှိနေသရွှေ့ ဘယ်တော့မှ မပူရဘူး၊ ဒီမြို့မှာပဲ နေကြမယ်``ဟု အားတက်သရော ပြောလိုက်လေ၏။ထိုနေ့မှစ၍ ပြီးလူကြီးတို့ သားအဖ ထိုမြို့ကလေး၌ နေထိုင်ခဲ့လေ၏။ လူကြီး၏ အမည်မှာ ဦးလုရွှေ ဟု.. အမည်တွင်လေ၏။ ဦးလုရွှေသည် အပ်ချုပ်စက်တစ်လုံးကို အရင်းပြု ပြီး အသက်မွေးဝမ်းကျောင်းပြု နေသူဖြစ်၏။ လွန်ခဲ့သောနှစ်က သူ၏ ဇနီးသည် ဒေါ်နုင်း ဆုံးပါးသွားပြီးနောက် စိတ်ထိခိုက်ကာနေရပ်ဒေသ ကို စွန့်ခွါပြီး ခြေဦးတည်ရာအရပ်သို့ ထွက်ခွါလာခဲ့ခြင်း ဖြစ်၏။ ယခု တော့ လူမမယ်သားဖြစ်သူကို ငဲ့ညှာပြီး ထိုမြို့ကလေး၌ အခြေစိုက်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်၏။ ဦးလုရွှေသည် ဇရပ်၌ တစ်ရက်နှစ်ရက်ခန့် တည်းခိုပြီး မြို့ပေါ်ရှိ တန်ဖိုးသင့်တင့် သော အိမ်ငယ်လေး တစ်လုံးကို ဝယ်လိုက်လေ၏။ ထိုအိမ်ကလေးသည် မြို့စွန်၌သာ ရှိပြီး သစ်ရိုင်းပါး နိုင်များဖြင့် အေးမြနေသော အိမ်ငယ်လေးဖြစ်၏။ ဦးလုရွှေသည် အိမ် လေး၏ အရှေ့တွင် အပ်ချုပ်ဆိုင်ဟူသော ဆိုင်းဘုတ်လေး ချိတ်ဆွဲ

www.burmeseclassic.com


လိုက်လေ၏။ ထိုမြို့ကလေး၌ အပ်ချုပ်သည် ရှားပါးသဖြင့် ရက်ပိုင်း
တွင်း ဦးလှရွှေ အပ်ချုပ်ဆိုင်သို့ အပ်ထည်လာရောက် အပ်နှံကြ
ထို့ကြောင့်ပင် ဦးလှရွှေတို့ သားအဖ၏ စီးပွါးရေး ပြေလည်ခဲ့လေ
ဦးလှရွှေသည် သားဖြစ်သူ မောင်ရွှေကောင်းကို ဆရာကြီး ဦးဘို
ကျောင်း၌ ကျောင်းအပ်ရန်ပြင်ဆင်နေစဉ် ရွှေကောင်းက မြို့စွန်မြို
အတွင်း၌ မိမိနှင့် ရွယ်တူလူငယ်များ သိုင်းပညာသင်နေခြင်းကို မြ
တွေ့သွားပြီး ``အဘရေ ကျုပ်ကျောင်းမတက်ချင်ဘူး၊ သိုင်းပညာ
သင်ချင်တယ်၊ ကျုပ်ကို သိုင်းသင်တန်းပဲ ပို့ပေးပါဗျာ`ဟုတောင်း
လေ၏။ထိုအခါ ဦးလှရွှေသည်သား မောင်ရွှေကောင်းနှင့် ပတ်သက်
အလေးအနက် စဉ်းစားရလေ၏။ မောင်ရွှေကောင်းသည် ဇာတိမြို့
နေထိုင်စဉ်ကပင် ပညာရေးနှင့် ပတ်သက်ပြီး အောင်မြင် ဖြစ်ထွန်းခြ
မရှိခဲ့ချေ။ ထို့ကြောင့် မောင်ရွှေကောင်း ဝါသနာပါသော သိုင်းပည
သင်ယူခြင်းကို ခွင့်ပြုပေးရန် ဆုံးဖြတ်လိုက်၏။ ထိုအကြောင်းကို သာ
ဖြစ်သူ သိရှိသောအခါ ဝမ်းသာအားရဖြစ်သွားပြီး ``ဝမ်းသာလိုက်တ
အဘရယ်၊သိုင်းသမားကြီး ဖြစ်ရမယ် လို့ ကျုပ်ကတိပေးပါသယ်`
ဟုဆိုသဖြင့် ဦးဘရွှေသည် သားဖြစ်သူကိုလက်ဆွဲပြီး သိုင်းသင်တန်


www.burmeseclassic.com

www.burmeseclassic.com



နိုးရာသို့ ခေါ်ဆောင်လာခဲ့၏။ သိုင်းပညာ သင်ကြားရာ မြို့စွန်မြုံကြီးသို့ ရောက်သောအခါ ဆရာကြီးမင်းယက္ခ ရိုးရာသိုင်းပညာ သင်တန်းဟု ရေးသားထားသော သစ်သားဆိုင်းဘုတ်ကြီးကို တွေ့ရလေ၏။ မြုံကြီး ၏ နံဘေးတွင် မြို့ကို ဖြတ်သန်း စီးဆင်းသော ဖိုးခေါင်ချောင်းကြီးကို မြင်တွေ့ရ၏။ရွှေကောင်းသည်ဖိုးခေါင်ချောင်းကြီးနံဘေးတွင်နေထိုင် ပြီး သိုင်းပညာ သင်ယူချင် စိတ်များ တဖွါးဖွါး ပေါ်ပေါက်လာလေ၏။ ဆရာကြီး၏ မြုံထဲတွင်လူငယ်တစ်စုသည် သိုင်းကွက်အလှနင်းသူနင်း ဘုတ်ရိုက် သူရိုက် ၊ဓားခုတ်သူခုတ်နှင့် လေ့ကျင့်နေသည်ကို မြင်တွေ့ ရ၏။ ရွှေကောင်းသည် မိမိနှင့် ရွယ်တူငယ်များ သိုင်းလေ့ကျင့်နေခြင်း ကို ကြည့်ပြီး သိုင်းပညာ သင်ယူရန် လွန်စွာမှ စိတ်အား တက်ကြွနေ လေ၏။ ဦးဘရွှေသည် ဆရာကြီး မင်းယက္ခနှင့် တိုက်ရိုက် သွားတွေ့ ပြီး သားဖြစ်သူကို သိုင်းပညာ သင်ကြားပေးစေရန် အပ်နှံလိုကြောင်း ပြောလေ၏။ ထိုအခါ၌ ဆရာကြီး မင်းယက္ခက ပညာသင်ကြားပေးရန် ဖြစ်နိုင်သော်လည်း သိုင်းပညာသင်ကြားခြင်းသည် အလွန်ကြမ်းတမ်း လှသဖြင့် ပင်ပန်းဆင်းရဲသည့် ဒဏ်ကို ခံနိုင်မှ ဖြစ်မည် ဖြစ်ကြောင်း ပြောဆိုလေရာ ဖခင်ဖြစ်သူက ``ဒီမှာ လူလေး ဆရာကြီး ပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားကို ကြားလား၊ ပညာသင်ကြားတဲ့အခါ ခက်ခဲကြမ်းတမ်းတ
ပင်ပန်းဆင်းရဲတဲ့ ဒဏ်ကို လူလေး ခံရမယ်၊ ဖြစ်ပါ့မလား``ဟုမေး
လေရာ ရွှေကောင်းက လက်သီးဆုပ်ပြီး``ဘာဖြစ်လို့ မဖြစ်ရမှာလဲ
ကျုပ်က အဘသားပါ၊ ဘယ်လောက်ပင်ပန်းပင်ပန်း ရအောင်သင်မ
ဟုပြောလေ၏။ ရွှေကောင်း၏ စကားကို ဆရာမင်းယက္ခ ကိုယ်တိ
ကြားသိပြီးနောက် တပည့်အဖြစ် ကျေကျေနပ်နပ် လက်ခံ လိုက်
ရွှေကောင်းသည် နောက်တစ်နေ့တွင်ကန်တော့ပွဲ၊ ဆန်တစ်ပြည် 
တစ်မတ်နှင့်အတူ ဆရာကြီး မင်းယက္ခထံတွင် တပည့်အဖြစ် ခံယ
လေ၏။ဆရာကြီးမင်းယက္ခ၏ ညာလက်ရုံးတပည့်ကြီးတိုက်မောင်း 
ရွှေကောင်းကို သိုင်းပညာ စတင်သင်ကြားပေးခြင်း မရှိသေးဘဲ ကို
ခန္ဓာကြံ့ခိုင်မှု ရှိမရှိ ဦးစွာ စစ်ဆေးလေ၏။ထိုကြောင့် ရွှေကောင်းသ
သူတို့ သိုင်းပညာသင်ကြားရာ ခြံကြီးမှ ဖိုးခေါင်ချောင်းစပ် တလျော
တစ်နေ့လျှင် သုံးခေါက်တိတိ ပြေးရလေ၏။ ထိုသို့တစ်လ ကောင်းစွ
ပြေးလွှားနိုင်မှ သာလျှင် ရွှေကောင်းကို ဆရာကြီး မင်းယက္ခလက်
အပ်လိုက်လေ၏။ ဆရာကြီးက ရွှေကောင်း၏ ပခုံးကို ကြည့်ပြီး
သိုင်းသမား မှန်ရင်တော့ ထိခိုက်ရှနာတာတွေ ရှိတာပဲ၊ယောကျ်ားပီ

www.burmeseclassic.com



ပွန်းပဲ့နာကျင်တာကို မကြောက်ဘဲ ရေကုန်ရေခမ်း ကြိုးစားမယ်ဆိုရင် သိုင်းပညာရှင် ကောင်းကောင်း ဖြစ်မှာပဲ၊ မင်းရဲ့ ခန္ဓာကိုယ် အချိုးအဆက်ကိုတော့ ငါ သဘောကျတယ်ကွ``ဟုဆိုကာ ရွှေကောင်းအား သူ့၏ ညာလက်ရုံးတပည့် တိုက်မောင်း၏ လက်သို့အပ်လိုက်လေ၏ တိုက်မောင်းက ရွှေကောင်းကို ခြံကြီး၏ အနောက်သို့ ခေါ်သွားပြီး`` မင်းကို ငါသင်မဲ့ သိုင်းရဲ့အမည် က ရှမ်းကြီးသိုင်း လို့ခေါ်တယ်ကွ၊ ရှမ်းကြီးယုံင်းက ၄ကွက်၊ ၆ကွက်၊ ၉ကွက် ဆိုပြီး အကွက် အမျိုးမျိုး ရှိတယ်ကွ``ဟုဆိုကာ အခြေခံ ရှမ်းကြီးသိုင်းကွက် များကို စတင်သင်ကြားပေးလေ၏။ ရွှေကောင်းသည် သိုင်းပညာကို လွန်စွာ ဝါသနာထုံလှသဖြင့် ပညာရပ်များကို ကြိုးစားပမ်းစား သင်ယူလေ၏။ သူနှင့်ရွယ်တူ လူငယ်များ သိုင်းလေ့ကျင့်ခြင်းကို ရပ်နားပြီး စကားဖောင်ဖွဲ့နေစဉ်မှာပင် သူတစ်ယောက်တည်း သိုင်းလေ့ကျင့်နေ၏။ ထိုသို့ သိုင်းပညာကို ကြိုးစားပမ်းစား သင်ယူသဖြင့် သူ၏ ပညာအဆင့်အတန်း များစွာ တိုးတက်လာလေ၏။ ရွှေကောင်းသည် ဆရာကြီး မင်းယကွ၏ သင်တန်းသို့ မနက်စောစော ရောက်အောင်လာပြီး ခြံကြီး၏ အရှေ့ပိုင်း တစ်ခုလုံး အမှိုက်များလှဲကျင်းလေ၏။ ၃ဧကခန့်ကျယ်သော ခြံကြီး၏



www.burmeseclassic.com

www.burmeseclassic.com


နောက်ပိုင်း၌ ဆရာကြီးမင်းယက္ခ၏ ကျွန်းအိမ်မည်းကြီး ရှိလေ၏။ ထိုနေရာသို့ ဆရာကြီး၏ အမိန့်မရဘဲ မည်သည့်သင်တန်းသားမျှ မသွားလာရန် တားမြစ်ထားလေ၏။ အိမ်ကြီး၏ အနောက်သို့ ဆရာကြီး၏ လက်ရင်းတပည့်များမှ တစ်ဆင့်ကျန်သင်တန်းသားများ သွားလာရန် တားမြစ်ထားလေ၏။ ရွှေကောင်းသည် မနက်စောစော ဆရာကြီး၏ ခြံထဲတွင် အမှိုက်လှဲရင်း တဖြည်းဖြည်း မိမိကိုယ်တိုင်ပဲ သတိမထားမိဘဲ ခြံကြီး၏ အနောက်ပိုင်း ဆရာကြီး၏ ကျွန်းအိမ်မည်းကြီး အနီးသို့ ရောက်သွားလေ၏။ ရွှေကောင်းသည် ခေါင်းငုံ့ပြီးအမှိုက်လှဲကျင်း နေသဖြင့် ထိုနေရာသို့ ရောက်နေမှန်း သတိမထားမိချေ။ ထိုအခိုက်မှာပင် သူ၏ အနီးသို့ ရွယ်တူ မိန်းကလေး တစ်ယောက် ရောက် ရှိလာပြီး

``ဟဲ့..ကောင်လေး ဒီနေရာကို နင်တို့လို သင်တန်းသား ငယ်လေးတွေ မလာရဘူး ဆိုတာ မသိဘူးလား``ဟုမေးမြန်းလိုက်လေတော့၏။ ထိုအခါ ရွှေကောင်းသည် အမှိုက်များလှဲကျင်းနေရာမှ မိန်းကလေးကို ခေါင်းမော့ကြည့်လိုက်ပြီး ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်ကာ

``ဟင်..အမှိုက်တွေ လှည်းနေလို့ ဒီဘက်ကို ရောက်လာတာ မသိလိုက်ဘူး၊ သွားတော့မယ်``ဟုဆိုလိုက်ရာ မိန်းကလေးက မျက်နှာမဲ့

www.burmeseclassic.com

www.burmeseclassic.com

ပြီး ``ဒီလို သွားလို့ ဘယ်ရမလဲ..နင့်ကို အဘနဲ့တိုင်ပြောမယ်``ဟုဆိုလိုက်ရာ ရွှေကောင်းသည် မိန်းကလေးကို ထိတ်လန့်ဟန်ဖြင့်ကြည့်ပြီး ``ဆရာကြီးကိုတော့ မတိုင်ပါနဲ့ဟယ်၊ တောင်းပန်ပါတယ်``ဟုဆိုလိုက်၏။ ထိုအခိုက်မှာပင် ၎င်းတို့၏ အနောက်မှ ဆရာကြီး မင်းယက္ခရောက်လာပြီး ``ရွှေကောင်း မသိလို့ ခြံအနောက်ကို ကျော်ပြီး ရောက်လာတာ အဘသိပါတယ် လုံမရယ်..သူ့မှာ အပြစ်မရှိဘူး၊ မသိလို့ ဖြစ်တာပါ၊ သူ့ကို သွားခွင့်ပြုလိုက်ပါ``ဟုပြောလေ၏။ ရွှေကောင်းသည် ဆရာကြီးက မိမိကို အပြစ်မယူသဖြင့် စိတ်သက်သာရာရသွားလေ၏။ ထို့ကြောင့် ဆရာကြီးကို လက်အုပ်ချီပြီး ``နောက် ဒီလို မဖြစ်စေရပါဘူး ဆရာကြီး``ဟုတောင်းပန်၏။ ထိုအခါ ဆရာကြီးက ရွှေကောင်း မထင်မှတ်သော အခွင့်အရေးကြီး တစ်ခုကို ပေးလေ၏။ဆရာကြီးက ``မင်း နောက်နေ့ ဂူအိမ်ဘက်ကို အမှိုက်လှည်းလို့ရတယ်၊ ဒါပေမဲ့ ဒီပြင် အချိန်တွေတော့ ဒီအိမ်ဘက်ကိုလာခွင့်မရှိဘူး``ဟုဆိုလိုက်ရာ ရွှေကောင်းသည် ဆရာကြီးမှ အခွင့်အရေး ပေးလိုက်သဖြင့် ကမန်းကတန်း ခေါင်းညိတ်လိုက်လေ၏။ မိန်းကလေးကမူ ဆရာကြီးဘက်သို့ လှည့်ပြီး ``အဘ က ဘက်လိုက်တယ်``ဟုဆိုလိုက်ရာ ဆရာကြီးက


www.burmeseclassic.com

www.burmeseclassic.com



သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး``ဟား.ဟား``ငါ့ သမီးထင်လို့ ပါ။ရွှေကောင်းကို မနက်ပိုင်း အမှိုက်လှည်းခိုင်း ပြီးရင်စားစရာ တစ်ခုခု ကျွေးပါ၊ သူ့ခမျာ အဖေတစ်ခု သားတစ်ခု နေရတာပါ။ သနားပါတယ် ``ဟုပြောရာ မိန်းကလေးက ရွှေကောင်းကို မျက်စောင်းထိုးလိုက်၏။ ရွှေကောင်းသည် ဆရာကြီးတို့ သားအဖ အနီးမှ ခပ်သွက်သွက် ထွက်ခဲ့လေ၏။ ဆရာကြီးသည် မုဆိုးဖို တစ်ဦးဖြစ်ပြီး အမိမဲ့ သမီးပျို နှစ်ဦးနှင့် အတူနေထိုင်ကြောင်း သိရလေ၏။ ဆရာကြီး၏ သမီးနှစ်ယောက် အနက် မိမိနှင့်ရွယ်တူ တစ်ဦး ရှိပြီး ကျန်တစ်ဦးမှာ အသက်တစ်ဆယ့် ရှစ်နှစ် ဝန်းကျင် ဖြစ်သဖြင့် အမကြီး အရွယ်ဖြစ်၏။ ဆရာကြီး၏ သမီးငယ်မှာ ကျောင်းနေဟန် မရှိချေ။ဆရာကြီး၏သမီး နှစ်ယောက် စလုံး သင်တန်းသားများနှင့် အရောတဝင် နေလေ့မရှိဘဲ သင်တန်းချိန်များ တွင် အိမ်တွင်းက အိမ်ပြင် ထွက်လေ့မရှိချေ။ ဆရာကြီး၏ သင်တန်း ၌ ကျောင်းအိပ်ကျောင်းစား တက်သူများ မရှိဘဲ သင်တန်းသားများ ညနေစောင်းလျှင် မိမိအိမ်သို့ ပြန်ကြရလေ၏။ အခြားသောနယ်များမှ ကျောင်းအိပ် ကျောင်းသား တက်လို သူများ ကိုလည်း ဆရာကြီးက လက်ခံခြင်း မရှိချေ။ ဆရာကြီး မင်းယက္ခ၏ ပညာ ကျော်ကြားမှုန်သော



www.burmeseclassic.com

www.burmeseclassic.com



သတင်းကြောင့် ရပ်ဝေးနယ်များမှ သင်တန်းတက်လိုသူများသည် မြို့ပေါ်ရှိဘုန်းကြီးကျောင်းကြီးတစ်ကျောင်းတွင် တည်းခိုပြီး ဆရာကြီး၏ သင်တန်းသို့ တက်ကြလေ၏။ ရွှေကောင်းသည် နံနက်တိုင်းဆရာကြီး အိမ်ဘက်၌ အမှိုက်လှဲရင်း သမီးငယ် မူယာနှင့် ရင်းနှီးခဲ့လေ၏။မူယာသည် နံနက်စောစောထပြီး သူမ၏ပန်းပင်လေးများကိုရေလောင်းလေ့ရှိ၏။ ရွှေကောင်းသည် မူယာ၏ ပန်းပင်များကို ပေါင်းသင်ရေလောင်းပေးရင်း သူမနှင့် ရင်းနှီးခဲ့လေ၏။ တစ်ခါတစ်ရံ မူယာက အိမ်ကြီးထဲမှ စားသောက် ဖွယ်ရာ လေးများကို ရွှေကောင်း စားရန် ယူလာပေးပြီး ``စား..စား ရွှေကောင်း နင်သိပ်ကံကောင်းတယ်၊ အဘတို့က ဒီနေရာကို နင်ကလွဲရင် ဘယ်သင်တန်းသားကိုမှ အလာခံတာ မဟုတ်ဘူး`` ဟုပြောလေ၏။ ရွှေကောင်းက မူယာ၏ စကားကြောင့် အံ့သြသွားပြီး ``ဆရာကြီးက ငါ့ကို နေရာပေး ဆက်ဆံတာ ငါကံကောင်းတာပေါ့.. အဲဒါဘာကြောင့်လို့ နင်ထင်သလဲ``ဟုမေးမြန်းလိုက်ရာ မူယာက... မျက်မှောင်ကြုတ်ပြီး``အင်း..နင်က သင်တန်းမှာ ပညာသိပ်ကြိုးစားလို့ အဘက နင့်ကို မျက်နှာသာ ပေးတယ် ထင်တာပဲ၊အဘက ပညာတော်တဲ့လူကို သိပ် အလေးပေးတာပဲ``ဟုပြောလေ၏။ ရွှေကောင်း



www.burmeseclassic.com

www.burmeseclassic.com


က အားတက်ဟန်ဖြင့် လက်သီးဆုပ်ပြီး ``ငါကလဲ ဘဝမှာ သိုင်းပညာကလွဲရင် ဘာကိုမှ အလေးအနက် မထားဘူး။ငါ့ဘဝမှာ သိုင်းပညာကလွဲရင် ဘာမှ အရေးမကြီးဘူး'' ဟုပြောလေ၏။မှူယာက နှာခေါင်းရှုံ့ပြီး ``နင်လည်း အဘ လိုပဲ၊ အဘလည်း ဘဝတစ်ခုလုံး သိုင်းပညာထဲမှာ မြှုပ်နှံထားတယ်၊ အဘဟာ နင်တို့ကို သိုင်းပညာသင်ကြားပေးနေတာ ပိုက်ဆံ လိုချင်လို့ မဟုတ်ဘူးဟဲ့၊အဘက နင်တို့ဆီကဘယ်မှာပိုက်ဆံ ယူလို့လဲ၊ အဘမှာ စားဝတ်နေရေး အတွက် အမြဲတမ်း လုံလုံလောက်လောက် ရှိနေတယ်၊ အဘမှာ လက်အောက်ငယ်သားတွေလည်း အများကြီး ရှိတယ်၊ လပြည့်လကွယ်လို အခါကြီး ရက်ကြီးတွေမှာ ဆိုရင် အဘဆီကိုလာပြီး ဂါရဝပြုတဲ့ လူတွေအများကြီးပဲ၊ သူတို့ကို နင်တို့တွေတယ် မဟုတ်လား'' ဟုဆိုလိုက်ရာ ရွှေကောင်းက ခေါင်းညိတ်ပြီး ``ဟုတ်တယ်နော်၊ ဆရာကြီးဆီကို အနယ်နယ်အရပ်ရပ်က လူစိမ်းတွေ လာလေ့ရှိတယ်၊ သူတို့က ဆရာကြီးတပည့်တွေလား'' ဟုမေးမြန်းလေ၏။ မှူယာက သက်ပြင်းချပြီး ``ငါတို့လည်း သေသေချာချာ မသိဘူး၊ သူတို့ လာရင်ငါတို့ အဘရဲ့စာကြည့်ခန်းထဲမှာပဲ တွေ့ကြတာ၊သူတို့ကို ကြည့်ရတာ သိပ်လျှို့ဝှက်တာပဲ၊ငါတို့ကြည့်ရတာကတော့ သူတို့

www.burmeseclassic.com

ဘအေဘာကိုသိပ်ရှိသေကြတာပဲ``ဟုပြောလေ၏။ဆရာကြီးထံသို့လာသော လူထူးလူဆန်းများကို ရွှေကောင်း ကိုယ်တိုင်လည်း မကြာခဏ သတိပြုမိလေ၏။ထိုသူများသည်တစ်နှစ်လျှင်၃ကြိမ်မျှ ဆရာကြီးထံသို့ လာရောက်ဂါရဝပြုပုံရ၏။ထိုသူများသည် ဆရာကြီး နှင့် မည်သို့မည်ပုံ ပတ်သက်သည် မသိ။

ထိုအခိုက်မှာပင် သူတို့နှစ်ယောက် အနီးသို့ မှုယာ၏ အစ်မ မဖြူပြာ ရောက်ရှိလာပြီး``ဟဲ့..နင်တို့နှစ်ယောက် ဘာတွေ တိုးတိုးတိတ်တိတ် လုပ်နေတာလဲ၊ အဘ အိပ်ယာ နိုးနေပြီ မှုယာ.. တော်ကြာကျ ခြံထဲ ဆင်းလာတော့မယ်``ဟုဆိုလေရာ မှုယာက ရွှေကောင်းလက်သို့ ကောက်ညှင်းထုပ်များကို ထည့်လိုက်ပြီး``သွားတော့မယ်ရွှေကောင်း မုန့်တွေ စားလိုက်နော် နောက်နေ့ ငါစောစော လာခဲ့မယ်``ဟုဆိုကာ အိမ်ထဲသို့ ပြေးဝင်သွားလေ၏။ ထိုအခါမှ မဖြူပြာက ရွှေကောင်းကို မျက်စောင်းထိုးကြည့်ပြီး``သွားတော့ ရွှေကောင်း အဘခြံထဲကိုဆင်းတော့မယ်၊ အမလေး..အဘက နင်ကို ဒီလောက် မျက်နှာသာပေးတာ အံ့ဩပါရဲ့``ဟုပြောလိုက်လေ၏။ ရွှေကောင်းသည် သိုင်းပညာနှင့် အရှူးအမူး ဖြစ်သနာထုံသူပီပီသိုင်းပညာထဲတွင် ဘဝကို မြှုပ်နှံထားခဲ့၏။


www.burmeseclassic.com

www.burmeseclassic.com

ထိုကြောင့်ပင် ရွှေကောင်း၏ ပညာအဆင့်အတန်း အံ့မခန်းတိုးတက်ခဲ့လေ၏။ဆရာကြီး၏ ညာလက်ရုံး တပည့်ဖြစ်သော ဆရာတိုက်မောင်းက ``မင်းရဲ့ပြောင်းလဲမှုသိပ်မြန်တယ်ရွှေကောင်းဆက်ကြိုးစားထား ရွှေကောင်း ဒီပုံစံအတိုင်းဆိုရင်မင်းအားလုံးကိုကျော်တက်သွားမယ်ဟု ချီးမွမ်းလေ၏။ရွှေကောင်း၏ပညာတိုးတက်မှုကြောင့်ဘာဂတူ သင်တန်းသားများအချို့ကအားပေးချီးမြောက်ခဲ့သလိုအချို့သောသင်တန်းသားများက ရွှေကောင်းကို မနာလိုဝန်တို စိတ်ထားရှိခဲ့လေ၏။ ထိုသူများအနက် တစ်ဖက်မြို့မှ ကျောင်းအိပ်ကျောင်းစား လာတက်သော ဒေဝဆိုသော ကျောင်းသားက အဆိုးဆုံးဖြစ်၏။ ဒေဝသည် ရွှေကောင်းနှင့်အသက်အရွယ်မတိမ်းမယိမ်းရှိပြီး ယခင်က ဒေဝသည် သင်တန်းသားများထဲတွင် အတော်ဆုံးဟု ဆရာတိုက်မောင်းက ချီးမွမ်းခံရသူဖြစ်၏။ ယခုတော့ ရွှေကောင်းကို အတိုးတက်ဆုံး ဖြစ်သည်ဟု ချီးမွမ်းလေ၏။ ထိုကြောင့် ဒေဝသည် ရွှေကောင်းအား မနာလိုခြင်း ပြင်းစွာ ဖြစ်လေတော့၏။ တစ်နေ့သ၌ ရွှေကောင်းသည် ဂါးဂွပင်လေး တစ်ရုံအနီးတွင် တစ်ကိုယ်တည်းသိုင်းလေ့ကျင့် နေခိုက်ခြံဝန်းအပြင်ဘက်သို့ ရောက်နေသော မှုယာက လေသံတိုးတိုးဖြင့်` `ဟဲ့..ရွှေကောင်းနန့်မြို့ထဲကို


www.burmeseclassic.com

www.burmeseclassic.com


ကောလိုက်ခဲ့စမ်းပါ``ဟုခေါ်သဖြင့်ရွှေကောင်းက မျက်မှောင်ကြုတ်ပြီး ``ငါမလိုက်ရဲဘူးဆရာတိုက်မောင်းဆူလိမ့်မယ်`` ဟုငြင်းဆန်လိုက်သောမှုယာကနှာခေါင်းရှုံ့ပြီး``နင်တို့ကိစ္စရှိရင်တော့ မြို့ထဲသွားကြတာပဲ၊ လာပါဟာ``ဟုဆိုသဖြင့်ရွှေကောင်းသည်မိမိကိုဆရာတိုက်မောင်းက မြို့လယ်ဈေး၌ ဒင်္ဂါးကြေးစေ ဂယ်နိုင်းခြင်းကို သတိရလိုက်ပြီးသူမအနောက်သို့လိုက်ရန်ဆုံးဖြတ်လိုက်၏။ ထိုကြောင့် လေ့ကျင့်လက်စတိုရပ်ပြီးခြံထဲမှ ထွက်ခဲ့လေ၏။ရွှေကောင်းခြံပြင်သို့ ရောက်သောအခါမှုယာက အနောက်မှ ရောက်လာ၏။ ရွှေကောင်းက ပတ်ဝန်းကျင်ကိုမလှုံမလဲကြည့်ပြီး``ဘယ်သွားမှာလဲ မှုယာ၊ ဆရာကြီး သိရင်ဆူမယ်နော်``ဟုဆိုလိုက်ရာမှုယာကပြုံးလိုက်ပြီး``စကားမရှည်စမ်းပါနဲ့ ဟာ ငါ့နောက်ကိုသာ လိုက်ခဲ့စမ်းပါ၊ ငါတို့ မြို့ထဲကို သွားကြမယ်``ဟုဆိုလေရာ ရွှေကောင်းသည် မှုယာခေါ်ရာနောက်သို့ အူကြောင်ကြောင်လိုက်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

မြို့တစ်နေရာသို့ရောက်သောအခါ နတ်ဒိုးသံကို ကြားလိုက်ရပြီးလျှင်
မှူးယာက နတ်ဒိုးသံကြားရာသို့နားစွင့်ပြီးသွားလေ၏။ ရွှေကောင်းက
နားမလည်ဟန်ဖြင့်သူမ၏အနောက်သို့လိုက်လေရာမြို့တစ်နေရာ၌
နတ်ကနားပွဲကြီး တစ်ပွဲ ကျင်းပနေကြောင်းတွေ့ရ၏။မှူးယာသည် နတ်
ကနားပွဲကြည့်ရှုနေသူများ အတွင်းသို့ အားတက်သရော တိုးဝင်သွား
၏။ ရွှေကောင်းကအနောက်က လိုက်လေရာ နတ်ကတော်မိန်းမလျာ
တစ်ယောက်က ``ရွှေလမ်းငွေလမ်းခင်းလို့ပေးမယ်.... ကျော့်ကျော့...
ကျော်. ကျော် တို့ကိုကြီးကျော် ဟုအစချီကာ ကိုကြီးကျော်နတ်ချင်းကို

www.burmeseclassic.com

www.burmeseclassic.com



...ဆိုနေလေ၏။ထိုနတ်ဝင်သည်၏ အနီးတွင်လူအများဝိုင်း အုံပြီးယပ် ...တ်သူတစ်ချပ် ချေးသုတ်ပေးသူကပေး နှင့်ရှိနေလေ၏။ နတ်ဝင်သည် ...ည်လက်ထဲတွင်ကြက်ကင်တစ်ကောင်ကိုကိုင်ပြီး ဘယ်ဘက် လက် ...ွင် အရက်တစ်လုံးကို ကိုင်ထားလေ၏။

...တ်ကနားပွဲကို တိုးဝေ့ကြည့်ရှုနေသော မူယာက ``ဘယ်လောက် ...ပ်စရာကောင်းလဲရွှေကောင်း၊ငါတော့ ဒီလိုရိုးရာနတ်ကနားပွဲတွေကို ...ပ်သဘောကျတယ်၊ နတ်ကနားပွဲတွေ မြင်ရင် မကြည့်ဘဲ မနေနိုင် ...ား နတ်ဒိုးသံကြားရင် ငါ့ရင်တွေ အရမ်း ခုန်တယ်``ဟုဆိုလိုက်ရာ ...ွေကောင်းကသူမကိုအံ့သြစွာကြည့်ပြီး``နင်က ဒီလိုမျိုး နတ်တွေကို ...ုံတယ်ပေါ့၊ နတ်ဝင်သည်တွေ လိမ်နေလို့များ မထင်ဘူးလား`` ဟု ...ေးမြန်းလိုက်ရာသူမကခေါင်းခါယမ်းပြီး`` ဟင်အင်း..သူတို့တကယ် ...တ်ဝင်တာ၊ ဘာလို့လိမ်ရမှာလဲ၊ တစ်ခါတုန်းက မြို့လယ်မှာ ကတုန်း ...တ်ကတော်ကြီးက ငါ့နဖူးကိုပုတ်ပြီးသမီးတော်ကို ရွှေမျက်နှာသခင်မ ...ချစ်လို့ စောင့်ရှောက်တယ်တဲ့၊ ရွှေမျက်နှာသခင်မဆိုတာဘာလဲ ...လည်းမသိဘူး``ဟုပြောလေ၏။ ရွှေကောင်းသည် သူမ၏စကားကို ...တုန့်ပြန်နိုင်တော့ဘဲနတ်ပွဲကိုသာကြည့်ရှုနေမိ၏။ နတ်ကတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com


သည် မိန်းမကြီးတစ်ယောက်ကို လက်ဝါးဖြင့်ပုတ်ပြီး ``လူပျော်မှ
ပျော် မယ်၊ နတ်ပျော်မှ လူ မနိုင်မယ်၊ ထောင်ငွေ သောင်းငွေဖေ
ပေးမယ်၊ယူချင်ရဲ့လားဟေ့´´ ဟုဆိုလိုက်ရာ မိန်းမကြီးကယူ
ကြောင်းကမန်းကတန်းပြော၏။နတ်ကတော်ကြီးအနီးသို့ကျန်လူမျ
လည်းဝိုင်းအုံပြီးလိုရာဆုတောင်းကြလေ၏။မှုယာသည် ထိုမြင်ကွ
အားတက်သရော ကြည့်ပြီး နတ်ပွဲမှ မပြန်နိုင်အောင်ဖြစ်နေလေ
ရွှေကောင်းသည်ဆရာကြီးသိမှာစိုးသဖြင့်မှုယာကိုလက်ဆွဲပြီး န
ထဲမှအမြန်ဆုံးထွက်ခဲ့လေ၏။ အပြန်လမ်းတလျှောက်လုံး မှုယ
မစသည်ဆိုသောရွှေမျက်နှာသခင်မဆိုသည့်နတ်အကြောင်းကို
တောနေလေ၏။

ရွှေကောင်းနှင့်မှုယာတို့ နတ်ကနားပွဲမှပြန်လာပြီးနောက်တစ်နေ့
သင်တန်းသားတစ်ဦးဖြစ်သောဒေဂကရွှေကောင်း သိုင်း လေ့ကျ
ဂါးရုံတော အနီးသို့ရောက်လာပြီး ``မင်းနဲ့မှုယာ မနေ့က ဘယ်တို
တာလဲ´´ ဟုလေသံမာမာဖြင့်မေးမြန်းလေ၏။ ရွှေကောင်းက
ရိုင်းပြသောလေသံကြောင့်မျက်မှောင်ကြုတ်လိုက်ပြီး ``မင်းကို

www.burmeseclassic.com

www.burmeseclassic.com



မေးခိုင်းလို့လဲ``ဟုမေးမြန်းလေ၏။ဒေဂါကအံကိုကြိတ်လိုက်ပြီး
ငါမေးတာ ကိုသာ ဖြေစမ်းပါ``ဟုဆိုလေ၏။

ကောင်းက ဒေဂါ၏ မေးခွန်းကို မဖြေတော့ရန်ပင် ဆုံးဖြတ်လိုက်ပြီး
ဘယ်သူမေးမှန်းမသိဘူးဆိုရင်တော့မဖြေနိုင်ဘူး``ဟုပြောလိုက်၏
ကောင်း၏ စကားကြောင့်ဒေဂါ၏မျက်နှာကြီး မည်းခနဲ ဖြစ်သွားပြီး
မင်းတော်တော် လူပါးဝတဲ့ ကောင်ပါလား၊ နောက်မှ ရောက်လာပြီး
ပါးဝတဲ့ကောင် သေပေတော့``ဟု ကြုံးဝါးလိုက်ပြီး ရွှေကောင်းကို
ရောက်တိုက်ခိုက်လေ၏။ဒေဂါသည်ရွှေကောင်းကို ပညာသင်သက်
သေးသည် ဆိုကာ အထင်သေးပုံရ၏။ ပညာကို ကျားခုတ်ကျားခဲ
ပြီး တရှိန်ထိုးတိုးတက်လာသော ရွှေကောင်း၏ပညာကိုဂရု
မရချေ။ ထိုကြောင့်ရွှေကောင်းကိုလွယ်လွယ်ကူကူ တိုက်ခိုက်မရ
ရှိနေလေ၏။ဒေဂါသည် ရွှေကောင်းကို အနိုင်မယူ နိုင်သဖြင့်ဒေါသ
လာပြီး ပိုမို အလောတကြီး တိုက်ခိုက်လေတော့၏။ ဒေဂါသည်
ကောင်းထက် ပိုမိုပြီး သိုင်းပညာသက်မြင့်ကာသင်တန်း၌ အတော်
ဖြစ်သဖြင့်ရွှေကောင်းကိုအလွယ်တကူအနိုင်ယူနိုင်မည်ဟု ထင်မြင်
ထို့သော် ရွှေကောင်း၏ တန်ပြန် တိုက်ကွက်များကို မနည်းကျော်





www.burmeseclassic.com

www.burmeseclassic.com


တိမ်း နေရလေ၏။ ရွှေကောင်းသည် ဒေဝတစ်ယောက် သဲကြီး
တိုက်ခိုက်နေသဖြင့်အနောက်သို့ခုန်ဆုတ်လိုက်ပြီး``တော်ပြီ တို
ခင်ဗျားနဲ့ကျုပ်အသေအကျေတိုက်စရာမလိုဘူး``ဟုတားဆီးလို
လေ၏။ ဒေဝသည် စိတ်မထိမ်းနိုင်ဘဲ ရွှေကောင်းကို အပြင်းအ
ဆက်လက်တိုက်ခိုက်ရန်ပြင်လိုက်၏။ ထိုအခိုက်မှာပင် ၄င်းတို့အ
ဆရာတိုက်မောင်းရောက်လာပြီး``ရပ်လိုက်စမ်းဒေဝ..မင်းဟာ
တော် အသုံးမကျတဲ့ကောင်ပဲ၊ အချင်းချင်း တိုက်ခိုက်တာ ဘာဖြ
ရက်စက်တဲ့ တိုက်ကွက်တွေကို သုံးနေတာလဲ၊ မင်းပညာသင်
သုံးနှစ်ကျော်ပြီ၊ ရွှေကောင်းသင်တာ တစ်နှစ်မပြည့်သေးဘူး မင်း
နားလည်ဖို့သင်ပြီးမင်းထက်ရွှေကောင်းရဲ့ပညာသာသွားပြီ၊ ရှေ့
တိုးရင် မင်းအရှက်ကွဲမှာ သေချာတယ်``ဟုပြောလေရာ ဒေဝသ
အံ့ကိုကြိတ်ပြီး အနီးမှ မကျေမချမ်း ထွက်သွားလေ၏။ ဒေဝ၏ နော
ကျောကို ကြည့်ပြီး တိုက်မောင်းက``ဒီကောင် အကျင့်ဆိုးလိုက်တ
ဒါပေမဲ့..သူ့ဘဝတော့ သေသွားရှာပြီ၊ ဒီနေ့ကစပြီး သူဘဝလည်း
ပါပြီ၊ ဆရာကြီးရဲ့ သူရဲကောင်း စာရင်းမှာ မရှိတော့ဘူး``ဟုပြော
ရွှေကောင်းကနားမလည်ဟန်ဖြင့်``ဆရာကြီးရဲ့စာရင်းဆိုတာ ဘာ


www.burmeseclassic.com

www.burmeseclassic.com


ဆရာ``ဟုမေးမြန်းလေ၏။ ထိုအခါတိုက်မောင်းကရွှေကောင်း အမေးကို မဖြေဘဲ``တစ်ချိန်ကျရင် မင်းနားလည်လာမှာပါ၊ ငါ့မှာဖြေခွင့်မရှိသေးဘူး၊ ဆရာကြီးနဲ့ အဖွဲ့ဝင်တွေအားလုံး မင်းကို သဘောကျ နေပြီ၊ ဒါဟာ မင်းကံကောင်းတဲ့ အချက်ပဲ``ဟုဆိုလိုက်ရာ ရွှေကောင်းသည် ဆရာကြီးထံသို့ တစ်ခါတစ်ရံ လာရောက်လေ့ရှိသော ဧည့်သည့်များကိုသတိရ၏။ တစ်ခါက ဆရာတိုက်မောင်းနှင့် ဧည့်သည် လူထူးဆန်းများရွှေကောင်းလေ့ကျင့်ရာ နေရာသို့ ရောက်ရှိလာပြီး တိုက်မောင်းက ရွှေကောင်းကို ရှမ်းကြီးသိုင်း ၁၂ကွက် ကစားခိုင်း၏။ ထိုနောက်တွင်မှ တိုက်မောင်းက ဖင်ယော်သုတ်၊ ပန်းတံချူ၊ ကတ်ကြေးကိုက် စသည့် သိုင်းအမည်များကိုရွတ်ဆိုပြီးရွှေကောင်းကို ကစားခိုင်းလေတော့၏။ ရွှေကောင်း ကစားနေဟန်ကို ဧည့်သည်များက ချီးမွမ်းစကားပြောလေ၏။ ထိုသူများ မည်သူမည်ဝါမှန်း ရွှေကောင်း မသိချေ။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးခေါင်တစ်ဖက်ကမ်းက လွင့်ပျံလာသော နတ်ဆိုင်းသံကြားသည့်
မှုယာသည်နတ်ပွဲဂါသနာအိုး ပိပိရွှေကောင်းကိုအဖော်စပ်ကာ ရော
အောင်သွားရှိ၏။ရွှေကောင်းကမူနတ်ဆိုင်းသံကြားလျှင် ကျောချမ်း
မိ၏။မိမိတို့ နတ်ပွဲသွားခြင်းကို ဆရာကြီးသိလျှင် မလွယ်ဟု တင်မိ
ရွှေမောင်းတို့မြို့သို့ ထူးထူးခြားခြား နတ်ဝင်သည်များစွာ လာရော
စုဝေးလေ့ရှိပြီးနတ်ပွဲများနှင့်ပတ်သက်ပြီး အိမ်နီးချင်း မြို့များသို့တိုင်
နံမည်သတင်းကြီးလေ၏။ထိုကြောင့်ပင်နတ်ပွဲကြည့်ရှုရန်အလွန်ဂါသ
နာထုံသောမှုယာအတွက်နတ်ပွဲများကိုမရှိုးနိုင်အောင် ကြည့်ရလေ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ရွှေကောင်းသိုင်းသင်တန်းကျောင်းမှ ပြန်လာပြီး အိမ်ထဲသို့ ရောက်သောအခါ ချောင်းတဟွတ်ဟွတ် ဆိုးနေသော ဖခင်ကြီးကို မြင်သဖြင့် စိုးရိမ်တကြီး ပြေးပွေ့လိုက်၏။ ထိုအခါဖခင်၏ ပါးစပ်မှ သွေးများပင် စီးကျနေကြောင်းတွေ့ရ၏။ ဖခင်ကြီး ချောင်းတဟွတ်ဟွတ် ဆိုးနေသည်မှာ ကြာပေပြီ။ ယခု ဖခင်၏ ပါးစပ်မှ သွေးများပင် ပါလာသဖြင့် ရွှေကောင်းသည် ဖခင်အတွက် စိုးရိမ်ပြီး ဆရာဝန်ကြီးကို သွားပင့်ပြီး စစ်ဆေးလေ၏။ ထိုအခါ ဆရာဝန်ကြီးက ဖခင်ကို စစ်ဆေးကြည့်ပြီးနောက် ဖခင်၏ ချောင်းဆိုးသွေးပါရောဂါ ကျွမ်းနေပြီဖြစ်ကြောင်း ပြောလေ၏။ ဖခင်ကြီးသည် သူ၏ ရောဂါအခြေအနေကို ရွှေကောင်းမသိအောင် ထိမ်းချုပ်ထားခြင်း ဖြစ်၏။ ရွှေကောင်းသည် ရောဂါကို ထိန်ချန်ထားသော ဖခင်ကိုဂရုဏာဒေါသောဖြင့် အပြစ်တင်ပြီးအပ်ထည်များ အားနားနားနေနေ ချုပ်လုပ်ပါရန် ဖခင်အား ပြော၏။ ရွှေကောင်းသည် ဖခင်၏ အချုပ်အလုပ် ပညာကိုသင်ယူထားသဖြင့် ဖခင်၏ အပ်ထည်များကို တတ်နိုင်သမျှ ပိုင်းဝန်း ချုပ်လုပ် ပေးလေ၏။ ဖခင်သည် သူ၏ အပ်ချုပ်ပညာကို အလေးအနက် ထားသူဖြစ်သဖြင့် အပ်ထည်များကို သေသပ်စွာ ချုပ်လုပ်သောကြောင့်ဖခင်၏ ချုပ်ထည်



www.burmeseclassic.com

www.burmeseclassic.com


များကိုလှူအများ နှစ်သက်ကြ၏။ ရွှေကောင်းသည်ဆရာ မင်းယကွ၏ သင်တန်းတွင်လည်း သိုင်းပညာကို ကြိုးစားပမ်းစား သင်ယူလေ၏။ သူသည်အခြားသော သင်တန်းသားများထက် ပညာရပ်ထဲတွင် မြင့် ထား၏။ ထိုကြောင့်နှစ်နှစ်ကျော်အတွင်း ရွှေကောင်းသည် သင်တန်းတွင် ဆရာတိုက်မောင်းပြီးလျှင် အထူးချွန်ဆုံးကျောင်းသား ဖြစ်ခဲ့လေ၏။ရွှေကောင်း၏ ပညာထူးချွန်လာသည်နှင့် အမျှ ရွှေကောင်းကို မလို လားသော ဒေဂ၏ ရန်ငြိုးရန်စ မီးလည်း ပိုမိုတောက်လောင် လာ၏။ ရွှေကောင်းသည် ဒေဂကမိမိကိုအစဉ်အမြဲ အကောက်ကြံနေသည် ဟု ထင်မြင်လေ၏။ တစ်နေ့သ၌ ရွှေကောင်း၏ သိုင်းလေ့ကျင့်ဖက် ဖြစ် သူ စိန်တိုးက ``မေးရဦးမယ် သူငယ်ချင်း မင်းနဲ့မှုယာက ဘယ်လိုလဲ ``ဟုမေးမြန်းလိုက်ရာ ရွှေကောင်းက လက်ကာပြပြီး``မှုယာက ငါ့ သူငယ်ချင်းပေါ့၊ဘာဖြစ်လို့လဲ``ဟုမေးမြန်းလိုက်၏။ စိန်တိုးက သတ် ပြင်းချပြီး``မင်းတို့ မြို့ထဲကို နတ်ပွဲ သွားကြည့်နေတာ ဆရာကြီး သိ ပါတယ်၊ ဘာကြောင့်သိလည်း ဆိုတော့၊ ဒေဂက ဆရာကြီး သမီးကို ကြိုက်ပြီး မင်းကို မနာလိုဖြစ်နေတော့ မင်းတို့ သတင်းကို ဆရာကြီး သိအောင် ပြောပြီးတာ ကြာပြီကွ``ဟုဆိုလိုက်ရာ ရွှေကောင်းသည်


www.burmeseclassic.com

www.burmeseclassic.com



လူယုတ်မာ ဒေဝကို ဒေါသပုန်ထ သွားပြီး ``မစားရတဲ့ အမဲ သဲနဲ့ပက်တဲ့ကောင် ဒီကောင် ယုတ်မာလှချည်လား``ဟုရေရွတ်လိုက်လေ၏။ စိန်တင်ကခေါင်းညိတ်ပြီး ``ဒီကောင်က ဆရာကြီးမင်းယကွကို တိုင်ခဲ့ပေမဲ့ ဆရာကြီးက မင်းကို အရေးမယူခဲ့ဘူးကွ``ဟု ဆိုလိုက်လေရာ ရွှေကောင်းက စိန်တင်ကို နားမလည်ဟန်ဖြင့် ကြည့်ပြီး ``အဲဒါက ဘာဖြစ်လို့လဲ``ဟုမေးမြန်းလေ၏။ စိန်တင်က သက်ပြင်းချပြီး ``မင်းတသင်ပ၂နန်းမှာ အရိုးသားဆုံးနဲ့ အတော်ဆုံး ဆိုတော့ ဆရာကြီးက မင်းကို ယုံကြည်လို့ နေမှာပေါ့``ဟုပြောလေရာ ရွှေကောင်းက စိတ်မော လူမောဖြင့် သက်ပြင်းချလိုက်လေ၏။

မှုယာသည် နတ်ပွဲများကို မကြာခဏ သွားရောက်ကြည့်ရှု နေသဖြင့် နတ်ဝင်သည် များနှင့် မျက်မှန်းတန်းမိလာပြီး နတ်ပွဲကသည်အခါ၌ မကျောပ်ထဲတွင် ဝင်ထိုင်ရန် ဖိတ်ခေါ်ခြင်း ပင်ခံရလေ၏။ ထိုအခါမှုယာသည် ပွဲအတွင်းသို့ ဂမ်းသာအားရ ဝင်ထိုင်ပြီး အားပေးလေတော့၏။ တစ်ကြိမ်တွင် အဓောင်းဆိုသော နတ်ကတော်ကြီးက နတ်ဝင်ရင်း မှုယာကို ခေါ်လိုက်ပြီး ``ဒီ နမတော်လေးက လိပ်ပြာလှတယ်၊ ကိုယ့်တော် နဲ့အတူ ပျော်ရအောင်ကွယ်``ဟုဆိုလိုက်ရာ အကြောင်း၏ တ



www.burmeseclassic.com

www.burmeseclassic.com


ပည့်များက မူယာကို ပွဲအတွင်းသို့ ဆွဲခေါ်ပြီး ပုဂါနှင့် ခေါင်းပေါင်းများကို အမြန် ဆင်ယင် ပေးလေ၏။ရွှေကောင်းသည်မူယာကိုတားမြစ်ရန် ပြင်ဆင်နေစဉ် စိတ်အားထက်သန်နေသော မူယာသည် ပွဲအလယ်သို့ ဝင်သွားပြီး နတ်ကတော်နှင့် ယှဉ်တွဲကလေ၏။ မူယာသည် ထိုအချိန်မှစပြီး နတ်ပွဲများတွင် မကြာခဏ ဝင်ရောက်ဆင်နွှဲလေ၏။နတ်ဝင်သူများကလည်း မူယာက လိပ်ပြာလှသည် ဆိုကာ နတ်ပွဲများတွင်ဝင်ကရန် ဖိတ်ခေါ်လေ၏။ ရွှေကောင်းကမူ မူယာနတ်ပွဲများတွင် ဝင်ပြီးကပြနေခြင်းကို လွန်စွာ စိုးရိမ်လေ၏။ ဆရာကြီးသိမှာလည်း ကြောက်၏။ ရွှေကောင်းက မူယာနတ်ပွဲကပြခြင်းနှင့် ပတ်သက်ပြီး ``ဆရာကြီးက နတ်ပွဲတွေ ဘာတွေ အယုံအကြည် ရှိတာ မဟုတ်ဘူး၊ နင် ဒီလို နတ်ပွဲမှာ ဝင်ကနေတာ ဆရာကြီးသိရင် မိုးမီးလောင်လိမ့်မယ်´´ဟုပြောလိုက်ရာ မူယာက သက်ပြင်းချပြီး ``ငါ့အဖေက မြို့ထဲက လူတွေနဲ့အဆက်အသွယ် ရှိတာ မဟုတ်ဘူး၊ ငါ နတ်ပွဲ ဝင်ကတာကို သင်တန်းကလူတွေ သိရင်လည်း အဖေ့ကို မျက်နှာလို မျက်နှာရ လုပ်မှာ မဟုတ်ပါဘူး။ ဒါကြောင့် နင်ဒီလောက် စိုးရိမ်သောက မဖြစ်ပါနဲ့´´ဟုပြော၏။ ထိုအချိန်မှစပြီး နတ်ပွဲတွင် ပါဝင်ကပြရန် လွန်စွာစိတ်အားထက်သန်


www.burmeseclassic.com

www.burmeseclassic.com



နေသော မှုယာကို တားမြစ်ရန် မလွယ်ကူတော့ချေ။ မှုယာသည် နတ်ပွဲများကို မျှော်နေသူပီပီ ဖိုးခေါင်တစ်ဖက်ကမ်းမှ နတ်ဆိုင်းတီးသံကိုသာ မျှော်လင့်နေလေ၏။ သူမသည် နတ်ပွဲများတွင် ဂင်ရောက်ကပြရင်း နတ် ဂင်သည်ကြီး အသောင်းနှင့် ရင်းနှီး ခင်မင်လာ၏။ သူမသည် အသောင်း၏ ပွဲများတွင် မပျက်မကွက် ဂင်ရောက်ကပြလေ့ရှိလေ၏။ ထိုသို့ ကပြနေသော်လည်း မှုယာ နတ်ပွဲကပြ နေခြင်းကို ယနေ့ထက်တိုင်ဆရာကြီးသိရှိခြင်းမရှိချေ။ မှုယာ နတ်ပွဲကပြခြင်းကို အမဖြစ်သူ ဖြူပြာ သိရှိသော်လည်း ညီမကို အလိုလိုက်သော ဖြူပြာက ဖခင်ကို ထိမ်ချန်ထားလေ၏။ ယခုတလောတွင် ဖြူပြာတစ်ယောက် မြို့ပေါ်ရှိ ဆွေမျိုးနီးစပ် တစ်ယောက် အိမ်တွင် ပန်းထိုးပညာ သင်ယူနေလေ၏။ ဖြူပြာ ပန်းထိုးပညာ သင်ယူခြင်းကို ဆရာကြီးက ခွင့်ပြုထားသဖြင့် အမျိုးနီးစပ်တော်သူ၏အိမ်တွင် နေထိုင်ပြီး သင်ယူလေ၏။ ထို့ကြောင့် မှုယာသည် အထီးကျန် အဖော်မဲ့နေပြီး အားလပ်သည့်အချိန်တိုင်း ဖိုးခေါင်းချောင်းတစ်ဖက်ကမ်းကနတ်ဒိုးသံကိုသာစောင့်မျှော်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သည်၌ ရွှေကောင်းတို့ နေထိုင်ရာ ခြံဝန်းအတွင်းသို့ ဆရာကြီး
မင်းယက္ခ၏ မိတ်ဆွေ လူထူးလူဆန်းများ မမျှော်လင့်ဘဲ ရောက်ရှိလာ
လေ၏။ထိုသူများသည် အနီရောင် ဝတ်စုံများကိုဝတ်ဆင်ထားပြီး ယခု
တခေါက်တွင် လူဦးရေ ၂၀ကျော် ပါရှိလေ၏။ ထိုသူများရောက်ရှိပြီး
မကြာမီ ဆရာတိုက်မောင်းက သင်တန်းသားများ ရှိရာသို့ လာရောက်
ပြီး``မနက်ဖြန်ကျ သင်တန်း တစ်ရက်နားမယ်ဟေ့``ဟုပြောလေ၏
ဆရာတိုက်မောင်းသည် သင်တန်းသားများ မသိအောင် ရွှေကောင်း
အနီးသို့ ရောက်လာပြီး``မင်း မနက်ဖြန် သင်တန်းကို လာခဲ့ပါ၊ ဒီကို

www.burmeseclassic.com

www.burmeseclassic.com


တို သူများ မသိအောင် လျှို့ဝှက်ထားပါ``ဟုပြောလေရာ ရွှေကောင်း
ဘ ဆရာတိုက်မောင်းကို နားမလည်နိုင်ဟန်ဖြင့် ကြည့်လိုက်ပြီးခေါင်း
ညိတ်ပြလိုက်လေ၏။ ရွှေကောင်းသည် နောက်တစ်နေ့၌ ဖခင်ကြီးကို
ကူညီလုပ်ကိုင်ပေးပြီး နံနက်စာ စားကာ သင်တန်းသို့ ထွက်ခဲ့လေ၏။
ဆရာမင်းယက္ခ၏ အိမ်ပေါက်ဝတွင် သူ၏ပြိုင်ဘက် တစ်ယောက်ဖြစ်
သော ဒေဝကို တွေ့လိုက်သဖြင့် မျက်မှောင်ကြုတ်လိုက်မိ၏။ ဒေဝကို
ယနေ့ သင်တန်းတက်ရန် ဆရာတိုက်မောင်း ခေါ်ထားလေသည်မသိ။
ဒေဝလည်း ရွှေကောင်းမျက်နှာကို အံ့ဩဟန်နှင့် ကြည့်နေကြောင်း
သတိပြုမိ၏။ဆရာမင်းယက္ခ၏ ခြံထဲသို့ ရောက်သောအခါ အနီရောင်
ဝတ်စုံဝတ်လူစိမ်းများက မြေကွက်လပ်တွင် သဲဖြူခင်း၍ရာဇမတ်ကာပြီး
အလံပျောပင်များ စိုက်နေလေ၏။ပင်နီအင်္ကျီကိုပင်အစဉ် ဝတ်ဆင်လေ့
ရှိသော ဆရာတိုက်မောင်းကို အနီရောင်ဝတ်စုံ ဝတ်ဆင်ပြီးလူစိမ်းများ
ကြားတွင်တွေ့ရလေ၏။ရွှေကောင်းသည်တိုက်မောင်းအနီးသို့ သွားပြီး
``ဘာကူညီရမလဲဆရာ``ဟုမေးမြန်းလေရာတိုက်မောင်းကလက်ကာ
ပြီး``ဒီနေ့မင်းဘာမှမလုပ်ရဘူးကွငြိမ်ငြိမ်သက်သက်နေ``ဟုဆို၏။
အခိုက်မှာပင် အနီရောင် ဝတ်စုံဝတ် လူစိမ်းများသည် ရှမ်းအိုးစည်၊

www.burmeseclassic.com


မောင်း၊ယကွင်း စသော ဇာရှိယာများကို တီးခတ်ရန်အသင့် ပြင်ဆ
နေကြ၏။ခဏကြာလျှင် အိမ်ကြီး၏ အပေါ်ထပ်မှသာယာသောမောင်
သံ တဒူဒူ ကြားရလေ၏။မောင်းသံကြောင့် ဆရာတိုက်မောင်းက ဒေ
နှင့် ရွှေကောင်းကို ``မင်းတို့ ငါနဲ့လိုက်ခဲ့ကြ`` ဟုဆိုကာ အိမ်ကြီး
အပေါ်ထပ် စာကြည့်ခန်းထဲသို့ ခေါ်ဆောင်သွားလေ၏။ အိမ်ကြီးထဲ
တွင် မှုယာတို့ ညီအစ်မ၏ အရိပ်အယောင်ကို မမြင်ရချေ။ ရွှေကော
တို့သည် ဆရာကြီး၏ တပည့်အဖြစ် သုံးနှစ်ကျော် ပညာသင်ကြားခဲ့
ဖြစ်သော်လည်း ဆရာကြီး၏ အိမ်အပေါ်ထပ်သို့ တစ်ကြိမ် တစ်ခါမှ
မရောက်ဖူးချေ။ ဆရာကြီး၏စာကြည့်ခန်းကြီးသည်လွန်စွာကျယ်ဝ
ပြီး စာကြည့်တိုက် တစ်ခုလုံး ပေ၊ ပုရပိုဒ်စာများ ကျမ်း စာအုပ်များနှ
ပြည့်နှက်နေ၏။ ထိုပြင် အခြားသော ရှေးဟောင်းပစ္စည်း အမျိုးမျိုးက
မြင်တွေ့ရလေ၏။ ဆရာကြီးသည် စာကြည့်ခန်းထဲရှိ လွန်စွာ ခန့်ညာ
သော ကျွန်းထိုင်ခုံကြီး ပေါ်တွင် ရှိနေပြီး ရွှေကောင်းတို့ လူစုကို ကော
ဇောပေါ်တွင်ထိုင်ရန် လက်ဖြင့်ပြ လိုက်လေ၏။ ဆရာ တိုက်မောင်
ရွှေကောင်းနှင့်ဒေဝအား ကော်ဇော်ပေါ်တွင် အတူယှဉ်တွဲပြီး ထိုင်နိုင
လေ၏။ ရွှေကောင်းတို့ နံဘေးတွင် ဆရာတိုက်မောင်နှင့် အနီးရော

www.burmeseclassic.com

www.burmeseclassic.com


ဝိစုံဝတ်လူစိမ်းသုံးယောက်ထိုင်လေ၏။ဆရာကြီးကလူစုံသောအခါ
ကောင်းနှင့်ဒေဝကိုကြည့်ပြီး ``မင်းတို့နှစ်ယောက်ဟာ ငါ့သင်တန်း
တွေထဲမှာရှားရှားပါးပါးအတော်ဆုံးတပည့် နှစ်ယောက်ပဲ၊ မင်းတို့
ယောက်ရဲ့ ပညာရည် တိုးတက်မှုကို ငါအရင်ကတည်းက ကြည့်
ခဲ့တယ်၊ ဒီလို စောင့်ကြည့်နေတာဟာ မင်းတို့နှစ်ယောက်အတွက်
ာ အနာဂတ် မျှော်လင့်ချက် တွေ ရှိနေလို့ပဲကွ`` ဟုပြောလေ၏။
ရာကြီး၏ စကားကြောင့် ရွှေမောင်းနှင့် ဒေဝသည် အံ့ဩဟန်ဖြင့်
ရာကြီးကိုကြည့်လိုက်မိလေ၏။ဆရာကြီးကဆက်လက်ပြီးနောက်`
ဒါဟာ မင်းတို့အမြင်မှာ သိုင်းဆရာကြီး တစ်ယောက် ဖြစ်ပေမဲ့
တယ်တော့ ငါဟာ လိုတရဆိုတဲ့ အလွန် ရှေးကျတဲ့ဂိုဏ်းကြီး တစ်
ဏ်းရဲ့ခေါင်းဆောင်ပါ၊ လိုတရဂိုဏ်းဟာ ကုန်းဘောင် ခေတ်အစော
းလောက်က စတင်ပေါ်ပေါက်ခဲ့ပြီး ငါတို့ဂိုဏ်းဟာ လောကီပညာ
တ် ကိုယ်လုံပညာရပ်ကို အခြေခံ ခဲ့တယ်၊ ငါတို့ဂိုဏ်းရဲ့ ဂိုဏ်းဝင်
တွေဟာ မြန်မာ့ထီးနန်း ထဲမှာ ပေါက်မြောက်ရုံမကဘူး၊ စော်ဘွါး တွေ
ချင်ဒူပါကြီးတွေ ဆီမှာတောင် သိုင်းဆရာကြီးတွေအဖြစ် အမှုထမ်း
ခဲ့ကြတယ်။ငါတို့ဂိုဏ်းဟာအိမ်နီးချင်းယိုးဒယားထီးနန်းထိအောင်ပြန့်နှံ့


www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်။ ငါတို့ရဲ့ကိုယ်လုံပညာ တွေဟာမြန်မာ့သိုင်းပညာကို အခြေ
ခံပေမဲ့ ရောက်လေရာ အရပ်ရပ်က ပညာတွေနဲ့ ပေါင်းစပ်ပြီးပိုမို
သစ်တီထွင်နိုင်ခဲ့တယ်၊ ရှေးကငါတို့ဂိုဏ်းဖင်တွေနန်းတွင်းမှာအမှု
ခဲ့ပေမဲ့ မင်းတုန်းမင်းကြီးလက်ထက်လောက်မှာ နန်းတွင်းကထွက်
လိုတရဂိုဏ်းဆိုပြီးသီးသီးသန့်သန့်ပေါ် ပေါက်လာတယ်၊ ဂိုဏ်းရဲ့
ခေါင်းဆောင်က ဦးဗုစ် လို့ခေါ်တယ်၊လိုတရဂိုဏ်းကို မသိနားမလည်
လူတွေကပွဲကျောင်းဘုန်းကြီးတွေလို့ ထင်မြင်ကြတယ်၊ လိုတရ
ဟာ ခေါင်းဆောင်ကြီးဦးဗုစ်နောက်ပိုင်းစည်းလုံး ညီညွတ်မှု ပြိုကွဲ
ပြီး ခေါင်းဆောင်တွေ အားပြိုင်ရာက နောက်ဆုံးမှာ သူတို့ ပညာ
ညံ့ဖျင်းလာပြီးလိုတရဂိုဏ်းရဲ့အင်အားတဖြည်းဖြည်းပြိုကွဲလာခဲ့
ကိုလိုနီခေတ်ရောက်တော့ လိုတရဂိုဏ်းဟာ မထင်မရှားပဲ ကျ
တယ်ဒီနေ့ ငါတို့ခေတ်ပေါ်ကွာ၊ ဘာပဲဖြစ်ဖြစ် ငါတို့ဂိုဏ်းကြီး မပျော
ပျက်အောင် ဆက်ပြီး ထိမ်းသိမ်းဖို့ ငါ့မှာတာဝန်ရှိတယ်၊ငါတို့ ဂိုဏ်း
အလွန်ရှေးကျတဲ့ လောကီပညာရပ်တွေ ရှိတယ်၊ အလွန် လျို့ဝှက်
ကိုယ်ခံပညာ တွေလည်း ရှိတယ်၊ လူမသိအောင် လျို့ဝှက်ထား
ထားတဲ့ရတနာသိုက်မြေပုံတွေ တောင်ရှိတယ်၊ ဒါကြောင့်ငါတို့

www.burmeseclassic.com



ဂိုဏ်းကို မပျောက်ပျက်အောင် ထိမ်းသိမ်းဖို့ငါ ဆုံးဖြတ်ထားတယ်``

ဆရာမင်းယက္ခ၏ စကားကို ရွှေကောင်း နှင့်ဒေဂသည် စိတ်ဝင်စားစွာ

နားထောင် နေမိ၏။ ဆရာမင်းယက္ခက ဆက်လက်ပြီး``ငါဟာ သိုင်း

ညာသင်တန်း ဖွင့်ထားတာ စားဝတ်နေရေးကြောင့် ဖွင့်လှစ်ထားတာ

မဟုတ်ဘူးဆိုတာ မင်းတို့ ရိပ်စားမိမှာပါ``ဟုပြောလေရာ ရွှေကောင်း

တို့ နှစ်ယောက်ပြိုင်တူ ခေါင်းညိတ်လိုက်၏။ဆရာကြီးက ဆက်လက်

ပြီး ငါတို့လိုတရဂိုဏ်းနဲ့ခေတ်ပြိုင် သူရိယစန္ဒာဂိုဏ်းဟာ ဒီနေ့အထိ

မြန်မာပြည်မှာ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ပေမဲ့ ငါတို့ လိုတရဂိုဏ်းက

တဖြည်းဖြည်းနဲ့ တိမ်ကောတော့ မလိုဖြစ်လာနေပြီ ၊ဒီလိုအဖြစ်မျိုးကို

လုံးဝအဖြစ်မခံနိုင်တဲ့ အတွက် ငါ့လက်ထက်မှာ လိုတရဂိုဏ်းကို ပြန်

ဆက်သွင်းဖို့ ဆုံးဖြတ် ခဲ့တယ်၊ ဒါကြောင့်လည်း ငါဟာ သိုင်း သင်

တန်း ဖွင့်ပြီး အရည်အချင်း ရှိတဲ့ လူငယ်တွေကို ရှာဖွေခဲ့တယ်၊ ဒီလို

ရှာဖွေတဲ့ နေရာမှာ လက်ရုံးရည် တစ်ခုတည်းကို ဦးစားပေး ရှာဖွေ

တာ မဟုတ်ဘူး၊ နှလုံးရည် ပြည့်ဝတဲ့သူတွေကို ရှာဖွေခဲ့တယ်၊ ဒီလူ

ငယ်တွေကို ငါတို့ဂိုဏ်းရဲ့ အနာဂတ်ကို ဦးဆောင်နိုင်မဲ့ လူတွေလို့ ငါ

ယုံကြည်ခဲ့တယ်၊ ဒီလို ရှာဖွေရင်း ငါ့ရဲ့သိုင်း သင်တန်းမှာ လက်ရုံးရည်

www.burmeseclassic.com

www.burmeseclassic.com



နလုံးရည်နဲ့ ပြည်စုံတဲ့ မင်းတို့နှစ်ယောက်ကို ငါတွေ့ခဲ့တာပဲ၊ဒါကြောင့်
ငါတို့ လိုတရ ဂိုဏ်းကြီးကို ဝင်ဖို့ မင်းတို့ကို ဖိတ်ခေါ်ပါတယ်၊ မင်းတို့
ရဲ့ ဆန္ဒကို အခုချက်ချင်း ပြောစရာ မလိုဘူး၊ မင်းတို့ စဉ်းစားပါ၊ ငါတို့
ဂိုဏ်းထဲကို ဝင်မယ်ဆိုရင်တော့ ခေတ်အဆက်ဆက်က ရှာဖွေ လာခဲ့
တဲ့ လျှို့ဝှက်တဲ့ တိုက်ခိုက်ရေး အတတ်ပညာတွေကို မင်းတို့ အရည်
အချင်း ရှိရင် ရှိသလောက် လေ့လာနိုင်မယ်၊နောက်ပြီး လျှို့ဝှက်နက်နဲ
တဲ့ လောကီပညာ တွေကို သင်ယူနိုင်မယ်၊ အခြား မမျှော်မှန်း နိုင်တဲ့
အကျိုး ကျေးဇူးတွေကိုလည်း ခံစားရနိုင်တယ်``ဟုပြောလေရာ ရွှေ
ကောင်းသည် ဆရာကြီး မင်းယက္ခ၏ လိုတရဂိုဏ်းသို့ ဝင်ချင်စိတ်များ
ဖြစ်ပေါ်လာ၏။ သူနည်းတူ လူယုတ်မာ ဒေဝလည်း လိုတရဂိုဏ်းသို့
ဝင်ချင်ဟန်ရှိ၏။ ဒေဝလို လူယုတ်မာမျိုး လိုတရဂိုဏ်းမှာ မရှိသင့် ဟု
ထင်မြင်မိ၏။ ရွှေကောင်းသည် ဆရာကြီးမင်းယက္ခကို ကြည့်ပြီး လေး
နက်စွာဖြင့်``ကျွန်တော် လိုတရဂိုဏ်းကို ဝင်ပါမယ် ဆရာကြီး၊ ဆရာ
ကြီးက ကျွန်တော့်ဘဝရဲ့ပဲ့ကိုင်ရှင်ပါ၊ ဆရာကြီး ရှိတဲ့ နေရာမှာ အမြဲ
ကျွန်တော် ရှိနေမှာပါ``ဟုဆိုလိုက်ရာ ဆရာမင်းယက္ခက ခေါင်းညိတ်
လိုက်ပြီး``ဒါမှ ငါ့တပည့်ကွ၊ ငါပြုစုပျိုးထောင်ရ ကျိုးနပ်ပါပေတယ်``

www.burmeseclassic.com

www.burmeseclassic.com


ဟုပြောလေရာ ဒေဝကလည်း ဝင်ရောက်ပြီး ``ကျွန်တော်လည်း ဝင်ပါမယ် ဆရာကြီး``ဟုဆိုလိုက်ရာ ဆရာကြီး မင်းယက္ခက သဘောကျဟန်ဖြင့် ``ကောင်းပါလေ့ကွာ၊ ငါတို့ လိုတရဂိုဏ်းအတွက် အားကိုးရမဲ့ တပည့်တွေပါပဲ`` ``ဟုဝမ်းသာအားရ ချီးမွမ်းစကား ပြောလေ၏။ ထိုနောက် ဆရာကြီး မင်းယက္ခက ``မင်းတို့နှစ်ယောက်ဟာ ဒီအချိန်တစပြီး ငါ့ရဲ့အတွင်းစည်းထဲက တပည့်တွေ ဖြစ်သွားပြီ၊ မင်းတို့နှစ်ယောက်လည်း ဒီအချိန်ကစပြီး သွေးသောက်ညီအကိုတွေလို ချစ်ချစ်ခင်ခင် နေထိုင်ကြပေတော့၊ မင်းတို့ကို အရေးအကြီးဆုံး မှာကြားချင်တာကတော့ လိုတရဂိုဏ်းနဲ့ ပတ်သက်လို့ နှုတ်လုံစေချင်တယ်`` ဟုပြောလေရာ ရွှေကောင်းနှင့် ဒေဝက နှုတ်လုံမည့်အကြောင်း ကတိပြုခဲ့လေ၏။ ထိုအခါ ဆရာတိုက်မောင်းက ဆရာကြီး၏ စာကြည့်ခန်းထဲတွင် ရှိသော မောင်းကြီးကို တဒူဒူ တီးခတ်လိုက်လေတော့၏။ မောင်းသံကြားသည်နှင့် ခြံထဲတွင် ရှိနေသော အနီရောင်ဝတ်လူများထံမှ မောင်းသံ၊ယက္ခင်းသံ၊ ရှမ်းအိုးစည် သံများကို စိတ်အားတက်ကြွဖွယ် ကြားရလေ၏။ ထိုအခိုက်မှာပင် အခန်းထဲသို့ မူယာတို့ ညီအမရောက်လာပြီး စားဖွယ်သောက်ဖွယ် များကို ယူဆောင်လာလေ၏။သောက

www.burmeseclassic.com

www.burmeseclassic.com


ရွှေကောင်း၏ အနီးသို့ တိုးကပ်ပြီး ``ဒီအချိန်ကစပြီး နင်ငါတို့ အိမ်ကြ
ဆီကို တခါးမရှိခါးမရှိ ဝင်ခွင့်ထွက်ခွင့် ရပြီ``ဟုပြောလိုက်လေ၏
အနီးရောင် ဝတ်စုံဝတ်လူများကို ဦးသီလ ဆိုသော လူကြီးတစ်ဦးက
ဦးဆောင်ပြီး ခေါ်လာတတ်၏။ဦးသီလသည် လိုတရဂိုဏ်းကြီး၏ စည်
ကမ်းထိမ်းသိမ်းရေးမှူးဟုသိရ၏။ ဦးသီလက ရွှေကောင်းနှင့် အေ
အား လိုတရဂိုဏ်း၏ သမိုင်းကြောင်းနှင့်ဇာတိသွေးဇာတိမာန်တက်ကြ
ဖွယ် ရာများကို ကြက်သီးဖြန်းဖြန်းထဖွယ် ပြောဆိုလေ၏။ ထိုသို့ဖြ
ရွှေကောင်းသည် ဆရာကြီးမင်းယက္ခ၏ လွန်စွာ ရှေးကျပြီး လွန်စွာ
လျှို့ဝှက်သော လောကီပညာဂိုဏ်းကြီးသို့ မမျှော်လင့်ဘဲ ဝင်ရောက်
လေ၏။

www.burmeseclassic.com

တစ်နေ့သ၌ ရွှေကောင်း အိမ်သို့ ပြန်လာသောအခါ ဖခင်ကြီး၏ အရိပ်အယောင်ကို မမြင်ရသဖြင့် ``အဖေ..အဖေ ဘယ်ရောက်နေလဲ``ဟု အော်ဟစ်ခေါ်ပေါ်ပြီး အနောက်ဘက်ခြံထဲသို့ ဆင်းကြည့်လေရာ ခြံထဲတွင် လဲကျနေသော ဖခင်ကြီးကို မြင်တွေ့ရလေ၏။ ရွှေကောင်းက ခင်ကို စိုးရိမ်တကြီး မြေးဖွေ့လိုက်သောအခါ ဖခင်ကြီးက ``အဖေ ကို ခွင့်လွှတ်ပါ ငါ့သားရယ်.အဖေသားကို တစ်ယောက်ထဲထားခဲ့တော့ မယ်``ဟုဆိုလိုက်ရာ ရွှေကောင်းသည် ဖခင်ကို လွန်စွာပူပင် သွားပြီး



www.burmeseclassic.com

www.burmeseclassic.com

``အဖေ ဘာမှ မဖြစ်ရဘူး ကျုပ်တို့ ဆရာဂန်ကြီး သွားပင့်မယ်'' ဆိုလိုက်ရာ ဖခင်ကြီးက ခေါင်းခါယမ်းပြီး ``အချိန်နှောင်းပါပြီ ငါ့ ရယ်..အဖေ ငါ့သားကို စောင့်နေတာ၊ လောကမှာ ဘယ်အရာမှ ပါဘူးငါ့သားရယ်.အဖေ မသေခင် ငါ့သားကိုမှာစရာ ရှိသေးတယ် ဖေသေရင် အိမ်ရှေ့ ကွပ်ပစ်အောက်က မြေကြီးကို တူးကြည့် သားတစ်သက် မပူမပင် နေလို့စားလို့ ရအောင် အဖေစီစဉ်ခဲ့ တကယ်တော့ အားလုံးဟာ ခဏလေးပါပဲ`` ဟုဆိုရင်း ညင်သာ သေဆုံးသွားလေ၏။ ရွှေကောင်းသည် ဖခင်ကြီးကို ပွေ့ဖက်ပြီး နည်းလွန်းသဖြင့် မျက်ဝန်းအစုံမှ မျက်ရည်များစီးဆင်းကျလာ ရွှေကောင်းသည် ဖခင်သေဆုံးပြီးနောက် အိမ်ရှေ့ ကွပ်ပစ်အော မြေကြီးကို တူးဆွကြည့်ရာ မြေအိုး တစ်လုံးနှင့် အပြည့်ထဲထား ရွှေဒင်္ဂါးများကို တွေ့ရလေ၏။ ဖခင် အနှစ်နှစ်အလလက စုဆော သော ရွှေဒင်္ဂါးများပင် ဖြစ်လေတော့၏

ထိုအချိန်မှစပြီး ရွှေကောင်းသည် ဖခင်မဲ့သော ဘဝသို့ ရောက်ရှိ လေ၏။ ရွှေကောင်းသည် ကံမကောင်းအကြောင်းမလှသဖြင့် ဖခ ဘဝကို ရောက်ရှိသွားသော်လည်း၊ ဖခင်ကြီး၏ ...က်အမျှော်အ

www.burmeseclassic.com

www.burmeseclassic.com

ကြီးမားမှုကြောင့် ဆရာကြီး မင်းယက္ခထံတွင် သိုင်းပညာကို ဆက် ပြီး သင်ကြားနိုင်၏။ဖခင်၏ လက်ငုပ်လက်ရင်းဖြစ်သော အပ်ချုပ်လုပ်ငန်းကိုမူ ဆက်လက် လုပ်ကိုင်ခြင်း မရှိတော့ချေ။

ဆရာကြီးသမီး မှုယာကမူ နတ်ပွဲဂါသနာ စွဲကပ်နေသဖြင့် နတ်ဆိုင်းသံကြားလျှင် မနေနိုင်မထိုင်နိုင် ဖြစ်ပြီး နတ်ပွဲကြည့်ရန် တကဲကဲ ဖြစ်နေလေ၏။ သူမ နတ်ပွဲကြည့်ရန် ပြင်သည့်အခါတိုင်း ရွှေကောင်းကို ချောဆွဲတတ်လေ၏။ ရွှေကောင်းမှာလည်း မှုယာကို မငြင်းဆန်နိုင်သူမို့ သူမအဖော်စပ်တိုင်း လိုက်ရလေ၏။ နောက်ပိုင်းတွင်မူ ရွှေကောင်းကိုယ်တိုင် ရိုးရာနတ်ပွဲများကို တန်ဖိုးထား ကြည့်တတ်လာ၏။ နတ်သီချင်းများကို သီဆိုတတ်လာ၏။ နတ်ဒိုးသံကြားလျှင် မြူးကြွချင်သလို ဖြစ်လာ၏။ ``ရွှေလမ်း ငွေလမ်း ခင်းလို့ ပေးမယ်ကျော်..ကျော် .ကျော် ကျော် တို့ကိုကြီးကျော်`` ``ဟော့ ဟော့ ဟော့ ဟော့..စိမ်းရောင်စုံ၊ တောင်ညိုမြှမိုင်း.. သီတာခွေလို့ ရေပတ်လည်ဝိုင်း...ဟော့..ဟော့ ဖေကြီးရေ...ဖေကြီးရေ``စသည်ဖြင့် နတ်ချင်းများကို သီဆိုတတ်လာ၏။မှုယာသည် နတ်ကတော်ကြီး သောင်းသောင်း၏ နတ်ပွဲများကို လိုက်ပြီး တစ်ပုဒ်စ နှစ်ပုဒ်စ ဂင်ရောက်ကလေ့ရှိ၏။ မှုယာသည် ဖခင်


www.burmeseclassic.com

www.burmeseclassic.com

ကြီး တို့ ကြောက်ရွံ့လို့သော တစ်ပုဒ်စ နှစ်ပုဒ်စ ဝင်ရောက်ကာပြုခြင်းဖြစ်၏။ ဆာရာမင်းယက္ခ၏ ခွင့်ပြုချက်သာ ရလျှင် နတ်ပွဲကာပင် ပြန် မည် မထင်ချေ။ ရွှေကောင်းသည် ဖခင်ကြီး ဆုံးပါးသွားသည့် နောက်ပိုင်း ဆရာကြီးမင်းယက္ခကိုပင်သူ၏ အမိအဖ အဖြစ်သဘောထားခဲ့လေ၏။ ထိုအချိန်မှာပင် ရွှေကောင်းတို့ ဘဝထဲသို့ သူရိန် ဝင်ရောက်လာလေ၏။ သူရိန် ဝင်ရောက်သည့်အချိန်မှစပြီး သူတို့ဘဝ အပြောင်းလဲကြီး ပြောင်းလဲသွားလေ၏။


www.burmeseclassic.com

www.burmeseclassic.com

သူရိန်ဆိုသည်မှာ ဆရာကြီး မင်းယက္ခ၏ ခြံထဲသို့ မမျှော်လင့်ဘဲ ဝင်ရောက်လာသူဖြစ်၏။ တစ်နေ့သ၌ ဆရာကြီး မင်းယက္ခ၏ ခြံကြီးထဲသို့ အနက်ရောင် အောင်စတင်ကားလေး တစ်စီး ဝင်ရောက်လာ သဖြင့် ရွှေကောင်းတို့ သင်တန်းသားများ အော်စတင်ကားလေးကို စိတ်ဝင်တစားကြည့်လိုက်ကြ၏။ အဘယ်ကြောင့်ဆိုသော် ဆရာကြီး၏ ခြံထဲသို့ ကားနှင့်လာရောက်သူ မရှိသလောက် နည်းပါးသောကြောင့်ပင်။ အောင်စတင်ကားနက်ကြီး ပေါ်မှ အသက်ငါးဝန်းကျင် လူကြီး တစ်ဦးနှင့် မြို့ကြီးသားဆန်ဆန်လူငယ်လေးတစ်ယောက် ဆင်းသက်လာလေ၏။ လူငယ်သည် ကားပေါ်မှ ဆင်းဆင်းချင်း သိုင်းလေ့ကျင့်


www.burmeseclassic.com

နေသော ရွှေကောင်းတို့ လူစုကို မျက်လုံးဝေ့ကြည့်လိုက်ပြီး အထ
သေးဟန်ဖြင့် ပြုံးလိုက်လေ၏။ လူငယ်၏ မျက်နှာတွင် မာနထော
လွှားသော အရိပ်သဏ္ဍာန်ကို အထင်အရှား တွေ့မြင်နေရလေ
ရွှေကောင်း၏ သိုင်းလေ့ကျင့်ဖက် စိန်တင်က ``ဒီကောင် ဘယ်
ကောင် လဲ ငါတို့ကိုကြည့်တာ အထင်သေးသလိုလို လှောင်ပြော
သလို နဲ့``ဟုပြောလေရာ ရွှေကောင်းက သက်ပြင်းချပြီး ``သူ့ကို
သူ ရှားရှားပါးပါး ကားစီးနိုင်တဲ့ မြို့ကြီးသား ဆိုပြီး ဘဝင်မြင့် နေ
ဖြစ် မှာပေါ့``ဟုပြောလေရာ စိန်တင် က ဘဝင်မြင့်နေရင် ငါတို့
လက်သီးစွမ်းပြလိုက်မယ်``ဟုပြောလေရာ ရွှေကောင်းက သက်ပြ
ချပြီး ``နေရာတကာမှာ လက်ရုံးရည် ကို အားမကိုးပါနဲ့ကွာ ``
ပြောလိုက်လေ၏။ညည်သည့်နစ်ဦးကို ဆရာကြီးကိုယ်တိုင်ပင် လ
ရောက် ကြိုဆိုပြီး အိမ်ကြီး၏ အပေါ်ထပ်သို့ ခေါ်ဆောင်သွားလေ
နောက်နှစ်ရက်သို့ ရောက်သောအခါ ဧည့်သည် လူကြီး ပြန်သွားပြီ
မြို့သားဆန်ဆန် လူငယ် ကျန်ရစ် ခဲ့လေ၏။

နောက်တစ်နေ့ ၌ ဆရာကြီးနှင့် ဆရာတိုက်မောင်းသည် မြို့သားဆ
ဆန် လူငယ်ကို ခေါ်ဆောင်လာပြီး ``သူ့နံမည် သူရိန်လို့ခေါ်တယ်



www.burmeseclassic.com

www.burmeseclassic.com


ရဲ့ မိတ်ဆွေ ဦးဘရှိန်ရဲ့သားပဲကွ၊ သူရိန်ဟာ ဒီအချိန်ကစပြီး ငါတို့ဆီမှာ သိုင်းပညာ သင်ယူမယ်၊ သူရိန်ဟာ မန္တလေးမှာ နေတုန်းက ဆရာကြီး ဦးဘန်တိတ်ရဲ့ သိုင်းပြောင်းပြန်ပညာကို ဆည်းပူးခဲ့ပြီးပြီ။ အခု ငါ့ဆီက ရှမ်းကြီးသိုင်းကို ဆက်လက်ဆည်းပူးလိမ့်မယ်၊ သူဟာ ဧည့်သည်ဖြစ်တဲ့အတွက် ငါ့အိမ်မှာပဲ တည်းခိုပြီး ပညာဆည်းပူးမယ်၊ မင်းတို့ သူရိန်ကို ပိုင်းဝန်းကူညီကြပါ`` ဟုဆိုလိုက်ရာ သင်တန်းသားများက သူရိန်ကို နှစ်လိုဖွယ်ဖြင့် ကြည့်ရှုကြသော်လည်း သူရိန်က သင်တန်းသားများကို အထင်သေးဟန် ဖြင့်ကြည့်ရှု လိုက်လေ၏။ ဆရာကြီးက ရွှေကောင်းဘက်သို့ လှည့်လိုက်ပြီး``ငါ့ သင်တန်းသားထဲမှာတော့ ရွှေကောင်းက အတော်ဆုံးပဲကွ၊ ရွှေကောင်းပြီးရင်တော့ ဟောဒီကောင် ဒေဂ`` ဟုဆိုပြီး ဒေဂကို လက်ညှိုးညွှန်ပြလိုက်လေ၏။ သူရိန်သည် ဆရာမင်းယကျွ၏ စကားကို နားထောင်နေသော်လည်း ရွှေကောင်းတို့ကို အထင်ကြီးဟန် မရှိချေ။ ဆရာကြီးက ဆက်လက်ပြီး သူရိန်၏ အကြောင်းကို ပြောလေ၏။ သူရိန်ဟာ သိုင်းပြောင်းပြန်ကို ကျွမ်းကျင်ရုံမကဘူး၊ အင်္ဂလိပ်ဘောက်ဆာ ချိန်ပီယံတစ်ယောက်ပဲ`` ဟုပြောလေ၏။ ရွှေကောင်းသည် ပညာစုံ သင်ကြားခွင့်ရှိသော


www.burmeseclassic.com

www.burmeseclassic.com


သူရိန်၏ ဘ၀ကို အားကျမိလေ၏။ သူရိန်က ရွှေကောင်းနှင့် ဒေဝ
ကြည့်ပြီး ဆရာမင်းယက္ခဘက်သို့ လှည့်ကာ``ဆရာကြီး သူတို့
လက်ရည်နည်းနည်း စမ်းကြည့်လို့ရမလား``ဟုမေးမြန်းလိုက်
ဆရာကြီးက ခေါင်းညိတ်လိုက်ပြီး``ရပါတယ် ကွာ၊ ထိခိုက်နာကျ
အောင်တော့ မစမ်းကြနဲ့``ဟုဆိုကာဒေဝကို ရှေ့တက်ရန် ဆရာကြ
က အမိန့်ပေးလိုက်လေ၏။ ဒေဝနှင့် သူရိန် အသင့်ဖြစ်သောအခါ
ဆရာ တိုက်မောင်းက``စ``ဟု အမိန့်ပေးလိုက်ရာ ဒေဝက သွေးတိုး
စမ်းသည့်အနေ ဖြင့် သူရိန်ကို ခြေနင့်ကန်လိုက်၏။ သူရိန်က အသ
အယာ ရှောင်တိမ်းပြီး ဒေဝကို ပြန်လည် ဆိုက်ခိုက်လေ၏။ သူရိန်
တိုက်ကွက်များသည် အားပါပြီး ပြင်းထန်လှသဖြင့် ရွှေကောင်းသည်
သိုင်းပြောင်းမြန် ပညာကို စိတ်ဝင်တစား ကြည့်ရှုနေမိ၏။ ဒေဝသည်
သူရိန်၏ တိုက်ကွက်များကို ရှောင်တိမ်းရင်း ပြန်လည်တိုက်စစ် မဆင်
နိုင်ဘဲ ဆုတ်ပြီးရင်း ဆုတ်နေရလေ၏။ ဆရာ တိုက်မောင်းက အခြေ
အနေ ကို အကဲခပ်မိသွားပြီး``ရပ်လိုက်တော့`` ဟုအမိန့်ပေးလိုက်
၏။ ဆရာမင်းယက္ခက ဒေဝကို ကြည့်ပြီး ``သူရိန်ဟာမင်းပြိုင်ဘက်
မဟုတ်ဘူး၊ နောက်ဆုတ်လိုက်``ဟုဆိုလိုက်ရာ ဒေဝသည် မကျေ


www.burmeseclassic.com

www.burmeseclassic.com



မချမ်း ဖြစ်ဟန်ဖြင့် နောက်ဆုတ်သွားလေ၏။ ဆရာတိုက်မောင်းက ဆရာမင်းယက္ခဘက်သို့ လှည့်ပြီး ``ရွှေကောင်းနဲ့ စမ်းကြည့်ရင် ကောင်းမလား`` ဟုမေးမြန်းလိုက်လေရာဆရာကြီးက ခေါင်းညိတ်ပြီး ခွင့်ပြုလိုက်လေ၏။ ရွှေကောင်းသည် သိုင်းပညာကို အလွန်ဝါသနာ ထုံသူ ဖြစ်သဖြင့် သူရိန်နှင့် တိုက်ခိုက်ရန် အလွန် စိတ်အားထက်သန် နေလေ၏။ရွှေကောင်းသည်လူအုပ်ကြားထဲမှ တိုးထွက် လိုက်လေ၏။ သူရိန်က ရွှေကောင်းကို အထင်သေးဟန်ဖြင့် ကြည့်လိုက်ပြီး သိုင်း ကွက်ခင်းလိုက်၏။ ဆရာတိုက်မောင်းက စ ဟုခေါ်လိုက်၏။

ရွှေကောင်းက သူရိန်ကို ခေါင်းဆတ်ပြီး တိုက်ခိုက်ရန် အချက်ပြ ၏။ သူရိန်သည် ရွှေကောင်း၏ ဒါရှေ့သို့ တိုးဝင်ပြီး ခြေဖြင့် တစ်ချက်ပြီး တစ်ချက်ဆက်ကန်၏။ ရွှေကောင်းသည် သိုင်းပညာနှင့် ပတ်သက် လျှင် အလွန်ရူးသွပ်သူ တစ်ယောက် ဖြစ်သဖြင့် သူရိန်၏ တိုက်ကွက် များကို လေ့လာလိုသော သဘောဖြင့် ခံလေ၏။ သူသည် သူရိန်ကို ချစ်ခြင်း မုန်းခြင်းမရှိသော တိုက်ခိုက်ခြင်းဖြင့် ခံနေလေ၏။ သူရိန် သည် ရွှေကောင်းကို အထင်သေးပြီး အလွယ်တကူ အောင်မြင်မှု ရ မည်ထင်၏။ သို့သော် ရွှေကောင်းသည် ဆရာမင်းယက္ခ၏ သင်တန်း

www.burmeseclassic.com

www.burmeseclassic.com



တွင် အချိန်တိုလေးအတွင်းမှာပင် အတိုးတက်ဆုံး ဖြစ်လာသော သင်တန်းသား ဖြစ်သဖြင့် ရွှေကောင်းကိုအလွယ်တကူ မအောင်မြင်နိုင်ဘဲ ဖြစ်နေလေ၏။ သူရိန်သည် ဘောက်ဆင် ချန်ပီယံ တစ်ဦး အနေဖြင့် ပြိုင်ဘက်တိုင်းကို နောက်ကောက်ချအောင်အနိုင် တိုက်ခိုက်နိုင်ခဲ့၏။ ယခုတောမြို့ကလေးတွင် ရှိသော အညတရ သိုင်းသမားလေး တစ်ယောက်ကို မိမိဘာကြောင့် အနိုင်မယူနိုင်သနည်း။ သူရိန်သည် ပြိုင်ဘက်တိုင်းကို အနိုင်ယူနိုင်သူပီပီ ရွှေကောင်းကို အနိုင်ရကိုရမည် ဟူသော စိတ်ဖြင့် အပြင်းအထန် တိုက်ခိုက်လေ၏။ ရွှေကောင်းကမူ သိုင်းပြောင်းပြန် ပညာကို လေ့လာချင်ရှိသက်သက်ဖြင့် တိုက်ခိုက်နေသူ ဖြစ်သဖြင့် သူရိန်၏ တိုက်ကွက်များကို အသာတကြည် ခုခံနိုင်လေ၏။ ဆရာတိုက်မောင်းသည် အလွန်အတွေ့အကြုံ ရှိသာပညာရှင် ဖြစ်သဖြင့် တိုက်ပွဲအခြေအနေကို နားလည်သဘောပေါက်သွားလေ၏။ ဆရာတိုက်မောင်းသည် သူ၏ တပည့် ရွှေကောင်း၏ တိုက်ရည်ခိုက်ရည်ကို ကောင်းစွာ နားလည်၏။ ရေရှည် တိုက်ပွဲဆင်လျှင် ဧည့်သည် သိုင်းသမား သူရိန်တစ်ယောက် ရှုံးနိမ့်ပေတော့မည်။ ထို့ကြောင့် ဆရာ



www.burmeseclassic.com

www.burmeseclassic.com

င်းယက္ခကို ကြည့်လိုက်ရာ ဆရာကြီးက ခေါင်းညိတ်ပြလိုက်၏။ ထို့ကြောင့် ဆရာတိုက်မောင်းက လက်ကာ ပြလိုက်ပြီး

``ရပ်လိုက်တော့`` ဟုပြောလိုက်လေ၏။ သူရိန်သည် တိုက်မောင်းက ရပ်နိုင်းသော်လည်း မရပ်သေးဘဲ ဆက်လက်တိုက်ခိုက်ရန် ပြင်လိုက်၏။ ထို့ကြောင့် က တိုက်မောင်းက သူတို့နှစ်ယောက်ကြားတွင် ခပ်ပြီးတားဆီး လိုက်ရ၏။ ရွှေကောင်းသည် သိုင်းပြောင်းပြန်ပညာကို လေ့လာခွင့်ရသဖြင့်လွန်စွာကျေနပ်ဝမ်းမြောက်သွားပြီး ``ကိုသူရိန်ရဲ့ သိုင်းပြောင်းပြန် ပညာသိပ်ကောင်းတာပဲ၊ နောင် အလျဉ်းသင့်ရင် ဆော့ လေ့လာချင်သေးတယ်``ဟု ဖော်ရွေသော အမူအယာဖြင့် ပြောသော် လည်း သူရိန်ကမူ ရွှေကောင်းကိုဂတ်ကျေတန်းကျေ သာ ခေါင်း ညိတ်ပြလေ၏။ ထိုနေ့က တိုက်ပွဲအပြီးတွင် ဆရာတိုက်မောင်း က ``သူရိန်ရဲ့ ပညာကောင်းပါတယ်၊ဒါပေမဲ့ စိတ်ဓါတ်မကောင်းဘူး ဘူး မာန်တက်လွန်းတယ်``ဟုမှတ်ချက်ချလေ၏။ ရွှေကောင်းက ``သူရိန်က ဆရာကြီးနဲ့ ဘယ်လိုပတ်သက်လဲ`` ဟုမေးမြန်း လေရာ ဆရာ တိုက်မောင်းက သက်ပြင်းချပြီး``သူရိန်ရဲ့ဖခင်ဟာ ဓါတို့ ဂိုဏ်း ရဲ့ အတွင်းစည်းထဲမှာပါတယ်၊ သူတို့ဟာ သိုင်းပညာတတ် ဂိုဏ်းဝင်



www.burmeseclassic.com

www.burmeseclassic.com

တွေ မဟုတ်ပေမဲ့ လိုတရဂိုဏ်းနဲ့ ပတ်သက်တဲ့ အသိပညာရှင် ...
ယောက်ပဲ။သူရိန်ရဲ့ အဘိုးဟာ နန်းတွင်းမှာ အမှုထမ်းခဲ့တဲ့ စာ...
ဖတ် တစ်ဦးလို့ သိရတယ်၊ သူရိန်အဖေဟာ သူရိန်ကို လိုတရဂို...
ထဲမှာ နေရာတစ်ခုရစေချင်တဲ့ စိတ်ကူး ရှိပုံရတယ်ကွ၊ ဒါကြောင့် ...
စဉ်ကတည်းက မွန္တလေးမှာ သိုင်းပြောင်းပြန်ပညာကို သင်စေပြီး...
ဂိုဏ်းချုပ်ဆရာကြီး မင်းယက္ခဆီမှာ လာအပ်တာပဲ၊တစ်နေ့နေ့သူ...
နဲ့ မင်းနဲ့ ထိပ်တိုက်တွေ့နိုင်တယ်၊ သတိထားပါတပည့်`` ဟု...
လေ၏။ ရွှေကောင်းကမူ သိုင်းပညာကိုသာ ဝါသနာထုံ သူဖြစ်သ...
သူရိန်ကို ရန်လိုမုန်းထားစိတ် မရှိဘဲ ညီ့သည်ဟုသာ သဘောထ...
လေ၏။ သူရိန်သည် ရွှေကောင်းတို့နှင့်အတူ ရှမ်းကြီးသိုင်းကိုရော...
သင်ယူလေ၏။ သူရိန်သည် သိုင်းပညာ နှင့် ပတ်သက်ပြီး အထုံပါ...
ရှိသူဖြစ်သဖြင့် ဆရာကြီး၏ သင်တန်း၌ ထိပ်တန်း သိုင်းသမား ...
ယောက်ဖြစ်သော ရွှေကောင်းနှင့် မကြာခဏ ထိပ်တိုက်တွေ့လေ...
သူရိန်သည် ရှမ်းကြီးသိုင်းကို ယခုမှစတင်သင်ယူသော်လည်း နဂိုမူ...
က သိုင်းပြောင်းပြန် အခြေခံရှိသူ ဖြစ်သဖြင့် တတ်မြောက်ရန် လွယ်...
ကူ လေ၏။ သူရိန်သည် သိုင်းလေ့ကျင့်ရာတွင် မာန်ပါလွန်းသဖြ...


www.burmeseclassic.com

www.burmeseclassic.com


ငှင်း နှင့်တွဲဖက်ပြီး လေ့ကျင့်လိုသူ နည်းလေ၏။ ထို့ကြောင့် သူရိန်၏ လေ့ကျင့်ဖက်မှာ ဒေဂုနှင့် ရွှေကောင်း နှစ်ယောက်သာ ရှိ၏။ သူရိန် သည် လေ့ကျင့်ဖက် အနေဖြင့် ဒေဂုကိုသာအလိုရှိပုံရသဖြင့် နောက် ပိုင်း တွင် ဒေဂုနှင့် ပိုမိုလေ့ကျင့်ဖြစ်လေ၏။ ထိုသို့ လေ့ကျင့်ရင်း ၄င်း တို့နှစ်ယောက်သည် အပေါင်းအဖော်များ ဖြစ်သွားလေ၏။

ဆရာကြီးမင်းယက္ခ၏ နေအိမ်သို့ သူရိန် ရောက်ရှိပြီး နောက်ပိုင်းတွင် မှယာသည် ရွှေကောင်းကို ခေါ်ပြီး နတ်ပွဲများတွင် သွားရောက်ကပြ ခြင်း နည်းပါးသွားလေ၏။ တစ်ခါတစ်ရံ အိမ်ကြီး၏ ဂရန်တာ၌ မှယာ နှင့် သူရိန် အတူယှဉ်တွဲ ထိုင်နေ ကြောင်း တွေ့ရလေ၏။ ထိုမြင်ကွင်း တို့ ကြည့်ပြီး ရွှေကောင်း၏သူငယ်ချင်း စိန်တင်ကမူ ``မှယာတစ် ယောက် တော့ ဆောင့်ကြွားကြွား ကောင်နဲ့ လေပေးဖြောင့်နေတာ မြင်ရတယ်၊ မင်းရင်ထဲမှာ ကလိကလိ ဖြစ်မနေဘူးလား'' ဟုမေးမြန်း



www.burmeseclassic.com

www.burmeseclassic.com


လေ၏။ရွှေကောင်းက ခေါင်းခါယမ်းလိုက်ပြီး``ဘာမှမဖြစ်ဘူး၊သူ့ငါ
နတ်ပွဲသွားမယ်ဆိုပြီး လာ အခေါ်မစပ်တာကိုပဲ ကျေးဇူးတင် နေ
တယ်``ဟုပြောလေရာ စိန်တင်က ရွှေကောင်း၏ မျက်နှာကို မျ
မှောင် ကြုတ် ကြည့်လိုက်ပြီး ``မင်းတကယ်ဘာမှမခံစားရဘူး လာ
``ဟုမေးမြန်းလေ၏။ ရွှေကောင်းက သက်ပြင်းချလိုက်ပြီး``ငါ့ခေါ
ထဲမှာ သိုင်းပညာပဲ ရှိတယ်၊မိန်းမတစ်ယောက် ဘယ်တော့မှ မရှိဘူ
`ဟုဆိုလိုက်ရာ စိန်တင်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး``မင်းလို လူ
မျိုးဟာ ရှားမှရှားပဲကွာ...``ဟု မှတ်ချက်ချလေ၏။ အမှန်တကယ်ပင်
ရွှေကောင်းသည် မှုယာအား မိန်းကလေးသူငယ်ချင်းတစ်ယောက် အ
ဖြစ်သာ ရင်ထဲတွင် သဘောထားနိုင်လေ၏။ နောက်ပိုင်းတွင် မှုယာ
နှင့် သူရိန်သည် စက်ဘီးကိုယ်စီဖြင့် မြို့ပြင်ရှိ ဘုရားများကို သွား
ရောက်ဖူးမျှော်ကြောင်း သိရလေ၏။ သင်တန်းသား အချို့၏ စကား
အရ မှုယာနှင့် သူရိန်ကို မြို့ပြင်ရှိ ချစ်သူတို့ လျှောက်သော လမ်း တွင်
မြင်တွေ့ရသည် ဆို၏။သင်တန်းသားများသည် မှုယာတို့ အကြော
ပြောလျှင် ရွှေကောင်း ပေါက်ကွဲသွားမည် ထင်ပြီး လာ ရောက်ပြော
ဆိုခြင်းဖြစ်၏။ ရွှေကောင်းကမူ ရင်ထဲတွင် မည်သို့မျှ ခံစားရဟန် မရှိ

www.burmeseclassic.com

www.burmeseclassic.com

ဘဲ သူတို့နှစ်ယောက် နီးစပ်သွားလည်း ကောင်းတာပေါ့ကွာ။ ဆရာ ကြီးသမက်က သိုင်းပညာရှင် ဖြစ်တော့ မကောင်းဘူးလား`` ဟုပြန် ပြောလေ၏။ ရွှေကောင်းအမြဲကြောင့် သတင်းပေးသူ သင်တန်းသား များ မယုံနိုင်အောင် ဖြစ်သွားကြလေ၏။ ဆရာ တိုက်မောင်း ကိုယ် တိုင်ပင်လျှင် မှုယာနှင့်သူရိန်ကို သဘောတူဟန် မရှိချေ။ ဆရာတိုက် မောင်းက``တကယ်တော့ မှုယာဟာ ဖြူစင်လွန်းတယ်၊ သူရိန်လိုလူနဲ့ မလိုက်ဘူး၊ ဒါပေမဲ့ ဖူးစာဆိုတာဆန်းကြယ် လွန်းတယ်၊ တို့ဘာများ တတ်နိုင်မှာလဲ``ဟုပြောရင်း ရွှေကောင်း မျက်နှာကို လေးလေး နက် နက် ကြည့်ကာ``မင်းနဲ့ မှုယာသည် နီးစပ်သွားရင် ငါတို့ဂိုဏ်းရဲ့ အ နာဂတ်ဟာ ပိုကောင်းသွားမှာကွဲ``ဟုဆိုလိုက်ရာ ရွှေကောင်းက ဆရာတိုက်မောင်းကို နားမလည်ဟန်ဖြင့် ကြည့်လိုက်ပြီး``ဆရာ ဘာကိုဆိုလိုတာလဲ``ဟုမေးမြန်းလိုက်လေ၏။ ဆရာတိုက်မောင်းက ခေါင်းခါယမ်းပြီး``တစ်နေ့တော့ မင်းသိလာမှာပါကွာ၊ သတ္တဝါအား လုံး ဟာ ကံစီမံရာပါပဲ``ဟုပဟေဠိဆန်သော စကားကိုပြောလေ၏။ တစ်နေသည် နံနက်စောစော ရွှေကောင်းအမှိုက်လှဲကျင်းနေစဉ် မမျှော်လင့်ဘဲ မှုယာ ပေါက်ချလာပြီး`` နင်နဲ့မတွေ့ရတာကြောင်ကြာ


www.burmeseclassic.com

www.burmeseclassic.com

ပြီ ရွှေကောင်းရယ်``ဟုဆိုလိုက်ရာ ရွှေကောင်းကအမှိုက်လှဲနေရာ
မော့ကြည့်ပြီး``နင်ဧည့်သည်နဲ့ လျှောက်လည်ပြီး ငါ့ကိုမေ့နေ တာ
ကိုး``ဟုဆိုလိုက်ရာ မှူယာက ရယ်မောလိုက်ပြီး``ငါ နင့်ဆီကို ခဏ
မနှောင့်ယှက်တဲ့အတွက် သိုင်းကောင်းကောင်း လေ့ကျင့်လို့ ရပြီဆို
နင်ပျော်နေတယ်မဟုတ်လား၊ ငါ သိပါတယ် နင့်ရင်ထဲမှာ သိုင်းပညာ
ပဲ ရှိတယ်``ဟုဆိုလိုက်ရာ ရွှေကောင်းက သက်ပြင်းချလိုက်ပြီး
``ဟုတ်တယ် ငါ့ရင်ထဲမှာ သိုင်းပညာက ထာဝရကြီးစိုးနေတယ်၊ ဘာ
ပဲဖြစ်ဖြစ် နင်က ဆရာကြီးရဲ့ သမီးပဲ။ နင်စိတ်ချမ်းသာဖို့ဆိုရင် ငါ
ကူညီ ပေးရမှာပါ``ဟုဆိုလိုက်၏။ မှူယာက ရွှေကောင်း၏ အနီး
တိုးကပ်ပြီး``ငါတို့ နတ်ပွဲတွေ မသွားရတာကြာပြီ၊ နင့်ကို တိုင်ပင်စရာ
ရှိတယ် ရွှေကောင်းနင် သူရိန်ကို ဘယ်လိုမြင်သလဲ``ဟုမေးမြန်း
လေရာ ရွှေကောင်းက ``သူရိန်ဟာ သိုင်းပညာတော်စိတ်ကောင်း
ပြီး ငွေဂုဏ်နဲ့ ပြည့်စုံတဲ့ လူတစ်ယောက်ပဲ၊ဘာဖြစ်လို့လဲ ``ဟုပြန်
လည်မေးမြန်းလိုက်၏။ မှူယာက လေသံတိုးတိုးဖြင့်``သူက ငါ့ကို
မေတ္တာရှိနေပုံရတယ်၊ ဒါဆို နင်ဘယ်လိုသဘောရလဲ``ဟုမေးမြန်း
လေ၏။ ရွှေကောင်းသည် မှူယာ၏အမေးကို ဖြေရန်ခက်ခဲသွား

www.burmeseclassic.com

www.burmeseclassic.com



``နင်တို့နှစ်ယောက်ရဲ့နှလုံးသားရေးရာ ကိစ္စတွေကို ငါဘယ်လို ပြောရမလဲ၊ ငါထက်စာရင် အမဖြူပြာနဲ့ဆရာကြီးရဲ့ သဘောထားက အရေးကြီးတာပေါ့``ဟုပြောလေ၏။ မှုယာက ``နင်က ငါ့သူငယ်ချင်းမို့ တိုင်ပင်တာပါဟယ်``ဟုဆိုလိုက်ရာ ရွှေကောင်းသည် မောက်မာန်ရှိသော သူရိန်၏ အမူအယာကို သဘောမကျ ကြောင်း ပြောရန် တွန့်ဆုတ်နေမိ၏။ ယောကျာ်းချင်း သူတပါးအကြောင်းမကောင်းကို ပြောချင်စိတ် မရှိချေ။ထို ကြောင့် သက်ပြင်းချပြီး``နင့်ရဲ့ သဘောဆန္ဒပဲဟာ အဓိကပါမှုယာရယ်..နင်ကြိုက်ရင် ငါတို့လည်း ကြိုက်ရမှာပေါ့``ဟုပြောလိုက်လေရာ မှုယာသည်တစ်စုံတစ်ရာကို စဉ်းစားဟန်ဖြင့် ငြိမ်သက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ရွှေကောင်းသိုင်းလေ့ကျင့်နေစဉ် ခြံစည်းရိုးအနီး
လူစိမ်းတစ်ဦး တိုးကပ်လာပြီး ``ရွှေကောင်းဆိုတာညီလေး လား
ဟုမေးမြန်းလေ၏။ရွှေကောင်းက ထိုသူကို နားမလည်နိုင်ဟန် ကြ
ပြီး`ရွှေကောင်း ဆိုတာ ကျုပ်ပဲ ဘာကိစ္စရှိလို့လဲ``ဟုမေးမြန်းလို
ရာ ထိုသူက ရွှေကောင်းကို နှစ်လိုဟန်ဖြင့် ကြည့်ပြီး``အစ်
ဖြူပြာ ပန်းထိုးပညာသင်တဲ့ နေရာကပါ။ အစ်ကို မှာ အချိန် ခရီး
သွားစရာ ရှိလို့ ခြံထဲကို မဝင်နိုင် တော့ဘူး``ဟုဆိုကာ ရွှေကော

www.burmeseclassic.com

www.burmeseclassic.com

လက်ထဲသို့ စာအိတ်တစ်အိတ်ကို ထည့်လိုက်၏။ထိုသူကပင် ဆက်လက် ပြီး ``ဒီစာအိတ်ကို ဖြူပြာကို ပေးပါ၊ ပေးဖြစ်အောင် ပေးပါညီလေး၊ အရေးကြီးလို့ပါ``ဟုဆိုပြီး ထိုနေရာမှ အလောတကြီး ထွက်သွားလေ၏။ ရွှေကောင်းသည် လက်ထဲရှိ စာအိတ်လေးကို ငုံ့ကြည့်ပြီးကျန်ရစ်ခဲ့လေ၏။ ရွှေကောင်းသည် စာအိတ်လေးကို ကိုင်ပြီး မှူယာတို့အိမ်ဘက်သို့ ထွက်ခဲ့လေရာ ဘုရားပန်းလဲနေသော ဖြူပြာကို အဆင်သင့်တွေ့ရ၏။ရွှေကောင်းက အိမ်ပေါ်ထပ်သို့ကြည့်ရင်း သူမကို လက်ဟန်ခြေဟန်ဖြင့် ခေါ်ပြီး အကျိုးအကြောင်းပြောလိုက်ရာ ဖြူပြာ၏ မျက်နှာ ပျက်ကနဲပျက်သွားပြီး စာအိတ်ကို ဆတ်ခနဲ ဆွဲယူလိုက်၏။ ပြီးနောက် ဖြူပြာက`` ဒီအကြောင်းကို ဘယ်သူ့မှမပြောရဘူး ရွှေကောင်း ကုန်ကုန် ပြောရရင် မှူယာကိုတောင် မပြောရဘူး`` ဟုဆိုသဖြင့် ရွှေကောင်းက မျက်မှောင်ကြုတ်လိုက်ပြီး``ဘာဖြစ်လို့လဲ အစ်မ``ဟုဆိုလိုက်ရာ ဖြူပြာက ``အရေးကြီးလို့ပေါ့ ငါ့မောင်လေး ရွှေကောင်းရယ်.. ငါ့စကားကိုနားထောင်ပါနော်``ဟုဆိုလိုက်လေရာ ရွှေကောင်းက သူမ စိတ်ချမ်းသာစေရန် ခေါင်းကိုညိတ်ပြ လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com


မဖြူပြာ အဘယ်ကြောင့် စာလေးတစ်စောင်ကိုပင် လှို့ဝှက်ထား ချင်သည်မသိ။

မဖြူပြာ၏ လှို့ဝှက်ချက်ကို နောက်တစ်ပတ်အကြာတွင် ရွှေကောင်း သိခွင့်ရလိုက်၏။ ထိုနေ့က ရွှေကောင်း ခြံထဲသို့ ရောက်သောအခါ ဦး ယနေ့သင်တန်းပိတ်သည် မနက်ဖြန်မှလာပါ ဆိုသော ဆိုင်းဘုတ်ကို မြေဖြူဖြင့် ရေးသားထားကြောင်း တွေ့ရ၏။ ဆရာကြီး၏ သင်တန်း အဘယ်ကြောင့် ကောက်ကာငင်ကာ ပိတ်သည် မသိချေ။ ရွှေကောင်း သည် ခြံရှေ့တွင် တစ်စုံတစ်ရာကို မျက်မှောင်ကြုတ်ပြီး စဉ်းစားနေစဉ်


www.burmeseclassic.com

www.burmeseclassic.com

ဆရာတိုက်မောင်းက မျက်နှာညိုးငယ်စွာဖြင့် ခြံတခါးကို လာဖွင့်ပြီး ``ခြံထဲကိုဝင်ပါ ရွှေကောင်း ဆရာကြီး သိပ်စိတ်ဆင်းရဲနေလို့ ဒီနေ့ သင်တန်းကို ပိတ်လိုက်တယ်''ဟုပြောလေရာ ရွှေကောင်းက တိုက်မောင်းကို နားမလည်ဟန်ဖြင့် ကြည့်ပြီး``ဘာဖြစ်လို့ စိတ်ဆိုးနေတာလဲဆရာ''ဟုမေးမြန်းလိုက်ရာ ဆရာတိုက်မောင်းက စိတ်ထိခိုက်ဟန်ဖြင့်``သူ့သမီးကြီး ဖြူပြာကြောင့်ပေါ့ကွာ၊ ဖြူပြာ ဆရာကြီး ရင်ကို ခွဲသွားပြီ။မဖြူပြာ ယောကျ်ားနောက်လိုက်ပြေးပြီ''ဟုဆိုလိုက်၏။ ထိုအခါ ရွှေကောင်းက နားမလည်ဟန်ဖြင့် ကြည့်ပြီး`` ဘယ်လိုဖြစ်တာလဲဆရာရယ်''ဟုမေးမြန်းလိုက်၏။ဆရာတိုက်မောင်းက``ဖြူပြာ မြို့မှာ ပန်းထိုးသင်တန်းသွားတက်ရင်းနဲ့ ကောလိပ်ကျောင်းသားတစ်ယောက်နဲ့ မေတ္တာမျှခဲ့တယ်။ဒီအကြောင်းတွေကို ဆရာ ကြီး သိသွားတော့ ဖြူပြာကို ပန်းထိုးသင်တဲ့ဆီကို မလွှတ်တော့ဘူး။ ဒါပေမဲ့ ကောလိပ်ကျောင်းသားက ငါတို့ခြံထဲထိ လိုက်လာပြီး ဖြူပြာကို ချိန်းဆို ခဲ့တယ်၊ ဖြူပြာ ခေါင်းအုံး အောက်မှာ ကောလိပ်ကျောင်းသား ပေးလိုက်တဲ့ စာကို တွေ့တယ်ကွ၊ ဒီစာကို ကောလိပ်ကျောင်းသားက ဘယ်လိုနည်းနဲ့ ခြံထဲကို ပို့တယ်ဆိုတာ စဉ်းစားလို့ မရဘူး''ဟုဆိုလေရာ


www.burmeseclassic.com

www.burmeseclassic.com

ရွှေကောင်းသည် လူစိမ်းတစ်ယောက်က ဖြူပြာထံသို့ စာတစ်စော
ပို့ခိုင်းခြင်းကို အမှတ်ရပြီး ခေါင်းနပန်းကြီးသွားလေ၏။ ထိုစာကို လ
ခံရရှိစဉ်ဖြူပြာ မျက်နှာပျက်ပြီး စာနှင့်ပတ်သက်ပြီး လျို့ဝှက်ထား
အရေးတကြီးမှာကြားပုံကိုလည်း သတိရလေ၏။ရွှေကောင်းသည် မ
၏ ပယောဂကြောင့် ဖြူပြာ လင်နောက်လိုက်ပြေး သွားကြောင်း မ
စား မိသွားလေ၏။ထိုကြောင့်ပင် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရ
စိတ်ထဲတွင်လည်း မလုံမလဲ ခံစားရ၏။ ထို့ကြောင့် ဆရာကြီး အ
အနေ သွားရောက်ကြည့်ရှုရင်း မူယာနှင့်တွေ့သောအခါ ရွှေကော
က ``ဒီမှာ မူယာ နင့်ကို ငါဝန်ခံစရာ တစ်ခုရှိတယ်`` ဟုဆိုလိုက်
မူယာက ရွှေကောင်းကို နားမလည်ဟန်ဖြင့် ကြည့်ပြီး ``နင်က အ
ထဲ ဘာဝန်ခံစရာ ရှိလို့လဲ`` ဟုမေးမြန်းလေ၏။ ရွှေကောင်းက- ခ
ကြာအောင် တုန့်ဆိုင်းနေပြီးမှ ``အမဖြူပြာကို သူ့ချစ်သူက ခိုး
လိုက် ဖို့ စာရေးခေါ်တယ် မဟုတ်လား၊ အဲဒီစာကို အမဖြူပြာဆီ
ငါကိုယ်တိုင် ရောက်အောင် ပို့ ပေးလိုက်တာ`` ဟုဆိုကာ မိမိသို
လေ့ကျင့်နေစဉ် လူစိမ်းတစ်ဦး ရောက်လာပြီး ဖြူပြာထံသို့ စာတ
စောင်ပို့ဆောင်ပေးရန် အကူအညီတောင်းကြောင်း ပြောပြီး ဖြ

www.burmeseclassic.com



ကြောင်းကုန်စင်ကို ပြောပြလိုက်လေ၏။ ရွှေကောင်း စကားကို မူယာ ဘ ဆုံးအောင် နားထောင်ပြီး``လက်စသတ်တော့ တရားခံက နင် ပဲ တိုး၊ ဒီအကြောင်းကို အဖေသိရင်တော့ မိုးမီးလောင်ပြီ၊ နင့်ကို တစ်ခါ တည်း သင်တန်းကနေ မောင်းထုတ်လိုက်မှာ သေချာတယ်``ဟုပြော လေ ၏။ မူယာက သက်ပြင်းချပြီး``နင်မသိလို့ မှားတာငါနားလည်ပါ တယ်၊ ဘာတတ်နိုင်မလဲ၊ဖြစ်ပြီးသွားပြီပဲ၊ အစ်မနဲ့ ဖြစ်တဲ့ သူကလည်း ကောလိပ်ကျောင်းသား စက်သူဌေးသား တစ်ယောက်ပဲ အဖေတို့ သ ဘောမတူတာ ငါနားမလည်ဘူး``ဟုဆိုလိုက်လေရာ ရွှေကောင်းက ``ဆရာကြီးက သူ့သမက်ကို သိုင်းပညာရှင် တစ်ယောက်ပဲ ဖြစ်စေ ချင်တယ်လို့ ဆရာတိုက်မောင်းက ပြောတယ်``ဟုဆိုလိုက်ရာ မူယာ က မျက်နှာရှုံ့မဲ့ပြီး``နင်တို့ အဖေတို့ ခေါင်းထဲမှာ အရာရာ သိုင်းပညာ ပဲ ရှိသလား၊ ငါတော့ နားမလည်နိုင်ဘူး။ နင်ကို ငါအရေးတကြီး အကူ အညီ တစ်ခုတောင်းချင်တယ်၊ဒီ အကူအညီကို နင် မဖြစ်ဖြစ်အောင် လုပ်ပေးရမယ်၊ အမဖြူပြာ ကိစ္စ ဖြစ်ပြီးတဲ့နောက် ငါအိမ်ကနေ လုံးဝ ထွက်ခွင့် မရှိတော့ဘူး။အဖေက ငါတို့ မြို့ထဲကို ထွက်ပြီး နတ်ပွဲတွေ ကြည့်နေတာ သိတယ်၊ကိုယ်တော်တွေကို ကိုယ်တိုင် ဝင်ရှော့တာ



www.burmeseclassic.com

www.burmeseclassic.com



တော့ မသိဘူး။သိများသိရင် မိုးမီးလောင်လိမ့်မယ် ထင်တယ်၊ အဓေ
က ငါ့ကိုအစ်မလို ဖြစ်မှာစိုးလို့ မြို့ထဲကို လုံးဝ ထွက်ခွင့် မရှိတော့ဘူး
နတ်ကတော်ကြီး သောင်းသောင်းတော့ ငါ့ကို မျှော်နေမှာပဲ၊ နင် ဒ
သောင်းသောင်းကို အကျိုးအကြောင်း ပြောပြပေးပါ``ဟုဆိုလိုက်ေ
ရွှေကောင်းက ခေါင်းညိတ်ပြီး``ဒီလောက်တော့ ငါကူညီနိုင်ပါ တယ်
``ဟုပြောလေ၏။ မူယာက ဆက်လက်ပြီး``ဒီလောက်နဲ့ မပြီးသေး
ဘူး ရွှေကောင်း ကျွန်းပေါ်က မင်းညီနောင် နှစ်ပါးရဲ့ နတ်ကွန်းမှာ ပွဲ
ထိုးပေးပါ၊ စားဖွယ်သောက်ဖွယ်တွေလည်း တစ်ပတ်တစ်ကြိမ် ကပ်
ပေး ပါ၊ နင်လိုအပ်တဲ့ ပိုက်ဆံကို ငါပေးမယ်၊ဘယ်လိုလဲ နင်လုပ်ပေး
မယ်မဟုတ်လား ၊နင်ကို ကိုယ်တော့်တွေက ကြည့်ရှုစောင့်ရှောက်
မှာပါ``ဟုပြောလေ၏။ ရွှေကောင်းသည် မူယာဆန္ဒကို ငြင်းဆန်ခြင်း
မစွမ်းသာဘဲ ခေါင်းညိတ်လိုက်ရလေ၏။ ကျွန်းပေါ်တွင် မင်းညီနောင်
နှစ်ပါး၏ နတ်ကွန်းရှိပြီး မူယာသည် မင်းညီနောင်နှစ်ပါးက သူမကို
ကြည့်ရှုစောင့်မသည်ဟု ယူဆထားလေ၏။ ထိုအခါ မူယာက စိတ်
အားထက်သန်စွာဖြင့် မင်းနှစ်ပါးကို ပွဲထိုးရန် နှင့် စားဖွယ် သောက်
ဖွယ် များ ဆက်ကပ်ရန် သေချာစွာ မှာကြားလေ၏။ ရွှေကောင်းကa

www.burmeseclassic.com

မင်းညီနောင်နှစ်ပါးကို ဆက်ကပ်ရာတွင် အမှားအယွင်း ဖြစ်မှာစိုး သဖြင့် တစ်ချက်တစ်ချက်ဖြင့် သေချာမှတ်သားမိလေ၏။ ရွှေကောင်းသည် ထိုအချိန်မှစပြီး မှုယာခိုင်းစေသည့် အတိုင်း မင်းညီနောင်နှစ်ပါး အတွက် ပွဲထိုးပေးခြင်း၊ စားဖွယ်သောက်ဖွယ် များကို ဆက်ကပ်ပေးခြင်း စသည်တို့ကို ပြုလုပ်ရလေ၏။ မင်းညီနောင်နှစ်ပါး၏ နတ်ကွန်းသည် ဒိုးခေါင်ချောင်းနှင့် မနီးမဝေးတွင် ရှိသော ကျွန်းပေါ်တွင် ရှိနေလေ၏။ ရွှေကောင်းသည် မင်းညီနောင် နှစ်ပါးကို ပွဲထိုးရန် အုန်းသီးတစ်လုံး ငှက်ပျောသီးနှစ်ဖီး၊ ကွမ်းယာလဘက်နှင့် သပြေပန်း ဖယောင်းတိုင် တို့ ထည့်ရလေ၏။ ထိုပြင် မင်းညီနောင်နှစ်ပါး၏ နတ်ကွန်းတွင် ပေါ် ဆက်ကပ်ရန် မုန့်ဖြူ မုန့်နီနှင့် ကုလားအစားအစာများ ဖြစ်သော စမူဆာ၊ ပလာတာ၊ဘယာကြော်၊ ဂျလေဗီ စသည့် တို့ကို ပြင်ဆင်ရလေ၏။ ထိုပြင် ဘိလပ်ရည် နှစ်ပုလင်းနှင့် စီးကရက် နှစ်လိပ်ကိုလည်း ဆက်ကပ်ရ၏။ ရေဖျဉ်းကြီး ရွှေဖျဉ်းလေးညီနောင် နှစ်ပါး ဖြစ်သည့်အတွက် တရုတ်မုန့်များကို အထူး ရှောင်ကြဉ်ရလေတော့၏။ အမွှေးတိုင်ကိုပင် တရုတ် အမွှေးတိုင်ကို မသုံးဘဲ ကုလားအမွှေးတိုင် ကို သုံးရ၏။ ထိုသို့ဖြင့်ရွှေကောင်းသည် မှုယာ၏ စေခိုင်းချက်အရ အ


www.burmeseclassic.com

www.burmeseclassic.com



ပတ်စဉ် စနေနေ့တိုင်း ဖိုးခေါင်ချောင်းကို လှေနှင့်ဖြတ်ပြီး ကျွန်းခေါ် တွင် ရှိသော ရွှေဖျဉ်းညီနောင်၏ နတ်ကွန်းသို့ မုန့်နှင့်အစားအစာ များ ဆက်ကပ်ရလေ၏။ တစ်နေ့တွင် ရွှေကောင်းသည် ဖိုးခေါင်တစ်ဖက် ကမ်းရှိ ကျွန်းသို့သွားပြီး မင်းညီနောင် နှစ်ပါးကို စားဖွယ်သောက်ဖွယ် များ တင်မြှောက်ရန် လှေဖြင့် ထွက်ခဲ့လေ၏။ ဖိုးခေါင်သည် လှေကို လှော်ခပ်ပြီး အတန်ကြာသောအခါ လှေဝမ်းထဲတွင် ထန်းခေါက် ဖာ လေးတစ်လုံးကို တွေ့ရသဖြင့် မျက်မှောင်ကြုတ်လိုက်မိ၏။ မိမိ လှေပေါ်တွင် အဘယ်ကြောင့် ထန်းခေါက်ဖာလေး ရောက်နေသနည်း ရွှေကောင်းသည် ဖာငယ်လေးကို ဖွင့်ရန် အနီးသို့ တိုးကပ်သွားပြီး သတိကြီးစွာ ထားပြီး ဖွင့်လိုက်၏။ထိုအခါ ဖာငယ်လေးအတွင်း ပါးပြင်းထောင်နေသော မြွေဟောက်ကြီး တစ်ကောင်ကို ဘွါးခနဲ မြင် တွေ့လိုက်လေ၏။ ရွှေကောင်းသည် မြွေဟောက်ကြီးကို မမျှော်လင့် ဘဲ မြင်တွေ့လိုက်ရသဖြင့် ကြက်သေသေသွားပြီး သိုင်းပညာရှင်ပီ မြွေဟောက်ကို လျှင်မြန်စွာ လှော်တက်နှင့်ရိုက်ချလိုက်လေ၏။ မြွေ ဟောက် သည် ရွှေကောင်း၏ ရိုက်ချက်ကြောင့် ခေါင်းကြေပြီး ရေ သို့ ကျသွားလေ၏။ ရွှေကောင်းသည် မိမိ လှေထဲသို့ ရောက်နေသော

www.burmeseclassic.com

www.burmeseclassic.com

မြွေဟောက်နှင့် ပတ်သက်ပြီး မိမိကို တစ်စုံတစ်ယောက်က လုပ်ကြံခြင်း ဟု ရိပ်စားမိလေ၏။ ထိုသူသည် မည်သူဖြစ်မည်နည်း။ အဖြေမှာ ရှင်းရှင်းလေး ဖြစ်၏။ ဆရာမင်းယက္ခ၏ သင်တန်း၌ မိမိကို မနာလို ဝန်တိုတီး ဖြစ်နေသူမှာ ဒေဂတစ်ယောက်သာ ဖြစ်လေ၏။ ဒေဂသည် အလွန်အဆိပ်ပြင်းသော မြွေဟောက်နှင့် မိမိအသက်ကို လုပ်ကြံ၏။ သို့သော် မိမိ၌ တိကျသော သက်သေမရှိသဖြင့် ဒေဂကို တိတိကျကျ စွပ်စွဲလို့ မရ။ ရွှေကောင်းသည် ကျွန်းသို့ သွားပြီး မင်းညီနောင်နှစ်ပါး၏ နတ်ကွန်းတွင် စားသောက်ဖွယ်ရာ များကို ဆက်ကပ်ခဲ့သော်လည်း တစ်ချိန်လုံး လှေပေါ်သို့ ရောက်ရှိနေသော မြွေဟောက်တစ်ကောင်ပါ ထန်းခေါက်ဖာလေးအကြောင်းကို စဉ်းစားနေလေတော့၏။ ယုတ်မာ ကောက် ကျစ်လိုက်သည့် ဒေဂ။ သက်သေခိုင်မာစွာ မရှိသော်လည်း တရားခံမှာ ဒေဂဖြစ်မှန်း ရိပ်စားမိ၏။ရွှေကောင်းသည် လှေပေါ်သို့ ရောက်နေသော မြွေဟောက်အကြောင်းကို သူငယ်ချင်း စိန်တင် က လွဲလို့ မည်သူကိုမျှ မပြောရန်ဆုံးဖြတ်လိုက်၏။ ရွှေကောင်းသည် လှေပေါ်သို့ ရောက်နေသော ထန်းခေါက်ဖါနှင့် ပတ်သက်ပြီး သူငယ်ချင်း စိန်တင်ကို ပြောပြလိုက်သောအခါ စိန်တင်က ``ဟာ.. တရားခံ ဘယ်



www.burmeseclassic.com

www.burmeseclassic.com

သူလဲ ဆိုတာ ငါသိတယ်ကွ၊ ယုတ်မာလိုက်တဲ့ ကောင်ကွာ၊ ဒီကော
ဟာ ကိုယ့်သင်တန်းသားအချင်းချင်း မိန်းမတစ်ယောက်နဲ့ ပတ်သ
ပြီး လုပ်ရက်တယ်၊ ဒီကောင်ဟာ ဒေဝပဲကွ``ဟု ပြောလေတော့
ရွှေကောင်းက မျက်မှောင်ကြုတ် လိုက်ပြီး``မင်းဘယ်လိုသိလဲ``
မေးမြန်းလေ၏။ စိန်တင်က ``မင်းအမေးကို ငါဖြေတာထ
မောင်အုန်း ဖြေတာ ပိုမှန်မယ်``ဟုပြောလေ၏၊ မောင်အုန်း ဆိုသ
မှာ မကြာမီကမှ သူတို့ သင်တန်းသို့ ရောက်လာသော လူငယ်
ဖြစ်၏။ ရွှေကောင်းက ``မောင်အုန်းက ဘာတွေသိထားလို့လဲ``
မေးမြန်းလေ၏။စိန်တင်က ခေါင်းညိတ်ပြီး``ငါ မောင်အုန်းကိုခေါ်
မယ်`` ဟု ပြောရင်း တုတ်သိုင်းလေ့ကျင့်နေသော မောင်အုန်
ခေါ်လိုက်၏။ မောင်အုန်းအနီးသို့ ရောက်သောအခါ စိန်တင်က``ဒီ
မောင်အုန်း မင်းတစ်နေ့က တွေ့ခဲ့တဲ့ ထန်းခေါက်ဖါလေးအကြော
ရွှေကောင်းကို ပြောပြလိုက် မောင်အုန်း``ဟုပြောလေ၏။ မောင်အ
က ` လွန်ခဲ့တဲ့ တစ်ပတ်က ကျောင်းအနောက်က ဖါးရုံတောဘက်
ဖါးလုံးရှာဖို့ ကျွန်တော်ရောက်သွားတော့ ဖါးရုံတောအစပ်မှာ
ကို တွေ့ရတယ်။ ကိုဒေဝဟာ ထန်းခေါက်ဖါလေးတစ်လုံးကို

www.burmeseclassic.com



တာထဲကို ထိုးထည့်ပြီး အပေါ်က သစ်ရွက်သစ်ခက်တွေနဲ့ ဖုံးထား ခဲ့တယ်၊ ကျွန်တော်လည်း ကိုဒေဂ ထွက်သွားတော့ ထန်းခေါက် ဖာ လေးကို စပ်စုချင်စိတ်နဲ့ ဖာလေးအနီးကို ကပ်ပြီး ကြည့်တော့ ဖာ ထဲ က တရှီရှီ မြည်နေတဲ့ လေရှူန်သံကို ကြားရလို့ ထန်းခေါက်ဖာထဲက အရာဟာ မြွေ ပဲလို့ သိတဲ့အတွက် အနားမကပ်ရဲတော့ ဘူး၊ ကိုဒေဂ ဘာ ဘာကြောင့် မြွေကို မွေးထားလဲ မသိဘူး``ဟုပြောလေတော့၏။ တင်က မောင်အုန်းကို ပြန်လွှတ်လိုက်ပြီး ရွှေကောင်း၏ဘက်သို့ ည့်ကာ ``ဒီကောင်မင်းကို လုပ်ကြံနေတာတော့သေချာ နေပြီ`` ပြောလေရာ ရွှေကောင်းက တက်ခေါက်ပြီး``ဒီကောင်ငါ့ကို ဘာ ဒီလောက်ရန်လိုနေတာလဲ``ဟုရေရွတ်လိုက်ပြီး လွန်ခဲ့သောနှစ် အဖြစ်တစ်ခုကို သွားသတိရလေ၏။ထိုစဉ်က ဆရာကြီး မင်းယက္ခ အနီရောင်ဂုတ် လိုတရ အဖွဲ့ဝင်များ ရောက်ရှိလာသဖြင့် ဆရာကြီး င်းသက္ခက ရွှေကောင်းအား ခေါ်ပြီးခါးနှစ်လက်သိုင်းကစားစေ၏။ ကောင်းသည် ခါးနှစ်လက်ကို ကိုင်ပြီး အားမာန်ပါပါဖြင့် ဓလ့ယမ်း င်း လက်ထဲရှိ ဓားကို မွတ်နေအောင် လှည့်ပတ်ကစားခိုက် လက် ခါးသွား လက်ကိုင်မှ ကျွတ်ထွက်ပြီး ဧည့်သည်များရှိရာသို့ လွတ်

www.burmeseclassic.com

www.burmeseclassic.com


ထွက်သွားလေ၏။ ကံကောင်းထောက်မပြီး ဓားသွားသည် ညည့်သည်
တစ်ဦးတစ်ယောက်မျှ မထိခိုက်ဘဲ သစ်ပင်မှာ သွားစိုက်လေတော့၏
ရွှေကောင်းသည် မိမိ၏ဓားနှစ်လက်ကို တစ်စုံတစ်ယောက်က လုပ်ကြ
လိုက်သည်ဟု ထင်မြင့်မိလေ၏။ အဘယ်ကြောင့် ဆိုသော် မိမိ၏ဓ
နှစ်လက်၌ ရွှေကောင်းဟူသော အမည်ကို သီးသန့်ရေးထိုး ထားခြ
ကြောင့်ဖြစ်လေ၏။ရွှေကောင်းသည် ဓားများကို အလွန်မြတ်နိုးသဖြ
အစဉ်အမြဲ ဂရုစိုက်နေသူဖြစ်၏။ မိမိ၏ဓားများသည် လက်ကိုင်ရိုး
ပြုတ်ထွက်ရန် အကြောင်းမရှိချေ။ ရွှေကောင်းသည် ဓားများကို သိမ်
ဆည်းသော ဒေဝကို သံသယ ဖြစ်သွားမိ၏။သို့သော် သက်သေ အထ
အကျ ပြရန်ခက်ခဲသဖြင့် ငြိမ်သက်စွာ နေလိုက်မိ၏။ရွှေကောင်းသည်
မိမိ၏ ဓားများလက်ကိုင်ရိုး မှ ကျွတ်ထွက်ခြင်းကို ပြန်လည်သတိ ရ
တက်ခေါက်လိုက်မိလေ၏။ထိုအခါ စိန်တင်က မျက်မှောင်ကြုတ်ပြီး
``ဘာဖြစ်လို့လဲ ရွှေကောင်း``ဟုမေးမြန်းလေရာ ရွှေကောင်းက
``လွန်ခဲ့တဲ့ ၆လလောက်က ဆရာကြီး မိတ်ဆွေတွေလာတုန်းက
ငါ့ကို သိုင်းကစားခိုင်းတာ မင်းမှတ်မိလား။အဲဒီတုန်းက ငါ့ ကစားနေတဲ
ဓါးနှစ်လက်က ဓားသွားတွေ လက်ကိုင်ရိုးက ပြုတ်ထွက်သွားတယ်

www.burmeseclassic.com

www.burmeseclassic.com

အဲဒီတုန်းက ငါ့ခြားတွေကို တာဝန်ယူသိမ်းတာ ဒေဂကွ။ ဒီကောင် အဲဒီ ကတည်းက ငါ့ကို ရန်ငြိုးထားပြီး လုပ်ကြံတာဖြစ်မယ်၊ သူကငါ့ကို ဘာလို့ ရန်ငြိုးထားနေသလဲ ဆိုတာ ငါနားမလည်ဘူး`` ဟုဆိုလိုက်ရာ စိန်တင်က သက်ပြင်းချပြီး ``မနာလိုမှုနဲ့ သဂန်တိုမှုကြောင့်လို့ ငါထင်တယ်၊ မင်းဒီသင်တန်းကို မရောက်မီမှာ ဒေဂက အတော်ဆုံးကျောင်းသားကွ မင်းလာမှ ဒေဂ အောက်ကို ဆင်းပေးလိုက်ရတာ၊ ဒီအပြင် ဒေဂဟာ ဆရာကြီးသမီး မှုယာကို မှန်းနေတယ်ကွ၊ မှုယာနဲ့ မင်းနဲ့ တရင်းတနှီး နေထိုင်တာကို သူ့ရင်ထဲမှာ မီးခဲလို ပူလောင်နေလိမ့်မယ်၊ ဒါကြောင့် သူ့ရဲ့ အမုန်းတွေဟာ မင်းဆီကိုပုံကျ လာတာဖြစ်မယ်``ဟုပြောလေ၏။ ရွှေကောင်းက ခေါင်းညိတ်ပြီး``ဒါဆိုရင် ဒီကောင်ဟာ သူရိန်ကို ဘာကြောင့် မနာလိုဂန်တို မဖြစ်တာလဲ၊ သူရိန်လည်း နောက်ပိုင်းမှာ မှုယာနဲ့ သွားလာလည်ပတ် နေတာ ပဲ`` ဟုပြောလေ၏။ ရွှေကောင်း၏ စကားကြောင့် စိန်တင်က သက်ပြင်းချပြီး `` သူရိန်က ရုပ်ချော ဉစ္စာပေါ သူဌေးသား ပိုက်ဆံပါလားဆိုတော့ သူရဲ့ ပြိုင်ဘက်မဟုတ်ဘူးလို့ ယူဆထားပုံရတယ်၊ မင်းကိုတော့ သူ့ရဲ့ အဓိကပြိုင်ဘက်လို့ ယူဆထားတယ်``ဟုပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ မူယာသည် ရွှေကောင်းနှင့် လာရောက်တွေ့ဆုံ ပြီး
နင့်ကို ငါပြောစရာ ရှိတယ်``ဟုပြောပြီး ရွှေကောင်း မျက်နှာကို စို
ကြည့်လိုက်၏။ ရွှေကောင်းက မူယာကို ကြည့်ရင်း ``ပြောပါမူယာ
ဟုပြောလေ၏။ မူယာက အတန်ကြာသောအခါမှ``ငါ သူ့ရိုန်ကို
အဖြေပေးလိုက်ပြီ၊ အဲဒါ နင်သိစေချင်လို့ဟဲ့``ဟုပြောလေသော
ရွှေကောင်းက မူယာ၏ နောင်ရေးအတွက် ရင်မောသွားပြီး``ပြေ
ငါ့သူငယ်ချင်းတောင် ချစ်သူရသွားပြီကိုး၊ နင်စိတ်ချမ်းသာတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com


ပြီးတာပဲ၊ နင်တို့ အချစ်ရေး သာယာဖြောင့်ဖြူးပါစေလို့ ငါဆုတောင်းပါ တယ်၊ ဆရာကြီးကလည်း သဘောတူမှာပါ``ဟုပြောလေရာ မှုယာ က ခေါင်းညိတ်လိုက်ပြီး``ငါ သူ့ရိန်ကို အဖြေပေးလိုက်တာ အဘ ရဲ့ ဆန္ဒကို ရိပ်စားမိလို့ပါ၊ အဘက သူရိန်ကို သဘောကျတယ်လို့ ထင် တယ်၊ နင်လည်း သူရိန်ကို သဘောကျတယ် မဟုတ်လား``ဟုမေး မြန်း လေ၏။ ရွှေကောင်းသည် သူရိန်၏ မောက်မာသောဟန်ပန်ကို နှစ်မြို့သော်လည်း မှုယာကို မဆန့်ကျင်လိုသဖြင့် ``သဘောကျ ပါတယ် မှုယာရယ်.တကယ်တော့ ငါလိုလူရဲ့ ဆန္ဒက အရေးမကြီး ပါ ဘူး၊ ဆရာကြီးနဲ့ မဖြူပြာရဲ့ ဆန္ဒက အရေးကြီးပါတယ်၊ မဖြူပြာ အိမ် ထောင်နဲ့ အဆင်ပြေရဲ့လား မသိဘူး...``ဟုပြောလေရာ မှုယာက သက်ပြင်းချပြီး``အဘက အမဖြူပြာကို ဒီနေ့အထိ စိတ်ဆိုးမပြေ သေး ဘူး၊ အမချစ်သူက ကောလိပ်ကျောင်းသား ပိုက်ဆံပါလား တစ်ယောက် ဆိုပေမဲ့ သိုင်းပညာ မတတ်တဲ့သူမို့ သဘောမတူဘူး လေ၊ အဖေလည်း နင့်လိုပဲ သိုင်းပညာကို သိပ်ရှူးသွပ်တယ်၊ ငါက.... သူရိန်ကို အဖြေပေးလိုက်ပေမဲ့ သူဟာ ခေတ်ပညာတတ်ပီပီ ငါ့ပုံ ကြည် တဲ့ ရိုးရာနတ်ကိုးကွယ်မှုတွေကို လုံးဝ အယုံအကြည် မရှိဘူး၊


www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် သူ့ကို ကိုးကွယ်ယုံကြည်မှုတွေနဲ့ ပတ်သက်ပြီး မဆွေး
ချင်ဘူး၊ ဒီအတွက်တော့ နင်ဟာငါ့အတွက်အကောင်းဆုံး သူငယ်ချ
ပါပဲ၊ ဒါထက် နင် ကျွန်းပေါ်က မင်းနစ်ပါးကို ပွဲတွေမှန်မှန် ထိုးရဲ့လာ
``ဟုမေးမြန်းလေ၏။ ရွှေကောင်းက ခေါင်းညိတ်ပြီး``ထိုးတာပေါ့
မှုယာရယ်..ဒီအတွက်မပူပါနဲ့``ဟုပြောလိုက်လေ၏။

ကိုယ်တော် နစ်ပါးကို စားဖွယ်သောက်ဖွယ်များ ပို့ရန် ကျွန်းသို့ သွာ
ရင်း ကံကောင်းထောက်မပြီး မြွေကိုက်ခဲရမည့် ဘေးမှ သီသီလေး
လွတ်သွားသည့်အကြောင်း မှုယာကို မပြောဖြစ်ခဲ့ချေ ။ ထိုအဖြစ် အ
ပျက်နှင့် ပတ်သက်ပြီး မှုယာကို ပြောပြလျှင် လူယုတ်မာဒေဝ
အကြောင်း ပါလာနိုင်၏။လူယုတ်မာဒေဝသည် သူရိန်နှင့် အရင်း
ဆုံး မိတ်ဆွေ ဖြစ်နေလေ၏။ ထိုအကြောင်းတွေ မှုယာကို မပြော ချ
ပေ။ ရွှေကောင်းသည် မှုယာ ၏ ဘဝခရီးလမ်းသာယာ ဖြောင့်ဖြူး
စေ ဟူသာ ဆုတောင်းလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com

မှုယာနှင့် သူရိန် တရားဝင်ချစ်သူ အဖြစ်အသိအမှတ်ပြုပြီး ဟိုဟိုဒီဒီ တွဲသွားတွဲလာ ပြုနေကြောင်းတွေ့ရ၏။ ထိုမြင်ကွင်းကို ကြည့်ပြီး စိန်တင်က ``ဘယ်လိုလဲ ရွှေကောင်း မင်းနဲ့မှုယာ ဘာဖြစ်လို့ ချစ်သူတွေ မဖြစ်တာလဲ``ဟုမေးမြန်းလေ၏။ရွှေကောင်းက သက်ပြင်းချပြီး ``လူတိုင်း က ဒီမေးခွန်းရဲ့ အဖြေကို သိချင်ကြတယ်၊ ငါ့ရင်ထဲမှာ မိန်းကလေး တစ်ယောက်ကို နေရာပေးဖို့ထက် သိုင်းပညာကိုပဲ စိတ်ဝင်စားတယ်`ဟု ပြောလေ၏ စိန်တင်က သက်ပြင်းချပြီး ``သိုင်းပညာကို

www.burmeseclassic.com

www.burmeseclassic.com

ဂါသနာထုံသူချင်းအတူတူ ဆရာရင်ထဲမှာ ဘာကြောင့် အချစ်ရှိနေ
တာလဲကွာ``ဟုတီးတိုးရေရွတ်လိုက်ရာ ရွှေမောင်းက``ဆရာ တိုက်
မောင်းကို ဆိုတာလား ဆရာ့ရင်ထဲမှာ ဘယ်လိုအချစ်ရှိနေ တာလဲ``
ဟုမေးမြန်းလေ၏။ စိန်တင်က သက်ပြင်းချပြီး``ဆရာတိုက်မောင်း
က မဖြူပြာကို တိတ်တခိုးချစ်နေမိတယ်ဆိတာ ငါရိပ်မိနေတယ်ကွ
မဖြူပြာ မြို့က စက်သူဌေးရဲ့သားနဲ့ ခိုးရာလိုက်သွားတုန်းက ဆရာ
တိုက်မောင်း အသည်းကွဲပြီး ကျန်ခဲ့တယ်၊``ဟုဆိုလေရာ ရွှေကောင်း
သည် ထိုစဉ်ကအဖြစ်အပျက်ကို ပြန်စဉ်းစားပြီး ဆရာတိုက်မောင်း ၏
မျက်နှာညှိုးငယ်နေပုံကို အမှတ်ရလေ၏။စိန်တင်က ဆက်လက်ပြီး``
မဖြူပြာဟာ ကောလိပ်ကျောင်းသား ၊စက်သူဌေးသား တစ်ယောက်နဲ့
ရတာတောင် ဆရာကြီး ဘာကြောင့် စိတ်ထိခိုက်နေလဲဆိုတော့ . . .
ဆရာကြီးဟာ မဖြူပြာကို ဆရာတိုက်မောင်းနဲ့ ကြိုတ်ပြီး သဘောတူ
ထားတာကွ၊ ဆရာကြီးဟာ သိုင်းသမားတစ်ယောက် မဖြစ်ရင် သူ့
သမီးနဲ့ သဘောမတူဘူးကွ၊ ဘာကြောင့်လည်းဆိုတော့ ဆရာကြီးမှာ
အနာဂတ် ရည်မှန်းချက်တွေ အများကြီးရှိတယ်``ဟုပြောလေရာ
ရွှေကောင်းသည် စိန်တင်၏ မျက်နှာကို မသိမသာ ကြည့်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး မင်းယက္ခ အထူးလျှို့ဝှက်ထားသော လိုတရဂိုဏ်း၏ အကြောင်း ကို ဉာဏ်ကြီးရှင်စိန်တင်တစ်ယောက် ရိပ်စားမိနေလေ သလော။ စိန်တင်က ရွှေကောင်း၏ အမူအယာကိုကြည့်ပြီး ``မင်းကို ကြည့်ရတာ လျှို့ဝှက်ထားတဲ့ အရာတစ်ခုကို ငါသိနေပြီဆိုပြီး စူးစမ်း နေသလိုပဲ၊ မပူပါနဲ့ကွာ၊ လိုတရဂိုဏ်းရဲ့ အကြောင်းကို ငါမသိချင် .. ယောင် ဆောင်နေပါ့မယ်``ဟုပြောလေ၏။ ရွှေကောင်းသည် စိန်တင် ၏ စကားကြောင့် မျက်လုံးပြူးသွားပြီး ``လိုတရဂိုဏ်း`` ဟု အထိတ် တလန့်ရေရွတ်လိုက်၏။စိန်တင်က ရယ်မောလိုက်ပြီး``လိုတရဂိုဏ်း အကြောင်းကို ငါသိနေတာ မင်းအံ့ဩနေသလားကွ၊တကယ်တော့ လိုတရ ဂိုဏ်းအကြောင်းကို မင်းနဲ့ ဒေဂထက်တောင် ငါပိုသိနေ သေး တယ်၊ လိုတရဂိုဏ်းဟာ ငါ့ဘဝနဲ့ အများကြီး ပတ်သက်တယ်ကွ၊ ဒီအကြောင်းတွေကို ဒီအချိန်မှာ မင်းကို ငါဖွင့်ပြောမှ ဖြစ်မယ်၊ မင်းနဲ့ ဒေဂကို ဆရာကြီးက လိုတရဂိုဏ်းဝင်တွေ အဖြစ်အသိ အမှတ်ပြု လိုက် တာလည်းငါသိတယ်``ဟုပြောလေရာ ရွှေကောင်းက ဒေဂကို အံ့ဩဟန်ဖြင့် ကြည့်ပြီး``လျှို့ဝှက်တဲ့ အကြောင်းအရာတွေကို မင်း ဘာကြောင့်သိနေတာလဲ၊မင်းက လိုတရဂိုဏ်းရဲ့ ရန်သူဘက်သား ...

www.burmeseclassic.com

www.burmeseclassic.com

သူလိုလား``ဟုမေးမြန်းလေရ စိန်တင်က လက်ကာပြပြီး``သူလို
မဟုတ်ဘူးပါဘူးကွာ၊ ငါဟာ လိုတရဂိုဏ်းရဲ့ ကောင်းကျိုးကို လိုလား
တဲ့သူပါ၊ဒီအကြောင်းတွေကို အေးအေးဆေးဆေး ပြောမှ ဖြစ်မယ်
ငါတို့ ဖိုးခေါင်ချောင်းနဘေးကို သွားရအောင်``ဟုဆိုကာ နှစ်ယောက်
သား ဖိုးခေါင်ချောင်းဘက်သို့ လျှောက်လှမ်းခဲ့လေ၏။ ချောင်းနံဘေး
အရိပ်ရသော သစ်ပင်ကြီး အောက်တွင် ထိုင်လိုက်ကြပြီး စိန်တင်က
ဆက်ပြောလေ၏။ ``ငါ့အဖေ ဦးသူတော်ဟာ အရင်တုန်းက လိုတရ
ဂိုဏ်းဝင် တစ်ယောက်ပဲ၊ သူဟာ လိုတရဂိုဏ်းရဲ့ တာဝန်တစ်ခု ကို
ထမ်းဆောင်ရင်းလိုတရဂိုဏ်းရဲ့ အဖိုးတန်ကျမ်းတွေဟာ သူရိယစန္ဒာ
ဆိုတဲ့လောကီပညာဂိုဏ်းကြီးထဲ ရောက်သွားတယ်၊ အဖေဟာ သူ့ အ
ဖြစ်ကြောင့် သူရိယစန္ဒာဂိုဏ်းရဲ့ လက်ထဲကို ရောက်သွားတဲ့ ကျမ်း
တွေကို ပြန်ယူချင်တဲ့ ရည်ရွယ်ချက်နဲ့ လိုတရဂိုဏ်းထဲကို ပြန်မလာ
ဘဲ သူရိယစန္ဒာဂိုဏ်းထဲကို ဝင်ခဲ့တယ်၊ ဒီအခါမှာ လိုတရဂိုဏ်းကနေ
အဖေ့ကို သစ္စာဖောက်လို့ထင်မြင်ခဲ့တယ်၊ တကယ်တော့ အဖေဟာ
ကျမ်းတွေကို ပြန်ယူဖို့ သူရိယစန္ဒာဂိုဏ်းထဲမှာ အယုံသွင်းပြီး နှစ်
ပေါင်း များစွာ ခိုဝင်ခဲ့တာဖြစ်တယ်၊နောက်ဆုံးတော့ အဖေဟာ ကျမ်း

www.burmeseclassic.com


မာရေးချို့တဲ့ပြီး သူ့ကိုယ်သူ..ဒီတာဝန်ကို ကျေပွန်အောင် မထမ်းဆောင် နိုင်တော့ဘူးလို့ ယုံကြည်တဲ့အခါငါ့ကိုဆရာကြီးမင်းယက္ခ ဆီကိုလွှတ်ပြီး သိုင်းပညာသင်ယူခိုင်းတယ်၊ အဖေ့ရည်ရွယ်ချက်တ ငါ သိုင်းပညာထူးချွန်ရင် ဆရာကြီးက ငါ့ကို လိုတရဂိုဏ်းထဲကို.. သွတ်သွင်းမယ်လို့ ယုံကြည်ခဲ့တယ်၊ အဖေ..သေဆုံးတဲ့အခါ ငါဟာ ဆရာကြီးမင်းယက္ခ ဆီမှာ မရရအောင် တပည့်ခံခဲ့တယ်၊ ဒါပေမဲ့ ငါ့ထက်သိုင်းပညာပို ကျွမ်းကျင်တဲ့ မင်းနဲ့ဒေဝ ရှိနေတော့ လိုတရ ဂိုဏ်းထဲကို ငါဝင်လို့ မရခဲ့ဘူး၊ ငါဟာ သေဆုံးသွားတဲ့ အဖေ့ရဲ့.. ဆန္ဒတွေကို မဖြည့်ဆည်းပေးနိုင်ခဲ့ဘူးကွ၊ ငါ့ရဲ့ မွေးရာပါ ဗီဇကိုက လက်ရုံးရည်ထက် နလုံးရည်မှာ ပိုအားသာတယ်ကွ၊ ဒါကြောင့် ဒီခြံထဲက လူတွေအကြောင်းကို ငါအားလုံးသိနေတာပဲ`` ဟုရှည်လျားစွာ ရှင်းလင်းပြလေ၏။ ရွှေကောင်းက စိန်တင်၏မျက်နှာကို အံ့ဩပြာပြာဖြင့် ကြည့်ပြီး``မင်းက ရည်ရွယ်ချက်တွေနဲ့ ..ဒီခြံထဲကို ရောက်နေတာပဲ၊ ဒီအကြောင်းတွေကို ဆရာကြီးမင်းယက္ခကို မင်း အသိ ပေးလိုက်ပါလား``ဟုတိုက်တွန်းလေရာ စိန်တင်က ကမန်းကတန်း လက်ကာပြီး``မလုပ်နဲ့ ရွှေကောင်း ငါ့အသက်အန္တရာယ် ဖြစ်


www.burmeseclassic.com

www.burmeseclassic.com


သွား နိုင်တယ်။လိုတရဂိုဏ်းရဲ့ လျှို့ဝှက်ချက်တွေကို သူစိမ်း တစ်ယောက် မသိသင့်တဲ့အရာတွေကို ငါသိထားတယ်``ဟုပြောလေရာ ရွှေကောင်းက စိန်တင်ကို နားမလည်ဟန် ဖြင့်ကြည့်ပြီး`` ဆရာကြီးက ကိုယ့်တပည့်တစ်ယောက်ကို အန္တရာယ်ပြု ပါ့မလားကွာ``ဟု ပြောလေ ၏။ စိန်တင်က မျက်မှောင်ကြုတ်ပြီး``ဆရာကြီး ဟာ လိုတရဂိုဏ်းနဲ့ ပတ်သက်လာရင် တပည့်ဖြစ်ခြင်းမဖြစ်ခြင်းတွေ မရှိတော့ဘူး။မင်းကို ဒီအကြောင်းတွေ ပြောပြချင်တယ်၊ငါ့အမြင်မှာ မင်းဟာ အရိုးသားဆုံးလူတစ်ယောက်ပဲ၊ ဆရာကြီးဟာသူ့ရဲ့ အကြီး ဆုံးသမီး မဖြူပြာကို လိုတရဂိုဏ်းရဲ့ ဂိုဏ်းချုပ်နေရာကိုဆက်ခံစေပြီး ဆရာတိုက်မောင်းနဲ့ လက်ဆက်ပေးဖို့ ကြံရွယ်ထားတယ်၊ အခုလို မဖြူပြာက ကောလိပ်ကျောင်းသား နောက်လိုက်သွားတော့ ဆရာကြီးရဲ့ အမွေဆက်ခံရေး ရည်မှန်းချက်တွေ ပျက်သွားတယ်ကွ၊ လိုတရဂိုဏ်း ရဲ့ ဂိုဏ်းချုပ်နဲ့ အကြောင်းဆက်ပေါင်းဖက်မဲ့ သူဟာ သိုင်းပညာရှင်တစ်ယောက်ပဲဖြစ်ရမယ်၊ဒါကြောင့် ကောလိပ်ကကျောင်းသားကို သမက်လောင်းနေရာက လက်မခံနိုင်တာပဲ၊ ``ဟုပြောလိုက်လေရာ ရွှေကောင်းက ခေါင်းညိတ်ပြီး``မင်းပြောမှ ငါသဘောပေါက် တော့


www.burmeseclassic.com

www.burmeseclassic.com

တယ်``ဟုရေရွတ်လိုက်၏။ စိန်တင်က ဆက်လက်ပြီး``ဆရာကြီးမှာ နောက်ထပ် ရည်မှန်းချက် တစ်ခုလည်း ရှိသေးတယ်ကွ၊ သူ.ရဲ. ... သမီးငယ် မှုယာကို လိုတရဂိုဏ်းရဲ. ဂိုဏ်းချုပ် အမွေဆက်ခံ စေဖို့ပဲ`` ဟုဆိုလိုက်ရာ ရွှေကောင်းက အံ့သြဟန်ဖြင့်``ဟင်..လိုတရဂိုဏ်းရဲ. ဂိုဏ်းချုပ်နေရာကို သူ့စိမ်းတစ်ယောက်ကို ဆက်ခံခိုင်းလို့ မရဘူး လား``ဟုမေးမြန်းလေရာ စိန်တင်က``သူတို့ဂိုဏ်းရဲ. စည်းကမ်းပဲ ကွ၊ ဂိုဏ်းချုပ်ရဲ. သားသမီး မြေးမြစ်တွေကို ပဲ အမွေဆက်ခံ စေရ တယ် ၊ဂိုဏ်းချုပ်မှာ အမွေဆက်ခံစရာ သားသမီး မရှိတော့ရင်တော့ တပည့်ထဲက ရွေးရတယ်၊ဆရာကြီးက မှုယာကို ဂိုဏ်းချုပ်နေရာကို မှန်းနေပြီ ဆိုရင် ဂိုဏ်းချုပ်ရဲ. အိမ်ထောင်ဖက်ဟာ သိုင်းပညာရှင် တစ် ယောက်ပဲ ဖြစ်ရမယ်ကွ၊ ဆရာကြီးက ပထမ သူ့သမီးရဲ. အိမ်ထောင် ဘက် ကို ဘယ်သူကိုမှန်းတယ် ထင်သလဲကွ..``ဟုမေးမြန်းလေရာ ရွှေကောင်းက ခေါင်းခါယမ်းလိုက်ပြီး`` မသိဘူးလေကွာ..``ဟုဆို လိုက်၏။ စိန်တင်က ရွှေကောင်းကို လက်ညှိုးညွှန်ပြီး``မင်းကိုပဲကွ၊ ဒါကြောင့်လည်း မင်းနဲ့ မှုယာတို့ လည်ပတ်သွားလာနေတာကို ခွင့်ပြု ပေးထားတာ၊ဒါပေမဲ့ မင်းနဲ.မှုယာက သူငယ်ချင်း အဆင့်ထက်မပိုဘဲ

www.burmeseclassic.com

မှုယာက သူရိန်နဲ့ နီးစပ်သွားတဲ့အခါ ဆရာကြီးက သူရိန်ကို သမက် လောင်းနေရာက ရာထားလိုက်တယ်၊ သူရိန်ဟာ သိုင်းပညာ ကျွမ်း ကျင် ရုံမက လိုတရကိုကျင်းနဲ့ ရင်းနှီးကျွမ်းဝင်သူဖြစ်တဲ့အတွက် ဆရာ ကြီး အတွက် ရေကန်အသင့်ကြာအသင့် ဖြစ်နေခဲ့တယ်၊ဒေဂလို မတာ ရ အညှော်ခံ ကောင်ကတော့ ဒီဇာတ်လမ်းမှာ ဗီလိန်တစ်ယောက်ပဲ ဖြစ်သွားလိမ့်မယ်``ဟုပြောပြီး စကားကို ခဏရပ်ထားလိုက်၏။ပြီး လေးနက်သောအမူအယာဖြင့်``မင်းကို လေးလေးနက်နက် သတိ ပေးချင်တာက သူရိန်ကို ငါမယုံဘူး၊သူဟာ ငါတို့အဖွဲ့ကို ရည်ရွယ်ချက် ကြီးစွာနဲ့ ရောက်လာတယ်လို့ပဲ ငါထင်တယ်၊ သူဟာ စိတ်ဓါတ်လည်း မကောင်းဘူးကွ၊ မောက်မာလွန်းတယ်၊သိုင်းပညာကို သူတစ်ယောက် တည်း မောင်ပိုင်စီးထားချင်တယ်၊သူ့ထက်သိုင်း ပညာသာသ ယော ရှိတဲ့ မင်းကို မနာလိုဂန်တို ဖြစ်တဲ့နေရာမှာ ဒေဂထက်မလျော့ဘူး မင်းကို သူရဲ့ ပြိုင်ဘက်တစ်ယောက်လို သဘောထားနေပုံရ တယ် ဒါကြောင့် သူရိန်ကို သတိထားနေပါ၊သူဟာသိုင်းပညာနဲ့ သာမကဘူး သူ့ချစ်သူမှုယာနဲ့..မင်းဟာသူထင်တာထက် ပိုပြီး ရင်းရင်းနှီးနှီး နေ ထိုင်တဲ့အတွက် ကျေနပ်ပုံ မရဘူး၊ ပိုဆိုးတာက ဒေဂ ငိုလှုယုတ်မာ

www.burmeseclassic.com

ဘလည်း သူရိန်နဲ့ ပေါင်းသင်းနေတယ်၊ သူတို့နှစ်ယောက်ပေါင်းပြီး အကောက်ကြံနိုင်တယ်။ ဒါကြောင့် မင်းရဲ့ အနေအထိုင် ဆင်ခြင်ရမယ်၊ သူရိန်ဟာ သူ့သမက် သေချာပေါက် ဖြစ်မဲ့သူဆိုရင် ဆရာကြီးလည်း မင်းဘက်မှာ ရှိမှာ မဟုတ်ဘူး၊ဆရာကြီးဟာ လိုတရဂိုဏ်းရဲ့ ခေါင်ရေးအတွက်ဆိုရင် ဘယ်သူ မျက်နှာမှ ထောက်မှာ မဟုတ်ဘူး.. ဆရာ တိုက်မောင်းလည်းဒီလိုပဲ၊ မင်းကို သတိပေးချင်တာက သူရိန်နဲ့ အိပ်တိုက်မတွေ့အောင်နေပါ၊ တခုခု ဖြစ်ခဲ့ရင် မင်းဘက်က ဘယ်သူမှ ရှိမှာမဟုတ်ဘူးနောက်ပြီးတော့ သူရိန်နဲ့ ဒေဝတို့နှစ်ယောက် စပ်းတ မင်းကို ရန်ငြိုးဖွဲ့ပုံရတယ်လို့ ငါထင်တယ်``ဟု ရှည်လျားစွာ ရှင်းလင်းပြလေ၏။စိန်တင်စကားကြောင့် ရွှေကောင်းသည် ခေါင်း ထဲ အွင် ရှုတ်ထွေးသွားပြီး``မင်းပြောတဲ့စကားတွေကို ငါလိုက်မမိ တော့ ဘူး စိန်တင် ဒီနေ့မင်းဆီက ကြားတဲ့စကားတွေ သိပ်ထူးဆန်း တယ်၊ မင်းဟာ တကယ်လျှို့ဝှက်တဲ့ ဉာဏ်ကြီးရှင် တစ်ယောက်ပါပဲ`` ဟု ဆိုလိုက်ရာ စိန်တင်က သက်ပြင်းချပြီး``ဒေဝ နဲ့သူရိန်ကို သတိထား ပြီး ဆက်ဆံဖို့ မင်းကိုငါသတိပေးတာပါ``ဟုပြောလေ၏။

www.burmeseclassic.com

ရွှေကောင်းသည် ထိုအချိန်မှစပြီး သင်တန်း၌ ဒေဝတို့ကို သတိပြု
ထားပြီးဆက်ဆံလေ၏။ တစ်ခါတစ်ရံ ဆရာကြီး၏ အနီးရောင်
ပတ် မိတ်ဆွေများ လာရောက်လည်ပတ်သည့်အခါ ရွှေကောင်း
ဒေဝကို သီးခြားခေါ်ပြီး ထိုသူများနှင့်တွေ့ဆုံစေ၏။ ထိုအခါ သူမှ
လည်ရွှေကောင်းတို့နှင့်အတူ တွေ့ရှိရပြီး ဆရာကြီးသည် သူ
လိုတရဂိုဏ်းဝင် အဖြစ်အသိအမှတ်ပြုလိုက်ပုံရ၏။ အနီးရောင်
လူများနှင့် လိုက်ပါလာသော စည်းကမ်းထိမ်းသိမ်းရေးမှူး ဦးသီလ
သော လူကြီးက လိုတရဂိုဏ်းနှင့် ပတ်သက်သော နောက်ကြော
ရာဇဝင်များကို စီကာပတ်ကုံး ပြောပြလေ့ရှိ၏။ ဦးသီလသည်
ပညာ ကောင်းသလို ပညာဗဟုသုတများနှင့် ပြည့်စုံသူဖြစ်၏
ကြောင့် ဦးသီလကို ဆရာကြီးမင်းယက္ခကပင် လေးစားရလေ၏
ကောင်းတို့သည် ဦးသီလ၏စကားများကို နားထောင်ရင်း ပညာ
သုတ တိုးသည်ဟု ခံစားရလေ၏။ သည်တစ်ခေါက် ဦးသီလ
သူတို့သုံးဦးကို နလုံးရည် သာမက လက်ရုံးရည်ပါ စမ်းသပ် သွား
၏။ ဦးသီလသည် သူတို့ သုံးယောက်နှင့် တစ်ယောက်ချင်း
သိုင်း ကစားလေ၏။ ထိုသို့ ကစားကြည့်သောအခါ ဦးသီလ၏


www.burmeseclassic.com

www.burmeseclassic.com


ကြီးသိုင်းပညာအလွန်အဆင့်မြင့်ကြောင်း အံ့ဩဖွယ် မြင်တွေ့ရလေ၏ ဦးသီလသည် သူတို့ သုံးယောက်နှင့် တခဏသာ တုတ်သိုင်း ကစားပြီးရပ်တန့်လိုက်ကာ ဆရာကြီးဘက်သို့ လှည့်ပြီး`` ရွှေကောင်းညာအကောင်းဆုံးပဲ ကိုယ်ကွ ``ဟုဆိုလိုက်ရာ ဆရာကြီးက မသိသော ခေါင်းညိတ်ပြလိုက်လေ၏။ သူရိန်၏ မျက်နှာ သိသိသာသာ.. ပျက်ယွင်းသွားကြောင်းလည်းတွေ့ရ၏။ရွှေကောင်းကမူ သိုင်းပညာကို ဝါသွပ်သူတစ်ဦးဖြစ်သဖြင့် စည်းကမ်း ထိမ်းသိမ်းရေးမှူးကြီး၏ စကားကို များစွာ စိတ်အားတက်ကြွသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလများအတွင်း ရွှေကောင်းသည် သိုင်းပညာကို ကြိုးစားပြီး
လေ့ကျင့်နေလေ၏။ မှုယာသည် ရွှေကောင်းထံသို့ တစ်ခါတစ်
ရောက်လာပြီး မြို့ထဲရှိ နတ်ပွဲသွားရန် အဖော်စပ်လေ၏။ ရွှေ
က သက်ပြင်းချပြီး ``နင်ဒီလောက်တောင် နတ် ငါသနာပါရင်
ကို ဖွင့်ပြောပြီး တရားဝင် နတ်ပွဲသွားပါလား``ဟုတိုက်တွန်
မှုယာက မျက်နှာကိုမဲ့ပြီး ``ငါသူ့ကို ပြောပြီးပြီ သူ
ငြင်းပယ်ရုံမကဘူး ကိုယ်တော်တွေကိုတောင် ဖော်ကားတယ်

www.burmeseclassic.com

www.burmeseclassic.com

သူတို့ ကိုယ်တော်တွေ အမျက်ရှမှာစိုးလို့ ငါမပြောတော့ဘူး၊ ရှင်မ လိုက်တော်ဘူးဆိုရင် ရွှေကောင်းကို အဖော်ခေါ်ပြီး သွားမယ်လို့ ပြော လိုက်တာ``ဟုဆိုလိုက်ရာ ရွှေကောင်းက မသိမသာ သက်ပြင်း ချ လိုက်လေ၏။ ပြီးနောက် မူယာကို တားမရမှန်းသိသဖြင့်``နင် ဘယ် ကိုသွားချင်လို့လဲ မြို့ထဲမှာ ဘယ်နတ်ပွဲရှိလို့လဲ`` ဟုမေးမြန်း လေ ၏။ မူယာက သက်ပြင်းချပြီး``အစတုန်းကတော့ မြို့ထဲက နတ်ပွဲ .. သွားမလို့ပဲ၊ နောက်တော့ နတ်ပွဲက သောင်းသောင်းလုပ်တဲ့ ပွဲလည်း မဟုတ်တော့ ငါစိတ်ပြောင်းသွားပြီ၊ငါတို့ ဖိုးခေါင်ချောင်းကို ဖြတ်ပြီး.. ကိုယ်တော်တွေရဲ့ မင်းညီနောင် နတ်ကွန်းကို ပွဲသွားလဲမယ်၊ နင်ပွဲ လဲတာ တစ်လလောက် ရှိပြီ မဟုတ်လား...``ဟု ဆိုလိုက်လေရာ ရွှေကောင်းက ခေါင်းညိတ်ပြလိုက်လေ၏။ ထိုနောက်တွင်မူ

ရွှေကောင်းသည် ပွဲထိုးရန် အုန်းသီးငှက်ပျောသီး စသည့်တို့ကို .. ပြင်ဆင်ရလေ၏။ ရွှေကောင်း ပွဲပြင်ပြီးသောအခါ မူယာနှင့်အတူ လှေတို့ လှော်ခတ်ပြီး ဖိုးခေါင်ချောင်းတစ်ဖက်ကမ်းရှိ မင်းညီနောင် နတ်စင်ပါး တည်ရှိရာ ကျွန်းသို့သွားလေ၏။ ထိုအချိန်တွင် သူရိန်နှင့် အဖသည် ရွှေကောင်းတို့လှေကို ကမ်းစပ်မှ ပုန်းလျှိုးကွယ်လျှိုး


www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေလေ၏။ ရေလယ်ခေါင်သို့သူတို့ လှေရောက်သွားသော
သူရိန်က တက်တစ်ချက်ခေါက်ကာ ``ဒီကောင်..... တရားလွန်နေ
မှုယာကို မြှောက်ထိုးမြှောက်ပင့် လုပ်နေတယ်၊``ဟုပြောလေရာ အော
က အားတက်သရောဖြင့်``ဟုတ်တာပေါ့ဗျာ၊ ရွှေကောင်းဟာ မှုယာ
ပေါ်မှာ ဘယ်တော့မှ မရိုးဘူး ဒီကောင်ဟာ မှုယာကို ဖြတ် ခုတ်ချ
ဖြစ်မယ်၊ ဒီလိုကျွန်းပေါ်ကို နှစ်ယောက်တည်း ထွက် သွားတာ သူ
နှစ်ယောက် လွတ်မှ လွတ်ကင်းရဲ့လား မသိဘူး ``ဟုမြှောက်ထိုး
ကော်လုပ်ပေးလေ၏။ဒေဂစကားကြောင့် သူရိန်၏ မျက်နှာ ကွက်
ပျက် သွားလေ၏။သူရိန်က ``မင်းဒီလို သတင်းပေးတာ ငါကျေး
တင် တယ်ဒေဂ၊ နောက်လည်း သူတို့ သတင်းတွေ ပေးပါဦး``
ပြောလိုက်ရာ ဒေဂက ကောက်ကျစ်စွာ ခေါင်းညိတ်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ရောက်သွားသောအခါ ရွှေကောင်းတို့သည် ကန်တော့ ပွဲ
မင်းနတ်ပါး၏ နတ်ကွန်းရှေ့သို့ သယ်ဆောင်သွားလေတော့၏။
တွန်းကို အမိုက်များလှဲကျင်းရင်း ပန်းများကိုလဲလေ၏။ ထိုနောက်
တာ မင်းနှစ်ပါး၏ ရှေ့တွင် ``စီးတော်ကျားနဲ့ လက်စွဲတော်မါး ပိုင်
တဲ့ အရှင်မင်းညီနောင်နှစ်ပါးကို သမီးတော်နဲ့ သားတော်က ဦး
ပါတယ် သားတော် သမီးတော်တို့ရဲ့ ဘဂခရီး လမ်း တွေ .....
ပြုံးစေရန် အရှင်မင်းနှစ်ပါးက စောင်မကြည့်ရှုတော်မူပါ`` ဟု
င်းဆုပန်လေ၏။ ရွှေကောင်းသည် မှုယာနှင့်အတူ မင်းနှစ်ပါး၏



www.burmeseclassic.com

www.burmeseclassic.com

အနီးတွင်ခံစားရင်း အမြန်ဆုံးပြီးပြတ်စေရန်သာ ဆုတောင်း နေမိ
မှုယာသည် မင်းနှစ်ပါးကို ပွဲထိုးပြီးနောက် ချက်ချင်း မပြန်သေး
နတ်ကွန်း၌ ဖေပတောပြီးနေလေ၏။ ရွှေကောင်းက ပြန်ရန်လော
သောအခါ မှုယာက လက်ကာပြပြီး``နေပါဦး ရွှေကောင်းရယ်.
ဒီနတ်ကွန်းကို တစ်ခေါက်ရောက်အောင် လာဖို့ဆိုတာ မလွယ်
နောက်ဆိုရင် ပိုပြီးတောင်ခက်ခဲဦးမယ်``ဟုပြောကာ ကျွန်းပေါ်
အချိန်တန်ကြာအောင်နေခဲ့လေ၏။ ရွှေကောင်းသည် စိတ်ပျက်
ပျက်ဖြင့် ကျွန်းပေါ်တွင် ထိုင်နေမိလေ၏။


www.burmeseclassic.com

www.burmeseclassic.com

လအတော်ကြာသောအခါ မှုယာသည် ရွှေကောင်းထံသို့ ရောက်လာပြီး သူမနှင့် သူရိန်လက်ထပ်တော့မည် ဖြစ်ကြောင်းပြောလေတော့၏။ သူရိန်က ခေါင်းညိတ်ပြီး ``ဘယ်တော့လဲမှုယာ`` ဟုမေးမြန်းလေရာ မှုယာက ``ဂါမဝင်မိ နောက်လထဲမှာပေါ့ရွှေကောင်း`` ဟုပြောလေ၏။ ရွှေကောင်းသည် မှုယာလက်ထပ်တော့မည် ဆိုသဖြင့် ရင်ထဲတွင်ပေါ့သွား ပြီး ထိုအကြောင်းကို စိန်တင်အားပြောလေတော့၏။ စိန်တင်က သက်ပြင်းချပြီး ``မှုယာက လိုတရဂိုဏ်းရဲ့ နောက်ဆက်ခံရမဲ့ ခေါင်းဆောင် သစ်ပေါ့၊ သူရိန်လည်း လိုတရဂိုဏ်းရဲ့ ထိပ်ဆုံးကိုအလိုလို



www.burmeseclassic.com

www.burmeseclassic.com


ရောက်သွားပြီပေါ့၊ မင်းအတွက်ငါရင်လေးတယ် ရွှေကောင်း ဒီအခြေအနေတွေကို ငါမကြိုက်ဘူးကွာ``ဟုပြောလေရာ ရွှေကောင်းသည် သူရိန်နှင့်ဒေဝ၏ မိမိအပေါ်ထားရှိသော ရန်ငြိုးကို သတိရပြီး ရင်မောသွားလေ၏။ထိုနောက်တွင်မှ ဆရာကြီးကိုယ်တိုင် သင်တန်း သားများကို သမီးဖြစ်သူ၏ မင်္ဂလာပွဲ မကြာမီကျင်းပတော့မည် ဖြစ်ကြောင်း...ပြောလေ၏။ထိုနောက် ဆရာကြီး ဆီသို့ သူရိန်၏ အုပ်ထိမ်းသူ လူကြီးရောက်လာပြီး မင်္ဂလာပွဲ ကျင်းပရန် ပြင်ဆင်ကြလေ၏။ မင်္ဂလာပွဲ ကြီးကျင်းပမည့်ရက် တဖြေးဖြေး နီးကပ်လာသောအခါ ရွှေကောင်းတို့ ..ကိုယ်တိုင် မင်္ဂလာပွဲတွင် ချက်ပြုတ်ရန် ထင်းများခွဲရလေ၏။ မှုယာ..သည် မင်္ဂလာပွဲတွင် ဝတ်ဆင်ရန်အဝတ်အစားများကို အနီးအနား မြို့ကြီးတွင် သွားရောက်ဝယ်ယူလေ၏။ မင်္ဂလာပွဲကျင်းပရန် တစ်ရက် အလိုတွင် ရွှေကောင်းသည် နံနက်စောသော ထင်းများခွဲနေစဉ် နားထဲ ..တွင် တစ်စုံတစ်ရာသောအသံကို ကြားရသဖြင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားလေ၏။ လေနှင့် ဝေ့လာသော ထိုအသံမှာ ဗိုးခေါင်ချောင်းတစ်ဖက်ကမ်းဆီမှ ပုံသံဖြစ်၏။ နတ်ဒိုးသံကိုကြားရသဖြင့် ဗိုးခေါင်တစ်ဖက်ကမ်းရှိ ကျွန်းပေါ်တွင် မင်းနှစ်ပါးကို ပူဇော်ပသသော နတ်ပွဲ



www.burmeseclassic.com

www.burmeseclassic.com


တျင်းပနေပုံရ၏။ ထိုအသံကို ကြားလျှင် မှုယာတစ်ယောက် နေနိုင်ညည်မဟုတ်။ ထိုအခိုက်မှာပင်သူ၏ အနောက်မှ မှုယာရောက်လာပြီး စိတ်လှုပ်ရှားဟန်ဖြင့် ``နတ်ဆိုင်းသံတွေ နင်ကြားတယ်မဟုတ်လား။ ဒီအချိန်းပေါ်မှာ သောင်းသောင်းတို့ နတ်ပွဲလုပ်နေပုံရတယ်`` ဟုဆိုလေရာ ရွှေကောင်းက စိတ်လှုပ်ရှားဟန်ဖြင့် ``ဒါပေမဲ့ နင်သွားလို့ မရဘူးနော်``ဟုဆိုလိုက်ရာ မှုယာ၏ မျက်နှာညှိုးငယ်သွားပြီး ``ဒီလို နေ့မျိုးမှာမှ သောင်းသောင်းတို့ပွဲလုပ်တယ်၊ ငါသိပ်သွားချင်တယ် ဟယ်.. ဟုပြောလေ၏။ရွှေကောင်းက သက်ပြင်းချပြီး``ဘာပဲဖြစ်ဖြစ် ဒီလို နေ့မျိုးမှာ နင်သွားလို့ မရဘူးလေ``ဟုပြောလေရာ မှုယာက ပတ်ဝန်းကျင်ကို ငဲ့စောင်းကြည့်ပြီး``သူတို့အားလုံးအိပ်ရာ မနိုးကြသေးဘူး ငါခဏလေးသွားချင်တယ် ရွှေကောင်းရယ်၊ ဒီနေ့ဟာငါ့ရဲ့ အပျိုဘဝနောက်ဆုံးနေ့ပါ၊ နောက်နေ့တွေဆိုရင် ငါဘယ်တော့မှကျွန်းကို သွားလို့မရတော့ဘူး၊ ကိုယ်တော်တွေကို ဆက်သလို့လဲ မဖြစ်နိုင်တော့ဘူး``ဟုဆိုလိုက်ရာ ရွှေကောင်းက သူမကို မသွားရန် အတန်တန်တားလေ၏။ တားလို့မရသည့်အဆုံးတွင် ``ဘာပဲဖြစ်ဖြစ် နင်နဲ့ ငါလိုက်မပို့နိုင်ဘူး```ဟုဆိုလိုက်ရာ မှုယာက ``ဒီလိုလားရွှေကောင်း

www.burmeseclassic.com

www.burmeseclassic.com

နင်လိုက်မပို့ရင်နေလေ၊ ဖါ့ဘာသာ လှေလှော်သွားမယ်`` ဟုဆို
လိုက်ရာရွှေကောင်းက စိုးရိမ်သွားပြီး``တစ်ယောက်တည်း သွားလို့
မရဘူးလေ နင်လှေကိုမှ မလှော်တတ်တာ``ဟုတားဆီးလေတော့၏
သူမက ခေါင်းမာဟန်ဖြင့်``ဘာပဲဖြစ်ဖြစ် နင်လိုက်မပို့ဘူးဆိုရင် ဖါ့
ဘာသာတစ်ယောက်တည်းသွားမယ်၊ ရေလယ်ခေါင်မှာ လှေမှောက်
လည်းမတတ်နိုင်ဘူး``ဟုဆိုကာ တစ်ယောက်တည်း လှေလှော်
ထွက်ရန် ပြင်ဆင်လေ၏။ ရွှေကောင်းသည် နောက်ဆုံးတွင် သူမကို
ကျွန်းသို့ လိုက်ပို့ရန်ဆုံးဖြတ်လိုက်လေ၏။ ရွှေကောင်းသည် ရေလယ်
ခေါင်သို့ လှေကို တဖြည်းဖြည်း လှော်ခတ်သွားရင်း``နင် ကျွန်းပေါ်
မှာ သိပ်မကြာနဲ့နော်၊ မြန်မြန်လေးပြန်မှ ဖြစ်မယ်`` ဟုဆိုလိုက်ရာ
မှုယာက ခေါင်းညိတ်ပြီး``ငါသိပါတယ် ရွှေကောင်းရယ်`` ဟုပြော
လေ၏။ရွှေကောင်းတို့ ကျွန်းနှင့် တဖြည်းဖြည်းနီးကပ်လာသောအခါ
ဗုံသံများကို ပိုမိုပြီးကျယ်လောင်စွာ ကြားရလေ၏။ ဗုံသံကို ကြားရ
သော်လည်း ကျွန်းပေါ်တွင် ဆိုက်ကပ်ထားသော လှေများကို လည်း
မတွေ့သဖြင့် ရွှေကောင်းက မျက်မှောင်ကြုတ်ပြီး လှေတွေ မရှိ
ပါလား``ဟုဆိုလိုက်ရာ မှုယာကလှမ်းမျှော်ကြည့်ပြီး`` လိုက်


www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေ ပြန်ယူတာဖြစ်မယ်၊ ကျွန်းပေါ်မှာ သောင်းသောင်း ... တော့ရှိမယ်ထင်တယ်၊ ငါမရှျော်လင့်ဘဲ ရောက်လာတာတွေ့ရင် ... သောင်းသောင်းဂမ်းသာမှာသေချာတယ်``ဟုပြော၏။ရွှေကောင်း က လှေကို ကမ်းသို့တိုးကပ်လိုက်ရာ မူယာက မင်းနှစ်ပါး၏ နတ်ကွန်း ရှိရာသို့ တရှိန် ထိုးပြေးလွှားသွားလေ၏။ ရွှေကောင်းက လှေကို ကြိုးချည်ပြီးသူမအနောက်သို့ လိုက်ခဲ့လေ၏။ ရွှေကောင်းသည် ကျွန်းပေါ်သို့ ရောက်သောအခါ လူသူအရိပ်အယောင်ကို မမြင်ရ သဖြင့် မျက်မှောင်ကြုတ်လိုက်မိ၏။ကျွန်းပေါ်တွင် နတ်ပွဲရှိသည်ဆိုလျှင် ခြေရာလက်ရာများ ပြည့်နှက်နေမည် ဖြစ်၏။ ယခု လူသူအရိပ်အယောင်ပင် မမြင်ရ၊ နတ်ပွဲ ရှိသည်ဆိုသည်မှာ ဟုတ်မှဟုတ်ပါလေစ။

ရွှေကောင်းသည် မူယာရှိရာ နတ်ကွန်းအနောက်သို့ ပြေးလွှား သွားလေ၏။ထိုအခါ နတ်ကွန်းရှေ့တွင် တစ်ဦးတည်းငူငူငိုင်ငိုင်ကြီး ရပ်နေသော မူယာကိုတွေ့ရလေ၏။ မူယာက ရွှေကောင်း ဘက်သို့လှည့်ပြီး ``ကျွန်းပေါ်မှာဘယ်သူမှမရှိဘူး ရွှေကောင်း``ဟုဆိုလိုက်လေရာ.. ရွှေကောင်းက မျက်မှောင်ကြုတ်လိုက်ပြီးတစ်စုံတစ်ရာကို တွေးတောမိကာ ``ဟိုက် ငါတို့အလိမ်ခံလိုက်ရပြီ``ဟုဆိုကာ လှေရှိရာသို့

www.burmeseclassic.com

www.burmeseclassic.com


အလျှင်အမြန် ပြေးသွားလေ၏။ သို့သော် ကမ်းစပ်သစ်ပင် တွင် ဆေ
ချာစွာ ချည်နှောင်ထားသောလှေကို မတွေ့ရတော့ချေ။သစ်ပင်တွင်
ချည်နှောင်ထားသော ကြိုးကို တစ်စုံတစ်ယောက်က ဓါးဖြင့်ဖြတ် သွား
လေ၏။မူယာက လှေကိုမတွေ့ရတော့သဖြင့် အထိတ်တလန့် အ
အယာဖြင့် ``ဘယ်လိုလုပ်မလဲ ရွှေကောင်း လှေမရှိရင် ငါတို့ ဘ
လိုပြန်ကြမလဲ၊ ကျွန်းပေါ်မှာ အချိန်လင့်လို့လဲ မဖြစ်ဘူး'' ဟုပြောလေ
၏။ ရွှေကောင်းက စိန်တင်၏စကားများကို ကြားယောင်ပြီး တက်
ခေါက် ကာ ``ဖောက်အကြံပက်စက်လိုက်တာကွာ၊ ယောကျ်ား ဖြ
ပြီး ဒီလောက်တောင် အကောက်ကြံချင် ရသလား'' ဟုရေရွတ်လိုက်
ရာ မူယာက နားမလည်ဟန်ဖြင့် ``ဘာဖြစ်လို့လဲ ရွှေကောင်း'' ဟု
မေးမြန်းလေ၏။ ရွှေကောင်းက သက်ပြင်းချပြီး `` နင်စိတ်အေးအေး
ထားပြီးနားထောင်မူယာ ငါတို့လုပ်ကြံခံလိုက်ရတာ ငါတို့ကို တစ်
တစ်ယောက်က အကောက်ကြံနေပြီ၊ ဒီကောင်တွေဟာ မနက်ဖြ
မင်္ဂလာဆောင်မဲ့ နင့်နဲ့ငါကို ကျွန်းတစ်ကျွန်းထဲမှာ အတူရှိနေအော
ယုတ်မာကောက်ကျစ်စွာ လုပ်ကြံသွားတ ``ဟုပြောလေရာ မူယာ
တုန်လှုပ်ချောက်ချားစွာဖြင့် ``ဘယ်လိုလုပ်မလဲ ရွှေကောင်း အ

www.burmeseclassic.com

www.burmeseclassic.com


၊သိရင် ငါ့ကိုသတ်မှာ သေချာတယ်၊``ဟုပြောလေရာ ရွှေကောင်းက ``သူရိန် သိရင်လည်း နင့်ကို အထင်လွဲမှာ သေချာတယ်၊ နင်နဲ့ ... သူရိန်ရဲ့ အိမ်ထောင်ရေးမှာ တသက်လုံး အဖုအထစ် ဖြစ်သွား.... အောင် လုပ်တာ```ဟုပြောလေ၏။ ရွှေကောင်းစကားအဆုံးတွင် မှူယာက ချုံးပွဲချ ငိုကြွေးလိုက်ပြီး``အဲဒီလူဟာ ဘယ်သူလဲ နင်သိ လား.... ရွှေကောင်း ငါ့ကို ပြောပါ ပြောစမ်းပါ`` ဟုမေးမြန်းလေ၏။ ရွှေကောင်းက အံ့ကို ကြိတ်ပြီး``ငါတိတိကျကျ မပြောနိုင်ဘူး၊ဒါပေမဲ့ ငါဒေဝကို သံသယရှိတယ်၊ဒီကောင်ဟာ တစ်ချိန်လုံးငါ့ကို မနာလိုဖြစ် နေတာ``ဟုပြောလိုက်လေ၏။မှူယာက ငိုယိုရင်းကျယ်ပြောလှသော ရေပြင်ကျယ်ကြီးကို ကြည့်ကာ``ငါတို့ ဘာလုပ်ကြမလဲ ရွှေကောင်း ``ဟုမေးမြန်းလေ၏။ ရွှေကောင်းက``ဒီကျွန်းအနီးကို ဖြတ်သန်း .. သွားလာတဲ့လှေတွေကို အကူအညီတောင်းရမယ်၊တစ်ခါတစ်ရံ ကျွန်း ပေါ်ကို ငှက်ခတ်သမားတွေ ရောက်လာတတ်တယ်၊ ငါတို့ရဲ့ ကံ ပေါ့ တာ``ဟုပြောရင်း ရေပြင်ကျယ်ကြီးကိုသာ စောင့်ကြည့်နေမိ၏။ မှူယာက တစ်စုံတစ်ရာကို တွေးတောရင်း အင့်ကနဲ့ ငိုကြွေးလိုက် ပြီး ``နင်နဲ့ငါ့ကို သူရိန်က သံသယရှိတယ်လို့စွတ်စွဲရင် ငါဘယ်လို ဖြေ


www.burmeseclassic.com

www.burmeseclassic.com

ရှင်းရမလဲ၊ငါတို့ မင်္ဂလာပွဲ ပျက်ရမှာလား``ဟုပြောဆိုလေတော့၏
ရွှေကောင်းသည် မူယာ၏စကားကြောင့် ရင်မောသွားပြီး သက်ပြင်း
ရှည်ကြီးကိုသာ ချလိုက်လေ၏။ရွှေကောင်းသည် ကျွန်းအနီးသို့ ဖြတ်
သန်းသွားမည့်ငှက်ခတ်သမားများ၏ လှေကို တစ်ချိန်လုံးစောင့်ကြည့်
နေသော်လည်း ရောက်ရှိမလာခဲ့ချေ။ ညနေစောင်းသည့်အထိ ကျွန်း
ပေါ်တွင် သူတို့ နှစ်ယောက်တည်း အတူ ရှိလေ၏။မူယာသည် ငိုယိုပြီး
မင်းညီနောင်နှစ်ပါးကို ကယ်မပေးရန် တိုင်တည်လေ၏။ ထိုအခိုက်မှာ
ပင် ကျွန်းဆီသို့ ချည်းကပ်လာသော လှေနှစ်စီးကို တွေ့ရလေ၏။ ထို
လှေပေါ်တွင် လူနှစ်ဦးလိုက်ပါလာ၏။ထိုသူနှစ်ဦးမှာ ဒေဝနှင့် သူရိန်
ဖြစ်သဖြင့် ရွှေကောင်း၏ ခေါင်းထဲတွင် အန္တရယ် အချက်ပေး ခေါင်း
လောင်းသံများ ညံသွားလေ၏။သူတို့နှစ်ယောက်၏ လက်ထဲတွင်
ကြောက်မက်ဖွယ် ဓါးလှံလက်နက်များကို ကိုင်ဆောင်လာ၏။ ဒေ
ကမ်းသို့ မကပ်မီ သူရိန်က ကမ်းပေါ်သို့ ခုန်တက်ပြီး ရွှေကောင်း
ငှက်ကြီးတောင်ဓါးဖြင့် ရွယ်ကာ``မင်းတော်တော် ယုတ်မာတဲ့
ကောင်ပါလား ရွှေကောင်း၊ သားရေပေါ်အိပ်သားရေနှာခေါင်းသို့
မင်းလိုကောင်မျိုးဘဲ၊ လက်ထပ် ကာနီး တစ်ရက်အလိုမှ မူယာ

www.burmeseclassic.com

www.burmeseclassic.com

းပြေးရတယ်လို့ကွာ၊ မင်းအရင်ကတည်းက မှုယာကို မေတ္တာရှိရင်
အောင် ကြိုးစားပါလား၊ အခုလို မစားတဲ့အမဲ သဲနဲ့ပက်တာဟာ...
ယောက်ျားကောင်းအလုပ်မဟုတ်ဘူးကွ``ဟုအော်ဟစ်ပြောဆိုရာ
ရွှေကောင်းက လက်ကာပြလိုက်ပြီး``ငါပြောတာနားထောင်ဦးသူရိန်၊
င်းထင်နေတာ ဘာတစ်ခုမှ မဟုတ်ဘူးကွ၊ငါတို့ ကျွန်းပေါ်က ဖုံသံ
ကြားလို့ ခဏလေး ကျွန်းပေါ်ကို ရောက်လာတာ၊ ကျွန်းပေါ်ကို ငါတို့
ရောက်တော့ ငါတို့စီးလာတဲ့လှေ ရေထဲကို မျောသွားလို့ ကျွန်းပေါ်မှာ
သောင်တင်နေတာ၊ငါ့စကားကို မယုံရင် မှုယာ့ကို မေးကြည့်``ဟု
ရှင်းလင်းပြလေရာ မှုယာကလည်း ကမန်းကတန်းဝင်ရောက်ပြီး``
ဟုတ်တယ် သူရိန် ငါတို့နှစ်ယောက် ဖုံသံကြားလို့ ကျွန်းပေါ်ကို
လာတာ လှေမျောသွားလို့ ပြန်မရဖြစ်နေတာ၊ အဖေ... စိတ်ပူနေပြီ
လားဟင်``ဟုဆိုလိုက်ရာ သူရိန်က မှုယာကို မကျေမနပ် ကြည့်ပြီး
``ပြော် နင်ဟာ ဒီအချိန်ထိအောင် ကြာကူရီကောင်ကို လိုက်ဖါပေး
နေတာလား၊နင်ဒီလောက်တောင် ဖြစ်နေရင် အစကတည်းက နင် ဒီ
ကောင်ကို ယူလိုက်ပါလား`` ဟုအော်ဟစ်ပြောဆို လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ရွှေကောင်းက သူရိန်ကို ဒေါသတကြီးကြည့်ပြီး``မင်းငါ့ကို
ကား နဲ့သူရိန် ငါတို့နှစ်ယောက်က ဖြူစင်တယ်၊ တသက်လုံး
သူငယ်ချင်းလိုနေလာတာ``ဟုဆိုလိုက်၏။ထိုအခါ မြှောက်ထိုး
ကော်လုပ်ရန် စောင့်နေသော ဒေဂက``ဟေ့ကောင် ရွှေကောင်း
သူတပါးရဲ့ သတိုးသမီးလောင်းကို ကျွန်းပေါ်ကို ခေါ်ပြီး ပန်းဦး
တဲ့ ကောင်ကများ ခွေးပါးစပ်က နတ်စကားထွက်တယ်၊ မင်းတို့
မသကာလို့ စောင့်ကြည့်နေတာ ကြာပြီကွ၊ ငါတို့နည်းနည်း
သတိလွတ်သွားချိန်မှာ မင်းက မူယာကို အပိုင်သုတ်သွားတာပဲ၊
ပန်းဦး ဆွတ်ပြီး သားကို သူရိန်လို မြို့သား ပိုက်ဆံဂါလားက
မှာလား၊ ကြာပါတယ်သူရိန်ရယ် ဒီလိုလူယုတ်မာမျိုးကို လူ့လော
မှာ ကြာကြာထားလို့မရတော့ဘူး``ဟုဆိုကာ ရွှေကောင်းကို
ထဲရှိ ဓါးဖြင့် ဝင်ရောက်တိုက်ခိုက်လေ၏။ ရွှေကောင်းသည် လက်
မဲ့ဖြင့် ဒေဂ၏တိုက်ကွက်များကို ရှောင်တိမ်းနေစဉ် သူရိန်ကလည်
ဝင်ရောက်တိုက်ခိုက်ပြန်၏။ရွှေကောင်းသည် ဓါးကိုယ်စီ ကိုင်
သော ရန်သူနှစ်ယောက်ကို လက်နက်မဲ့ဖြင့် ပြန်လည်ခုခံနေ


www.burmeseclassic.com

www.burmeseclassic.com


ယာက သူတို့တိုက်ပွဲကို ကြည့်ပြီး ``ရပ်ပါတော့ ရပ်ပါတော့``` အော်ဟစ်တားဆီးနေသော်လည်း အချည်းနှီးပင် ဖြစ်လေတော့၏။ ကောင်းသည် မိမိနှင့်သိုင်းပညာသင်ဘက် နစ်ယောက်ကို တ်နက်မဲ့ဖြင့် ခုခံနေရသဖြင့် တဖြည်းဖြည်း ရင်ဆိုင်ရခက်ခဲလေ၏။ ရိန်၏ တိုက်ခိုက်ရေးပညာ အလွန်ကောင်းပြီး တိုက်ကွက်များ ... း တမ်း လှ၏။ ဒေဝ၏ တိုက်ကွက်များသည်လည်း အလွန် ရက် ကြမ်းကြုတ်ပြီး မိမိကို အသေတိုက်ခိုက်နေကြောင်း ရိပ်စား မိ ၏။ ရွှေကောင်းသည် တွန်းလှန်ရန် တဖြည်းဖြည်းခက်ခဲလာပြီး လက်မောင်းတွင် သူရိန်၏ ဓါးတစ်ချက်မိသွားလေ၏။ မူယာ ည် စိုးရိမ်တကြီးဖြင့် အသံကုန်အော်ဟစ်ပြီး တောင်းပန်နေလေ၏။ ကောင်းသည် ရန်သူနစ်ဦးကို ခုခံရန် ခက်ခဲလာသဖြင့် တဖြည်း ည်း နတ်ကွန်းဘက်သို့ ဆုတ်သွားလေ၏။ ရွှေကောင်း အနောက်သို့ တ်ခွါသွားသဖြင့် ဒေဝနှင့်သူရိန်ကို ပိုမိုပြင်းထန်စွာ တိုက်ခိုက် လေ ရွှေကောင်းသည် ရန်သူနစ်ဦးကို ခဲယဉ်းစွာ ခုခံနေရင်း ဒဏ်ရာ... ပြီး နတ်ကွန်းရှေ့တွင် ခြေချော်လဲကျလေ၏။ ရွှေကောင်းလဲကျ သဖြင့် သူရိန်နှင့်ဒေဝသည် အပိုင်ပဲဟု ကြုံးဝါးကာ ဓားဖြင့်ပိုင်း


www.burmeseclassic.com

www.burmeseclassic.com


ရန်ကြံလိုက်၏။ လက်နက်မဲ့ဖြစ်နေသော ရွှေကောင်းအတွက် သေ
မည့်အရေးကို လည်စင်းပေးရန်ပင် ရှိလေ၏။ ထိုအခိုက်မှာပင်
လွန်စွာ ထူးဆန်းအံ့ဩဖွယ် ကောင်းသောတိုက်ဆိုင်မှု တစ်ရပ်ဖြစ်
ခဲ့လေ၏။ မင်းညီနောင်နှစ်ပါးကို ဆက်သထားသော ဓါးနှစ်လက်သ
ရွှေကောင်းရှေ့မြေပြင်ဘက်သို့ တပြိုင်တည်း ပြုတ်ကျလာလေ
ရွှေကောင်းသည် နတ်ကွန်းရှေ့ မြေပြင်ပေါ်တွင် စိုက်ပင်နေသော
မင်းညီနောင်နှစ်ပါး၏ ဓါးနှစ်လက်ကို လျှင်မြန်စွာဆုပ်ကိုင်ပြီး သူ
တို့နှစ်ဦး၏ အသေခုတ်ပိုင်းလိုက်သော ဓါးချက်ကို ကာကွယ် လို
နိုင်၏။ ရွှေကောင်း၏ လက်ထဲသို့ ဓါးနှစ်လက် ရောက်သည်နှင့်
တိုက်ပွဲ၏ အခြေအနေ ပြောင်းပြန်ဖြစ်သွားလေ၏။ ရွှေကောင်းသ
ရန်သူနှစ်ဦးကို ခုခံကာကွယ်နိုင်လာ၏။ ရွှေကောင်းသည် ရန်သူ
ကို လက်ရည်တူ ပြန်လည် ရင်ဆိုင်နိုင်လာ၏။ ထိုအခိုက်မှာပင် ဆ
ကြီးမင်းယက္ခနှင့် ဆရာတိုက်မောင်းနှင့် အဖွဲ့သားများ လိုက်ပါ
သော လှေများသည် ကျွန်းအနီးသို့ ရောက်ရှိလာ၏။ ရွှေကောင်းသ
ဆရာကြီးမင်းယက္ခတို့နှင့် လူစုကို လက်ခံရှင်းပြရန် ကြံစည်နေ
သူငယ်ချင်းစိန်တင်၏စကားကို နားထဲတွင် ကြားယောင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

နံတင်က ``သူတို့အားလုံး မင်းဘက်မှာ ဘယ်သူမှရှိမှာ မဟုတ်ဘူး င်းပဲထိခိုက်နစ်နာလိမ့်မယ်`` ဟုပြောဖူး၏။ သည်အချိန်တွင်..... ဆရာကြီးတို့ကို ရှင်းပြလျှင်လည်း အကောင်းထက်အဆိုးဖြစ်ဖို့ များသည်၊ ထိုကြောင့်ကျွန်းကို စွန့်ခွါပြီး ပြေးရန်ဆုံးဖြတ်လိုက်၏။ ရွှေကောင်းသည်ရန်သူကို ခုခံရင်း ကျွန်းတစ်ဖက်ခြမ်းသို့ ဆုတ်ခွါ သွားလေ၏။ ဒေဝသည် ရွှေကောင်း၏ ရည်ရွယ်ချက်ကို ရိပ်စားမိပြီး ``ဒီကောင် ပြေးတော့မယ်၊အသေသတ်`` ဟုအော်ဟစ်လိုက်လေ၏။ ယာကမှ တိုက်ပွဲ ရပ်တန့်ရန် အသံကုန် အော်ဟစ်တားမြစ် နေဆဲ ဖြစ်၏။ရွှေကောင်းသည် ဆရာကြီးတို့လှေ ကမ်း ကပ်သည့်အချိန်မှာ င် ရေထဲသို့ ခုန်ချပြီး ထွက်ပြေးခဲ့လေ၏။ သူရိန်နှင့် ဒေဝသည် ကုန်း ပေါ်တွင် အသံကုန်အော်ဟစ်ပြီး ကျန်ရစ်ခဲ့လေ၏။ ရွှေကောင်းသည် ရေစီးသန်လှသော ဖိုးခေါင်ချောင်းအတွင်း၌ ပျောက်ပါသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဗိုးခေါင်ချောင်းကြီးသည် ရေစီးသန်လှသောကြောင့် ရွှေကောင်းသည်

ရေစီးထဲတွင် တရှိန်ထိုး မျောပါသွားလေ၏။ရွှေဂေါင်းသည် ရရှိ

သောဒဏ်ရာများနှင့်ပြင်းထန်လွန်းသော တိုက်ပွဲကြောင့် မေ့မျော

ရေစီးနှင့်အတူ တစ်ညလုံးမျောပါနေခဲ့လေ၏။နောက်တစ်နေ့နံနက်

အရုဏ်တက်အချိန်သို့ ရောက်သောအခါ ရေထဲတွင် မျောပါနေသော

ရွှေကောင်းကို လှေကြီးတစ်စီးပေါ်ရှိ လူများက ဆယ်ယူခဲ့လေ၏ ။

ထိုလှေကြီးသည် တိုက်တိုက်ဆိုင်ဆိုင် နတ်ဂင်သည်များ ရွှေ့ပြောင်း


www.burmeseclassic.com

www.burmeseclassic.com


သွားလာသော လှေကြီး ဖြစ်နေလေ၏။ ရွှေကောင်းကို ကယ်တင်ခဲ့သော နတ်ဝင်သည် မှာဒေါ်ညိုကြီး ဆိုသူဖြစ်ပြီး ဒေါ်ညိုကြီးသည် နတ်ဝင်သည်လောကတွင် လွန်စွာ နံမည် သတင်းကြီးသူ ဖြစ်၏။ ဒေါ်ညိုသည် ၄င်းတို့ကယ်တင်လာသော ရွှေကောင်းဆိုသူ၏ ဘဝနောက်ကြောင်း ကို သိချင်သည်ဆိုကာ နတ်များကို ပင့်ပြီး မေးမြန်းလေ၏။ ထိုအခါ ဒေါ်ညိုထံသို့ မင်းညီနောင် နှစ်ပါးဝင်လာပြီး လှေပေါ် တွင် လဲနေသော ရွှေကောင်းကို ကြည့်ပြီး ``ကိုယ်တော်တို့ကို အမြဲ ... ပူဇော်ပသ နေလို့ ဟောဒီ ညီဘွါးကို ဓားနှစ်လက်ပေးပြီး အွန္တရာယ်ထဲက ကယ်ခဲ့တာ၊ မှတ်ထားညီဘွါး၊ညီဘွါးကို ဒီလှေပေါ်ကို ကိုယ်တော်တို့ပဲ တင်ပေးလိုက်တာကွ၊ ညီဘွါးမှာ ဇရှု့ဆက်ပြီး အွန္တရာယ်တွေအများကြီး ရှိတယ်၊ ကိုယ်တော်တို့ စောင့်ရှောက်မှု အောက်မှာပဲနေပါ၊ ညီဘွါး ဒီနေရာမှာပဲ နေပါ``ဟုပြောလေရာ ရွှေကောင်းသည် မင်းညီနောင်ကခနေသော နတ်ကတော်ကြီးကို မျက်လုံးအပြူးသားဖြင့် ကြည့်လိုက်လေ၏။ရွှေကောင်းကို ကယ်တင်ခဲ့သော နတ်ကတော်...ကြီးဒေါ်ညိုသည် တောင်ပြုန်းနယ်တဝိုက်တွင် လွန်စွာ လူသိများသော နတ်ကတော်ကြီး ဖြစ်လေ၏။ ဒေါ်ညိုသည် စိတ်ကောင်းရှိသူဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com


ရွှေကောင်း၏ ဒဏ်ရာများကို စေတနာကောင်းဖြင့် ကုသပေးလေ
ရွှေကောင်းသည် ထိုအချိန်မှစပြီး ဒေါ်ညို၏ နေအိမ်တွင် သောင်
နေလေ၏။ ဒေါ်ညိုသည် အထင်ကရ နတ်ဝင်သည်ကြီးဖြစ်သဖြင့်
သူ၏ အိမ်တွင်တပည့်တပန်းများဖြင့် စည်ကားနေတတ်၏။ မင်း
နောင် နှစ်ပါးက ရွှေကောင်းကို ထိုနေရာမှာပင် နေထိုင်ရန် အကြံ
ကြံမိ မိန့်ဆိုသဖြင့် ဒေါ်ညိုက ရွှေကောင်းကိုထွက်ခွါမသွားရန်
မြစ်ထားလေ၏။ရွှေကောင်းသည် ဒေါ်ညိုတို့နှင့် နေထိုင်ရင်း တဖြ
ဖြည်း နတ်ဝင်သည် လောကသို့ ရောက်မှန်းမသိရောက်သွားလေ
တစ်နေ့သ၌ ဒေါ်ညိုလက်ခံ ကျင်းပပေးသောပွဲသို့ အခြားသောနယ်
စက်သူဌေးမိသားစုရောက်လာကြ၏။ ထိုသူဌေးမိသားစုသည် အ
တန်လက်ဝတ်ရတနာများစွာကို ဝတ်ဆင်လာကြ၏။ စက်သူဌေး
မိသားစု၏ လက်ဝတ်ရတနာများ သတင်းကြောင့် ထိုနယ်တပိုက်တွင်
နံမည်သတင်းကြီးသော မိုက်ခဲကြီး ခေါင်းဆောင်သော ဓားပြများ
ရောက်ပြီး ဓားပြတိုက်လေ၏။ လူပြတ်သောနေရာဖြစ်သဖြင့်
များလက်သို့ လက်ဝတ်ရတနာများ ပေးအပ်ရမည့်ကဲ့သို့ ဖြစ်နေ
၏။ ထိုအခါ ရွှေကောင်းက နှစ်ပေါင်းများစွာ သိုင်းပညာကို မေ့

www.burmeseclassic.com

www.burmeseclassic.com


ထား ရာမှ ဓားပြများကို နှိမ်နင်းရန်ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ... ဓားပြခေါင်းဆောင် မိုက်ခဲကြီး လက်ထဲရှိ ခြောက်လုံးပြူးကို ခြေဖြင့် လှမ်းခတ်ပြီး ကျန်ဓားပြများကို တစ်ယောက်ပြီး တစ်ယောက် လက်နက်မဲ့ တိုက်ခိုက်ပြီး ဓားပြများကို အေးအေးဆေးဆေး ကြိုးတုတ်... ဖမ်းဆီး နိုင်ခဲ့လေ၏။ ရွှေကောင်း၏ လျှို့ပုက်ထားသော သိုင်းစွမ်းရည် အစွမ်းကို ဒေါ်ညိုတို့ နတ်ဂင်သည်များ မြင်သွားပြီး နေ့စဉ်ရက်ဆက် ချီးကျူး မဆုံး ရှိလေ၏။ စက်သူဌေးမိသားစုကလည်း ရွှေကောင်း၏ သတ္တိကို ဂုဏ်ပြုသည့်အနေဖြင့် ရွှေနာရီ တစ်လုံးဆုချလေ၏။ ... ရွှေကောင်းက နာရီ မပတ်ချင်သောကြောင့် ဒေါ်ညိုကိုသာ ကန်တော့ လိုက်လေ၏။ထိုနာရီသည် လွန်စွာ တန်ဖိုးရှိသော ဆွစ်စလန် နိုင်ငံ လုပ် ပစ္စည်းဖြစ်သဖြင့် ဒေါ်ညိုသည် ဂုဏ်ယူမဆုံး ရှိနေလေတော့၏။ ရွှေကောင်းတို့သည် ဓားပြများကို ပုလိပ်လက်သို့ပင် အပ်နှံနိုင်ခဲ့ လေ၏။ ထိုသတင်းကို သူကြီးဂေဇက် သတင်းစာကြီးက လာရောက် သတင်းယူပြီး ``နတ်ကတော်များ ပိုင်းဂန်းဖမ်းဆီးခဲ့တဲ့ ဓားပြ ခေါင်း ဆောင်မိုက်ခဲကြီး``ဟူသော ခေါင်းစဉ်ဖြင့် ရေးသားလိုက်လေရာ ထို သတင်းသည် နိုင်ငံအနှံ့ ဟိုးဟိုးကျော်သွားလေ၏။ ရွှေကောင်းသည်

www.burmeseclassic.com



ထိုအချိန်မှစပြီး သူ...အလွန်မြတ်နိုးသော သိုင်းပညာကိုနေ့စဉ် မြန် လည်ပြီး လေ့ကျင့်နေလေ၏။

တစ်နေ့သ၌ ရွှေကောင်းတို့ နတ်ကနားပွဲ ကျင်းပရာ နေရာသို့ မမျှော် လင့်သော ဧည့်သည် တစ်ဦး ရောက်ရှိလာ၏။ ထိုဧည့်သည်မှာ... ရွှေကောင်း၏ သူငယ်ချင်း စိန်တင်ဖြစ်၏။ စိန်တင်က နတ်ဂင်သည် အဖြစ် မိတ်ကပ်များ လိမ်းကျံ ထားသော ရွှေကောင်း၏ ပခုံးကို တော် လိုက်ပြီး ``ဘယ်လိုလဲ နတ်ကတော်ကြီးရယ်..သိုင်းပညာတွေကို မေ့ လိုက်ပြီလား``ဟုဆိုလိုက်ရာ ရွှေကောင်းသည် စိန်တင်ကို မှတ်မိ

www.burmeseclassic.com

www.burmeseclassic.com


သွားပြီး ဝမ်းသာအားရ မေ့ဖက်ကာ``ဟာ..သူငယ်ချင်း မင်းတို့တွေ့ ရတာဝမ်းသာလိုက်တာကွာ၊ မင်းငါရှိတဲ့ အရပ်ကို ဘယ်လိုသိပြီး လိုက်လာတာလဲ``ဟုမေးမြန်းလိုက်၏။ စိန်တင်က ``မင်းတို့ တားပြခေါင်းဆောင်မိုက်ခဲကြီးကို ဖမ်းဆီးတာ တစ်နိုင်ငံလုံးက သတင်း စာ တွေထဲမှာ ဟိုးဟိုးကျော်နေ တာပဲလေ``ဟုဆိုလိုက်လေ၏။

ရွှေကောင်းက သက်ပြင်းချလိုက်ပြီး``မင်းငါ့ဆီကို ဘာကြောင့် လိုက် လာတာလဲ၊ ဆရာကြီးတို့ကျန်းမာရဲ့လား``ဟုမေးမြန်းလေရာ.... စိန်တင်က သက်ပြင်းချပြီး``ဆရာကြီး လွန်ခဲ့တဲ့ နှစ်က ဆုံးသွားပြီ၊ ဆရာကြီး မဆုံးမီ သင်တန်းက ငါထွက်လာခဲ့တယ်``ဟုဆိုလိုက်ရာ ရွှေကောင်းသည် မိမိရှိသေလေးစားသော ဆရာကြီး ဆုံးသွားပြီ .. ဆိုသဖြင့် စိတ်ထိခိုက်ကြေကွဲ သွားလေ၏။ ရွှေကောင်းက မှုယာတို့ အိမ်ထောင်ရေး အဆင်ပြေရဲ့လား``ဟုမေးမြန်းလေရာ စိန်တင်က သက်ပြင်းချပြီး`မှုယာလည်း လွန်ခဲ့တဲ့ လ ကပဲ ဆုံးသွားခဲ့တယ်`` ဟု ဆိုလိုက်ရာ ရွှေကောင်းသည် မိမိ၏ နားကိုပင် မယုံနိုင်ဘဲ ...... ``ဘာ..မှုယာသေသွားပြီ ဟုတ်လား၊ မှုယာ ဘာကြောင့်သေရ တာ လဲ``ဟုမေးမြန်းလေ၏။ စိန်တင်က ခေါင်းခါယမ်းလိုက်ပြီး `ငါလည်း

www.burmeseclassic.com


တိတိကျကျတော့ မသိဘူးကွ၊ ဆရာကြီး သေဆုံးပြီးတော့ မူယာ ... လည်း တဖြည်းဖြည်းကျန်းမာရေးချို့တဲ့ပြီး သေဆုံးသွား ရှာတယ်`` ဟုပြောလေရာ ရွှေကောင်းသည် ငယ်စဉ်က မူယာနှင့်အတူ နေထိုင် သွားလာခြင်းများကို ပြန်လည် မြင်ယောင်ပြီး စိတ်ထိခိုက်ကြေကွဲ ရ ပြန်၏။ မူယာရယ်..အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးရရှာတယ် နင်ဘာကြောင့် လူ့လောကကြီးထဲက အစောကြီး ထွက်သွားရတာ လဲ`` ဟုရေရွတ်နေမိ၏။ စိန်တင်က အတန်ကြာအောင် ငြိမ်သက် နေပြီး မှ`` မှင်းဆီကို ငါလာတဲ့ အဓိက အကြောင်းရင်းကလည်း မူယာသေဆုံးသွားလို့ပဲ``ဟုပြောလေ၏။ရွှေကောင်းက နားမလည် ဟန်ဖြင့်``မူယာ သေဆုံးသွားတာ မင်းငါ့ကို လာအကြောင်း ကြား တာလား``ဟုမေးမြန်းလေ၏။ စိန်တင်က ခေါင်းခါယမ်း လိုက်ပြီး`` မူယာ သေဆုံးသွားတာနဲ့ လိုတရဂိုဏ်းရဲ့ အခြေအနေတွေ ပြောင်း လဲ သွားပြီကွ၊ မူယာဟာ အသက်သေဆုံးခဲ့ပေမဲ့ လက်ရှိ လိုတရ ဂိုဏ်းရဲ့ ခေါင်းဆောင်ဖြစ်နေတယ်ကွ၊ မူယာသေဆုံးသွားပြီးတော့ ဆွေမျိုးစုထဲမှာဂိုဏ်းချုပ်နေရာ ဆက်ခံမဲ့သူ မရှိရင် မူယာ ယောကျ်ား သူရိန်က ဆက်ခံရမှာကွ၊ သူရိန်ဟာ လူယုတ်မာဒေဝနဲ့ ပေါင်းသင်းပြီး


www.burmeseclassic.com

www.burmeseclassic.com


စိတ်ဓါတ်ပျက်ဆီးနေပြီ၊ သူရိန်လိုလူရဲ့လက်ထဲကို လိုတရဂိုဏ်း ရောက်သွားရင် လိုတရဂိုဏ်း ပျက်ဆီးလိမ့်မယ်လို့ ငါထင်တယ်`` ဟုဆိုလိုက်ရာ ရွှေကောင်းက``လိုတရဂိုဏ်းမှာ ဆရာကြီးနဲ့ မှယာ ဆုံးမယ်ဆိုရင် သူရိန်လက်ထဲကိုပဲသြဇာအာဏာ ရောက်မှာ မဟုတ်လား``ဟုမေးမြန်းလေ၏။စိန်တင်က ``ဆရာကြီးရဲ့ အကြီးဆုံး သမီး ဖြူပြာ ရှိသေးတယ်လေကွာ၊ ဖြူပြာက ဂိုဏ်းချုပ်လုပ်ရမယ်၊ ဖြူပြာ မရှိတော့ရင် ဖြူပြာရဲ့သမီးနဲ့သားတစ်ယောက်က လိုတရဂိုဏ်းရဲ့.. ဂိုဏ်းချုပ်လုပ်ရမယ်၊ဒါပေမဲ့ လွန်ခဲ့တဲ့ ၃နှစ်လောက်က ဖြူပြာလည်း သဘော်နစ်ပြီး ဆုံးသွားပြီကွ၊ ဖြူပြာ့ယောကျ်ားနဲ့ ဖြူပြာရဲ့ သမီးလေး ပဲ ကျန်ရစ်တယ်``ဟုပြောလေရာ ရွှေကောင်းသည် စိတ်ထိခိုက် ဟန်ဖြင့်``ဩော်..အရာရာ ပြောင်းလဲသွားပါလား၊ဖြူပြာတောင် လောကမှာ မရှိတော့ဘူး``ဟုရေရွတ်လိုက်လေ၏။ စိန်တင်က ဆက်လက်ပြီး

`` ဒီနေ့အချိန်မှာ ဖြူပြာတို့ သားအဖအတွက် အန္တရာယ်ရှိနေပြီ၊ သူရိန်ဟာ လိုတရဂိုဏ်းရဲ့ ဦးဆောင်နေရာကို ယူဖို့အတွက် ဖြူပြာတို့ သားအဖကို ဒုက္ခပေးလိမ့်မယ်၊ဒါကြောင့် ဖြူပြာတို့မိသားစုရှိတဲ့ အနေရာကို သွားပြီး ကိုယ်နည်းကိုယ့်ဟန်ဖြင့် စောင့်ရှောက်ရမယ်၊ ဒါဟာ

www.burmeseclassic.com

www.burmeseclassic.com


မင်းရဲ့ ဘဂပေးတာဝန်ပဲ ရွှေကောင်း၊ မင်းဟာ လိုတရဂိုဏ်းရဲ့ ဂိုဏ်းဝင် တစ်ယောက်ဖြစ်တဲ့အတွက် လိုတရဂိုဏ်းကို ကာကွယ်ရမယ်၊ လိုတရဂိုဏ်းကို လူယုတ်မာတွေရဲ့ လက်ထဲကို မထည့်ရဘူး ကွ၊ အားလုံး အဆင်သင့် ဖြစ်ရင် စည်းကမ်းထိမ်းသိမ်းရေးမှူးကြီး ဦးသီလ ကို အကူအညီတောင်းရမယ်``ဟုပြောလေ၏။ ရွှေကောင်းသည် လက်သီးဆုပ်ပြီး``ငါ့တာဝန်ရှိတယ်ဆိုတာ ငါ နားလည်ပါတယ်၊ မင်း လို မဆီမဆိုင် လူတစ်ယောက်တောင် လိုတရဂိုဏ်းရဲ့ နောင်ရေး အ တွက် ပူပင်နေသေးတာ၊ ငါဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလား`` ဟုပြောလေ၏။ စိန်တင်က သက်ပြင်းချပြီး``ငါ့အဖေဟာ လိုတရ ဂိုဏ်း ဝင်ပေါင်းတစ်ယောက် ဖြစ်ပေမဲ့ အဖေဟာ လိုတရဂိုဏ်း အ ပေါ် တာဝန်မကျေခဲ့ဘူး၊ အဖေ့ကိုယ်စား ငါ့မှာတာဝန် ရှိတယ်ကွ၊ ဒါကြောင့် မူယာဆုံးတာနဲ့ ဖြူပြာတို့ မိသားစုရဲ့ အကြောင်းတွေကို ငါ လေ့လာစုံစမ်းထားတာ၊ ဖြူပြာတို့က ရန်ကုန်ပြောင်းနေပြီကွ၊ ဟောဒီ မှာ ဖြူပြာတို့ရဲ့ လိပ်စာ``ဟုဆိုကာ ရွှေကောင်းလက်ထဲသို့ စာရွက် ခေါက်လေးတစ်ခုကို ပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ရွှေကောင်းသည် နတ်ကဓတော်ကြီး ဒေါ်ညိုကို ခွင့်ပန်ပြီး ရန်ကုန်မြို့သို့ ထွက်ခဲ့၏။ သူသည် နတ်လောကတွင် နှစ်အတန်ကြာမျှ ကျင်လည် ခဲ့သဖြင့် ထိုလောကကို သံယောဇဉ် တွယ်နေလေ၏။ နတ်ဝင်သည် ဘဝကိုလည်း နှံမင်နှစ်သက်နေပြီ ဖြစ်၏။ထိုကြောင့် အလျဉ်းသင့်လျှင် နတ်လောကသို့ ပြန်လည်ဝင်ရောက်ရန် ကြံရွယ်ထားလေ၏။ ရွှေကောင်းသည် လိပ်စာအတိုင်း ရန်ကုန်မြို့သို့ ရောက်သောအခါ ဦးပြာတို့မိသားစု နေထိုင်သော ကန်တော်ကြီးစောင်းအိမ်ကြီးသို့ တစ်



www.burmeseclassic.com

www.burmeseclassic.com

စေ့တစ်ဝစောင်းသွားကြည့်လေ၏။ထိုအခါ ဖြူပြာ၏ ယောကျ်ား စက် သူဌေး ကိုမောင်ဂင်းသည် နလုံးရောဂါ ပြင်းထန်နေပြီး ကုလား ဆရာ ဝန်ကြီး တစ်ယောက်နှင့် ပြသနေကြောင်းတွေ့ရလေ၏။ ဖြူပြာ ၏ သမီးလေး ခင်မြရင်သည်ပင် အထက်တန်းကျောင်းသူတဦး ဖြစ်နေ ကြောင်း သိရ၏။ ကိုမောင်ဂင်းသည် သူ၏ နလုံးရောဂါ ပြင်းထန်နေ သဖြင့်သမီး ခင်မြရင်၏ နောင်ရေးနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန် နေ ကြောင်းတွေ့ရလေ၏။ ရွှေကောင်းသည် ခင်မြရင် ကျောင်းသို့ သွားနိုက်တွင် ကိုမောင်ဂင်းနှင့် သွားရောက်တွေ့ဆုံပြီး

``ကိုမောင်ဂင်း ခင်ဗျားကျုပ်ကို မှတ်မိလား၊ ဆရာမင်းယက္ခရဲ့ မြဲ ဇ က သိုင်းသမားရွှေကောင်းလေ၊ ခင်ဗျား ပေးတဲ့စာကို မဖြူပြာကို သွား ပေးလို့ ခင်ဗျား မဖြူပြာကို နိုးပြေးသွားတယ်လေ`` ဟုပြော လေ ကိုမောင်ဂင်းသည် ရွှေကောင်းကို ကောင်းမွန်စွာ နှုတ်ဆက်ပြီးနော လာရင်းကိစ္စကို မေးမြန်းလေ၏။ ရွှေကောင်းသည် ရှေးအစဉ်အဆ က ပေါ်ထွန်းခဲ့သော လိုတရဂိုဏ်းအကြောင်းကို ပြောပြလေ ရွှေကောင်း၏ စကားမဆုံးခင် ကိုမောင်ဂင်းက`` လိုတရဂိုဏ်း အ ကြောင်းကို ကျုပ်ဇနီးဖြူပြာပြောပြလို့ တော်တော်ပြည့်ပြည့်

www.burmeseclassic.com



သိပါတယ်``ဟုဆိုလေရာ ရွှေကောင်းသည် ကိုမောင်ဝင်းကို ရှင်းလင်းပြရန် လွန်စွာလွယ်ကူသွားလေ၏။ရွှေကောင်း၏ စကားကို နားထောင်ပြီး ကိုမောင်ဝင်းက``ဖြူပြာဟာ လိုတရဂိုဏ်းရဲ့ အမွေဆက်ခံသူ ဆိုတာကျုပ်သိထားတယ်၊ အခုတော့ သမီးလေးခင်မြရင်အတွက် အန္တရာယ်ဖြစ်နေပြီ ဆိုတာ သိရပြီ၊ဒီတော့ ကျုပ် ဆုံးဖြတ်လိုက်ပြီ၊ ကျုပ်မရှိတဲ့အချိန်မှာ သမီးကို ခင်ဗျား စောင့်ရှောက်ရမယ်၊ ခင်ဗျားကို ကျုပ်ရဲ့ ပျောက်ဆုံးနေတဲ့ ညီတစ်ယောက်၊ သမီးလေးရဲ့ ဦးလေးဆိုပြီး အသိပေးလိုက်မယ်၊ ပြောနေကြာတယ်၊ ညနေ သမီးကျောင်းက ပြန်လာရင် ဒီအကြောင်းတွေ ပြောပြလိုက်မယ်၊ခင်ဗျား ဘယ်ကိုမှ မသွားနဲ့ ဒီအချိန်ကစပြီး ကျုပ်အိမ်မှာပဲ နေပေတော့၊ ကျုပ်သမီးလေးကိုတော့ ကောင်းကောင်း စောင့်ရှောက်ပေးပါဗျာ`` ဟုပြောလေ၏။ ထိုအခါ ရွှေကောင်းက ဘုရားခန်းထဲသို့ ဝင်ပြီး ... ဘုရားရှေ့တွင် သစ္စါရေသောက်ပြီး ခင်မြရင်ကို သမီးအရင်းကဲ့သို့ စောင့်ရှောက်မည်ဖြစ်ကြောင်း သစ္စါပြုခဲ့လေ၏။ ထိုအချိန်မှစပြီး ရွှေကောင်းသည် ခင်မြရင်၏ ပျောက်ဆုံးနေသော ဦးလေး အဖြစ်ဖြင့် အတူတကွ ပေါင်းသင်းနေထိုင်ခဲ့လေ၏။ ရွှေကောင်း ရောက်ရှိပြီး....

www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်နှစ်မှာပင် ကိုမောင်ဂင်း၏ နှလုံးရောဂါ ဝေဒနာ ဆိုး
လာပြီး တမလွန်သို့ ထွက်ခွါသွားခဲ့၏။ ရွှေကောင်းသည် ကိုမောင်
မရှိတော့သောအခါ ခင်မြရင်ကို ဦးလေးတစ်ယောက်အဖြစ် ဆ
လက် စောင့်ရှောက်ခဲ့၏။ ခင်မြရင်ဖခင် ကိုမောင်ဂင်းသည်ဘဏ် အ
ငွေများစွာ ရှိသဖြင့် သူတို့စားဝတ်နေရေးအတွက် ပူပင်စရာ မရှိ
ခင်မြရင် ဂျက်ဆင် ကောလိပ်သို့ ရောက်သောအခါ သူမသည် အလှ
ချောမောလှပသူ ဖြစ်သဖြင့် သူမကို လိုချင်သော ကာလသားများ ဝိုင်
ဝိုင်းလည်နေ၏။ ရွှေကောင်းသည် ခင်မြရင်ကို လိုတရဂိုဏ်း၏ ဂိုဏ်
ချုပ် နေရာကို ရယူစေချင်၏။ထို့ကြောင့် ခင်မြရင်ကို အိမ်ရာထူထော
ခြင်း မပြုလုပ်စေချင်ပေ။ ခင်မြရင် အိမ်ထောင်ပြုသွားလျှင် လိုတ
ဂိုဏ်း၏ ဂိုဏ်းချုပ် နေရာကို ရရှိရန် မဖြစ်နိုင်ချေ။ရွှေကောင်းသ
ခင်မြရင် ကောလိပ်ကျောင်းပြီးသည့် အချိန်ကို စောင့်ပြီး လိုတ
ဂိုဏ်း ၏ စည်းကမ်းထိမ်းသိမ်းရေးမှူး ဦးသီလနှင့် တွေ့ဆုံရန် စီ
ထား၏။ထို့ကြောင့် ရွှေကောင်းသည် ခင်မြရင် ကို မျက်စိ
ထောက် ကြည့်ရှုနေရလေ၏။ရွှေကောင်းသည် ထိုသို့ နေထိုင်
မိမိဂါသနာပါသော နတ်ဂင်သည် အလုပ်ကို ပြန်လည် လုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



တ်များ ဖြစ်ပေါ်လာ၏။ ထိုကြောင့် ကျောက်မြောင်း ဓမ္မဝိဟာရဲ့ လမ်းတွင် အိမ်တစ်လုံးကို ငှါးယူပြီး ထိုအိမ်၌ သွားရောက်နေထိုင်ပြီး နတ်င်သည် အလုပ်ကို လုပ်ကိုင်လေ၏။ ခင်မြရင်ကို ကြည့်ရှုစောင့်ရှောက်ရန် မတင်ရွှေဆိုသော မိန်းမကို အဖော်အဖြစ် ခေါ်ယူထားလေ၏။

တစ်နေ့တွင် ရွှေကောင်းသည် လျှော်တန်းဇာတ်ရုံတွင် ပြလုပ်သော ဇာတ်ပွဲ တစ်ပွဲသို့ သွားရောက်ကြည့်ရှုစဉ် သူ၏ ရန်သူတော်ကြီး ဒေဝကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။ဒေဝ ရန်ကုန်သို့ ရောက်ရှိ နေခြင်းကို မသင်္ကာဖွယ် ခံစားရသဖြင့် ဒေဝကိုနောက်ယောင်ခံပြီး လိုက်ကြည့်ရှုရာ ဒေဝသည် ဂျက်ဆင်ကောလိပ်အနီးရှိ တည်းခိုခန်း တစ်ခု၌ တည်းခိုကြောင်း တွေ့ရ၏။ ရွှေကောင်းသည် ဒေဝကို စောင့်ကြည့်လိုသဖြင့် နတ်ဂဝင်သည် အလုပ်ကို လုပ်ကိုင်စဉ် ဂုတ်ဆင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com


သောအဝတ်အစားများကို ဝတ်ဆင်ပြီး မိန်းမလျာဟန်ဆောင်ကာ
တည်းခိုခန်း၌ပင် သွားရောက်တည်းခိုလေ၏။ ရွှေကောင်း၏ ရုပ်
ပညာ ကောင်းမွန်သဖြင့် ဒေဂသည် မျက်နှာချင်းဆိုင် တွေ့လျှင်ပင်
မှတ်မိခဲ့ချေ။ ရွှေကောင်းသည် ဒေဂကို နောက်ယောင်ခံပြီး
လေရာ ထိတ်လန့်ဖွယ် အခြင်းအရာကို မြင်တွေ့ရလေ၏။ ဒေဂသ
ဂျက်ဆင်ကောလိပ်တက်နေသော ခင်မြရင်ကို တိတ်တခိုး ဓါတ်ပုံ
ရိုက်ကြောင်း တွေ့ရလေ၏။ ရွှေကောင်းသည် ဒေဂ၌ မရိုးသား
အကြံအစည် ရှိကြောင်း သေချာသွားလေ၏။ ထိုကြောင့် စိတ်
သည်းခံပြီး စောင့်ကြည့်လေရာ ဒေဂထံသို့ ကောလိပ်ကျောင်းသ
နှစ်ယောက် အဝင်အထွက်ရှိကြောင်းတွေ့ရလေ၏။ ဒေဂသည် ယ
ကပင် ကောလိပ်ကျောင်းသားများနှင့် အဆက် အသွယ် ပြုကြော
သိရ၏။ ရွှေကောင်းသည် ဒေဂနှင့် ကောလိပ်ကျောင်းသား နှစ်
တွေ့ဆုံဆွေးနွေးခြင်းကို ချောင်းမြောင်းနားထောင်ကြည့်သော
ဒေဂ၏ ယုတ်ညံ့သော အကြံအစည်ကို သိရလေ၏။ ဒေဂသည် ကော
လိပ်ကျောင်းသားနှစ်ယောက်အား ခင်မေရီကို လက်ထပ်ပေါင်းသ
နိုင်လျှင် ရွှေတစ်ပိဿာ ပေးမည်ကမ်းလှမ်းလေ၏။ ထိုအခါ ကောလိ

www.burmeseclassic.com



ကျောင်းသားနှစ်ယောက်သည် ခင်မေရီ၏ မေတ္တာကို မရရအောင် အပြိုင်အဆိုင် ကြိုးစားမည်ဖြစ်ကြောင်း ကတိပြုလေ၏။ ထိုနောက် အစသည် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွါသွားလေ၏။ ဒေဝ၏ ကမ်းညွှန်းခြင်း ခံရသော ကျောင်းသားနှစ်ယောက်မှာ ကောလိပ်ကျောင်းသား မောင်ဖေခင်နှင့် မောင်ဉာဏ်ဂင်းဆိုသူဖြစ်၏။ ရွှေကောင်းသည် ခင်မြရင်၏ နေထိုင်မှု ပုံစံကိုတစ်စေ့တစ်စောင်း အကဲခတ်ကြည့်ရာ ခင်မြရင်သည် သူမကို ပိုးပန်းနေသူ များစွာအနက် ကောလိပ်ကျောင်းသား မောင်ဖေခင်နှင့် မောင်ဉာဏ်ဂင်းကို ဦးစား အပေးဆုံးဖြစ်ကြောင်း တွေ့ရလေ၏။ ထိုကျောင်းသားနှစ်ယောက်သည် ဒေဝထံမှ ရွှေတစ်ကျပ်သား ရမည်ဆိုသဖြင့် ခင်မြရင်ကို ကျားကုတ်ကျားခဲပန်းသောကြောင့်လည်း ဖြစ်နိုင်လေ၏။ ရွှေကောင်းသည် ခင်မြရင်ကို အိမ်ရာထူထောင်ရန် မပြုရန် တားဆီးရန်လည်း မဖြစ်နိုင်ချေ။ ခင်မြရင်သည် ကောလိပ်ကျောင်းသား နှစ်ယောက် အနက် တစ်ယောက် ကိုမေတ္တာတုံ့ပြန်ရန်ပင် ကြံစည်နေလေ၏။ခင်မြရင် အိမ်ထောင်ရက်သားကျသွားလျှင် လိုတရဂိုဏ်း၏ ဂိုဏ်းချုပ်နေရာ မျှော်မှန်းလို့ မဖြစ်နိုင်တော့ချေ။ ရွှေကောင်းသည် ခင်မြရင် ကော

www.burmeseclassic.com

www.burmeseclassic.com



လိပ်ကျောင်းပြီးလျှင် သူမကို လိုတရဂိုဏ်း၏ စည်းကမ်း ထိမ်းသိ ရေးမှူး ဦးသီလထံ ခေါ်ဆောင်သွားပြီးဂိုဏ်းချုပ်နေရာကို ရယူ ကြံစည်ထား၏။ထို့ကြောင့် ငွေမက်သော ကောလိပ်ကျောင်းသာ နှစ်ယောက်ကို ရှင်းပစ်ရန် ဆုံးဖြတ်ချက်ချလိုက်၏။ ထို့ကြောင့် ကော လိပ်ကျောင်းသား မောင်ဖေခင်ကို ဂျက်ဆင် ကောလိပ်မြက်ခင်း ေ တွင် ရင်ဝကို ဓားဖြင့်ထိုးသတ်ပြီး အပြတ်ရှင်းလိုက်လေ၏။ ထို့နော သထုံဆောင်မြက်ခင်းရှေ့တွင် ကြက်တောင်ရိုက်နေ သော မော ဉာဏ်ဝင်းကို လိုက်လံ စောင့်ကြည့်ပြီး အလစ်အငိုက်တွင် မော ဉာဏ်ဝင်းကို ဓားဖြင့်ထိုးစိုက်ပြီး ရှင်းလိုက်လေ၏။ ရွှေကောင်းသည် ရှေးယခင် အဆက်ဆက်က တည်တံ့ခဲ့သော လိုတရဂိုဏ်းကြီး နောင်ရေးအတွက် ကောလိပ်ကျောင်းသား နှစ်ယောက်ကို မသ ချင်ဘဲ သတ်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေကောင်းသည် ကောလိပ်ကျောင်းသားနှစ်ယောက်ကို ရှင်းလင်းလိုက်ပြီးနောက် မိမိကိုယ်မိမိ သတိကြီးစွာ ထားပြီး နေထိုင်ခဲ့လေ၏။ ကောလိပ်ကျောင်းသားနှစ်ယောက်ကို ရှင်းလိုက်သဖြင့် သူ၏ ခြေရာကို ဒေဂတို့ ကောက်မိသွားနိုင်လေ၏။ ထိုအပြင် အင်းစိန်စီအိုင်ဒီမှ စုံထောက်များကလည်း ထိုအမှုကို လိုက်နေကြောင်း သိရ၏။

နောက်တစ်နေ့ထုတ် သတင်းစာကြီးများတွင် ရန်ကုန်ကောလိပ်၏ လူသတ်မှုနှင့် ပတ်သက်ပြီး အကျယ်တဝင့် ဖော်ပြကြလေ၏။ သူကြီးဂေဇက် သတင်းစာကြီးက ``ရန်ကုန်ကောလိပ် လုံခြုံမှု မရှိတော့ပြေ သလော``ဟုဖော်ပြသလို သံတော်ဆင့် သတင်းစာကြီးကလည်း



www.burmeseclassic.com

www.burmeseclassic.com


``ရန်ကုန်ကောလိပ်မှာ တစ်လ တစ်ကြိမ် လူသတ်မှု ဖြစ်ပွါးနေပြီ'' ဟုဖော်ပြထားလေ၏။ မြန်မာ့အလင်း သတင်းစာကြီး ကလည်း ...

``ကောလိပ်ကျောင်းသားတွေ လူသတ်သမားရဲ့ သားကောင် ဖြစ်နေသလော၊ စီအိုင်ဒီက စုံထောက်များ အိပ်ပျော်နေခြင်း ပေလော'' ဟု စီအိုင်ဒီ ကိုပင် ခနဲ့တဲ့တဲ့ ရေးသားထားလေ၏။ ရွှေကောင်းသည်... သတင်းစာများ၏ ရေးသားမှုကို နေ့စဉ် ဖတ်ရှုလေရာ ကောလိပ်ကျောင်းသား မောင်ဉာဏ်ဝင်း၏ အမှုမှစပြီး ဆားပုလင်းမင်းအောင် ဆိုသည့် နိုင်ငံကျော်စုံထောက်က လိုက်နေကြောင်းသိရလေတော့၏။ ရွှေကောင်းသည် ဆားပုလင်းမင်းအောင်၏ စုံထောက်စွမ်းရည်ကို ကြားဖူးနားဝ ရှိသဖြင့်အထူးသတိထားနေလေ၏။တစ်နေ့ ရွှေကောင်းသည် အိမ်အောက်ထပ်တွင် ထိုင်ပြီး လောကီပညာကျမ်းကြီး တစ်စောင်ကို ဖတ်ရှုနေစဉ် အိမ်အနောက်မှ အသံလိုလို ကြားသဖြင့် လှမ်းကြည့်လိုက်ရာ ခြံစည်းရိုး အုတ်တံတိုင်းကို ကျော်ဝင်လာသော ဒေဝကို မြင်တွေ့လိုက်ရလေ၏။ ဒေဝ၏ လက်ထဲတွင် ဓားတိုလေး နှစ်လက်ကို ကိုင်ထားလေ၏။ ရွှေကောင်းက သက်ပြင်းချပြီး...

www.burmeseclassic.com

www.burmeseclassic.com


နောက်ဆုံးတော့ မင်းရောက်လာပြီပေါ့ ဒေဝ၊ မင်းကို ငါတွေ့ချင် နေတာနဲ့ အတော်ပဲ``ဟုဆိုလိုက်ရာ ဒေဝက လက်ထဲရှိ ဓားတိုလေး နှစ်ချောင်းကို အသင့်ပြင်ပြီး``မင်းကို လူ့လောကမှာ အရှင်ထားလို့ မရတော့ဘူး ရွှေကောင်း၊ ကောလိပ်ကျောင်းသားနှစ်ယောက်ကို မင်းရှင်းလိုက်ကတည်းက မင်းကို လူ့လောကမှာ မထားဖို့ ဆုံးဖြတ်လိုက်တယ်``ဟုပြောလေရာ ရွှေကောင်းက ရယ်မောလိုက်ပြီး ``ငါ့ကို နင်ဂပဲသည် လုပ်နေတယ်ဆိုပြီး သိုင်းပညာတွေ မေ့နေပြီ လို့ထင်နေလား၊ မင်းဘယ်တုန်းက ငါ့ကိုနိုင်ဖူးလို့လဲ၊ မင်းကို ငါ က ငယ်နိုင်ပါကွာ``ဟုဆိုလိုက်၏။ ဒေဝသည် ရွှေကောင်း၏စကားကြောင့် မခံချိမခံသာ ဖြစ်သွားပြီး``မင်းကိုယ်မင်း သိုင်းပညာကောင်းတာနဲ့ပဲ မင်းကိုယ်မင်း ဟုတ်လှပြီထင်နေလား၊မင်းဘာဂကို ငါတို့တွေပေါင်းပြီး ဂျွန်းပုံအောင် လုပ်ခဲ့တာ မင်းမသိဘူးမဟုတ်လားကွ၊ မင်းနဲ့ မှုယာကျွန်းပေါ်ကို ရောက်အောင် ပုံတီးပြီး မြားခေါ်ခဲ့တာငါကွ၊ မင်း တို့နှစ်ယောက် ကျွန်းပေါ်ရောက်တော့ ပုန်းအောင်းနေရာကထွက်ပြီး လှေကို ယူပြေးခဲ့တာလည်း ငါပဲကွ၊ ငါနဲ့ သူရိန်နဲ့ပေါင်းပြီး မင်းကို အဓိသာသတ်မလို့ အကွက်ဆင်ခဲ့တာပဲကွ၊ သိပြီလား`` ဟုဆိုလိုက်

www.burmeseclassic.com


ရာ ရွှေကောင်းက အံကို ကြိတ်ပြီး``ငါ ဒီလောက်မညံ့ဘူးကွ၊ မင်း လက်ချက်ဆိုတာ ငါရိပ်စားမိတယ်၊ လက်စသတ်တော့ ဒီကိစ္စမှာ သူရိန်လည်းပါတာကိုး``ဟုဆိုလိုက်ရာ ဒေဂါက သဘောကျဟန်ဖြင့် တဟားဟားရယ်မောလိုက်ပြီး``သူရိန်ပါရုံမကဘူး၊ သူပဲ အရာ အားလုံး စီစဉ်ခဲ့တာကွ၊ သူရိန်ဟာ မင်းကို ရွံ့မုန်းလွန်းလို့ သတ်ဖို့ ကြံ နေတာကွ၊ သူရိန်ဟာ အကြံသိပ်ကြီးတယ်၊သူဟာ လိုတရဂိုဏ်းကို ကြီးကိုင်ချင်လို့ မူယာကို မချစ်ဘဲ ယူခဲ့တာ၊ မူယာကို မယူခင်မင်းကို ရှင်းပစ်ချင်လို့ ငါတို့နှစ်ယောက် အကွက်ဆင်ခဲ့တယ်၊ ဆရာ တိုက်မောင်းကိုလည်း ဆရာကြီးနဲ့ ရန်တိုက်ပေးလို့ တိုက်မောင်း ထွက်ပြေးခဲ့ ရတယ်၊ တိုက်မောင်း မရှိတော့မှဆရာကြီး မင်းယက္ခကို အဆိပ် ကျွေးပြီး တိတ်တိတ် သတ်ဖြတ်ပစ်ခဲ့တယ်``ဟုပြောလေရာ ရွှေကောင်းသည် ဒေဂါကို ဒေါသတကြီး ကြည့်ပြီး``မင်းတို့ ယုတ်မာလှချည်လား၊.... ကျေးဇူးရှင်ကို ကျေးဇူးဖွတ်တဲ့ နွားလိုကောင်တွေ``ဟုဆိုလိုက်ရာ ဒေဂါက သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး``တကယ်တော့ ... ဆရာကြီး ကိုယ်တိုင် အလှည့်စားခံလိုက်ရတာကွ၊ သူရိန်ဟာ မူယာကို ချစ်လည်းမချစ်ဘူး၊ မင်းနဲ့မူယာကို ဘယ်တော့မှ မယုံဘူးကွ....

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း မှုယာဟာ စိတ်ဆင်းရဲပြီး သေရတာကွ၊ နားလည်လား၊ မင်းကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီထင်မနေနဲ့'' ဟုပြောလိုက်ရာ ရွှေကောင်းသည် ဒေါသဖြစ်လွန်းသဖြင့် အသားများ တဆတ်ဆတ် တုန်ပြီး အနီးရှိ ဓါးတစ်ချောင်းနှင့် တိုက်ခိုက်လေ၏။

ရွှေကောင်းသည် နတ်ဝင်သည် အလုပ်ကို လုပ်ကိုင်သော်လည်း သိုင်းပညာကို နေ့စဉ်မပြတ်လေ့ကျင့်ခဲ့၏။ ထိုကြောင့် ရွှေကောင်းကို အထင်သေးပြီး လာရောက်တိုက်ခိုက်သော ဒေဂသည် အတန် ကြာအောင် သူတစ်ပြန်ကိုယ်တစ်ပြန်တိုက်ပြီးနောက် နောက်ပိုင်းတွင် တဖြည်းဖြည်း အရေးနိမ့်ကာ ရွှေကောင်း၏ ဓါးချက်မိသွားပြီး မြေ ပေါ်သို့ လဲကျသွားလေ၏။ စိန်တင် သေဆုံးသွားသောအခါ ရွှေကောင်းသည် မိမိဘဂကို ပြည်ဖုံးကားချရန် ဆုံးဖြတ်လိုက်၏။ ဒေဂ၏ နေရာတွင် မိမိကိုယ်ကို အစားထိုးရန် ကြံစည်လိုက်၏။ထိုကြောင့် မိမိ၏ အဝတ်များကို သေသူဒေဂ၏ အဝတ်များနှင့် လဲလှယ်လိုက်ပြီး သူ၏ လက်တွင် ဝတ်ဆင်သော မိုးကြိုးလက်စွပ်လေးကို ဒေဂ၏ လက် တွင် ပြောင်းလဲ ဝတ်ဆင်လိုက်၏။ ရွှေကောင်းသည် အိမ်ထဲသို့ ဝင်ပြီး သားရေအိတ်ကြီးထဲသို့ လိုအပ်သည်များကိုထည့်ကာ အိမ်၏ အ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်မီးဖိုဆောင်ကို မီးရှို့လိုက်၏။ အိမ် အနောက်ဘက် မီးဖိုဆောင် မီးလောင်သောအခါ၌ ဒေဝအလောင်းကို ထိုနေရာသို့ ရွှေ့ပြောင်းထားလိုက်လေ၏။ မီးလောင်ထားသော အလောင်းကို ကြည့်ပြီး ပတ်ဝန်းကျင် ရှိလူများက မိမိသေဆုံးသွားသည်ဟု ထင်မြင် ပေလိမ့်မည်။ရွှေကောင်းသည် ဒေဝ၏အလောင်းကို မီးရှို့ပြီးသည်နှင့် ပတ်ဝန်းကျင် မရိပ်မိအောင် တိတ်တဆိတ် ထွက်ခွါလာခဲ့၏။ ရွှေကောင်းသည် ဒေဝထံမှ သူရိန်၏ ယုတ်မာကောက်ကျစ်သော စိတ်ဓါတ်ကို သိရှိခဲ့ရ၏။သူရိန်သည် ကျေးဇူးရှင်ဆရာကြီး မင်းယက္ခကို အဆိပ်ခပ်ပြီး လုပ်ကြံသတ်ဖြတ်ခဲ့သူဖြစ်၏။ မူယာ့ကိုလည်း စိတ်ထိခိုက်ပြီး သေဆုံးအောင် တတိတိ သတ်ဖြတ်ခဲ့၏။ သူရိန် လိုလူမျိုးကိုလူ့လောကမှာ မထားရန် ဆုံးဖြတ်လိုက်၏။သူရိန် သေဆုံးခဲ့လျှင် လိုတရဂိုဏ်းကြီး ဂိုဏ်းချုပ်နေရာကို ဦးသီလကဲ့သို့သော လူကြီးများက ရွေးချယ်ပေလိမ့်မည်။ သူရိန်လို ကျေးဇူး သစ္စါမစောင့်သိသော လူတစ်ယောက်ကို လိုတရဂိုဏ်းမှ မောင်းထုတ်ရပေမည်။ ဆရာကြီးနှင့် မူယာအတွက် သူရိန်ကိုလက်စားချေ ရပေမည်။ရွှေကောင်းသည်

www.burmeseclassic.com

www.burmeseclassic.com


မိမိတို့ ငယ်စဉ်က သိုင်းပညာသင်ကြားခဲ့သော ဆရာကြီးမင်းယက္ခ၏ ခြံကြီးသို့ တိတ်တဆိတ် စောင့်ကြည့်နေခဲ့၏။

ထိုအခါ ခြံကြီးထဲတွင် သိုင်းလေ့ကျင့်နေသော သူရိန်၏ တပည့်များကို တွေ့ရလေ၏။ သူရိန်ကိုမူ မတွေ့ရသေးချေ။ နှစ်ရက် မြောက်နေ့တွင် ရွှေကောင်း ခြံထဲသို့ဝင်ပြီး မေးမြန်းလေရာ ၎င်း၏တပည့်များ က သူရိန်မိုးခေါင်ချောင်းတစ်ဖက်ရှိ ကျွန်းပေါ်သို့ သိုင်း လေ့ကျင့်ရန် သွားသည်ဆို၏။ ရွှေကောင်းသည် ရွှေဖျဉ်းညီနောင် နတ်ကွန်း ရှိသောကျွန်းကို သတိရလေ၏။ ထိုကျွန်းသို့ မူယာနှင့်အတူ သွားကာ မင်းညီနောင်နှစ်ပါးကို ပူဇော်ပသခဲ့ပုံကို သတိရ၏။ ထိုကျွန်း၌ မိမိကို ရန်သူတော် သူရိန်နှင့်ဒေဝတို့ ဝိုင်းပြီး အသေလုပ်ကြံခဲ့၏။ ရွှေကောင်း သည် တွေးရင်း သွေးများပွက်ပွက်ဆူလာသယောင် ခံစားရပြီး ချောင်း ကမ်းနံဘေးကို သွားကာ အသင့်တွေ့ရသော လှေတစ်စင်း ပေါ်တက် ပြီး ကျွန်းဆီသို့ လှော်ခတ်ခဲ့၏။ ကျွန်းပေါ်သို့ ရောက်သောအခါ နတ် ကွန်း ရှေ့တွင် ဓားနှစ်လက်သိုင်းလေ့ကျင့်နေသော သူရိန်ကို တွေ့ ရလေ၏။ သူရိန်သည် သိုင်းလေ့ကျင့်နေရာမှ သူ၏ရှေ့သို့ ရောက် လာသော ရွှေကောင်းကို မြင်သောအခါ အံ့သြဟန်မပြဘဲ ဒေဝလို

www.burmeseclassic.com


အသုံးမကျတဲ့ကောင်ကြောင့် မင်းရောက်လာမယ်ဆိုတာ ငါသိသား ပဲ၊ ငါတို့နှစ်ယောက်။ သူသေကိုယ်သေတိုက်ခိုက်တာပဲ ကောင်းပါ တယ်``ဟုဆိုလိုက်ရာ ရွှေကောင်းက အံ့ကို ကြိတ်ပြီး``ဆရာကြီးနဲ့ မူယာအတွက် မင်းကိုလက်စားချေမယ်``ဟုဆိုကာ သူရိန်အား ဝင် ရောက်တိုက်ခိုက်လေ၏။ သူတို့နှစ်ယောက်စလုံး သိုင်းပညာအဆင့် မြင့်မားကြသဖြင့် တိုက်ပွဲ ပြင်းထန်လှ၏။သူရိန်သည် ဒေဝထက် သိုင်း ပညာ ပိုမို ကျွမ်းကျင်၏။ ထိုကြောင့် ရွှေကောင်းသည် သူရိန်ကို ခက် ခက်ခဲခဲ တိုက်ခိုက်ရ၏။ နောက်ဆုံးတွင် ရွှေကောင်းသည် သူရိန်၏ ရင်ဝသို့ ဓားရှည်ကို ထိုးစိုက်လိုက်နိုင်၏။ ရွှေကောင်းသည် သူရိန်၏ ရင်ဝသို့ ဓါးဖြင့်စိုက်ချလိုက်ပြီး ဆရာကြီးနဲ့ မူယာ့အတွက် ဟုရေရွတ် လိုက်ရာ သူရိန်က`` ငရဲမှာ ပြန်တွေ့မယ် ``ဟုပြောပြီး အသက် ထွက်သွားလေ၏။ ရွှေကောင်းသည် တိုက်ပွဲ ကြောင့် ပင်ပန်း လွန်း သဖြင့် နတ်ကွန်းရှေ့တွင် ပက်လက်လှန်ပြီး အနားယူနေမိ၏။ အတန်ကြာသော်အခါမှ ပင်ပန်းမှုများ ပြေပျောက်သွားပြီး ထိုင်ရာ ထထိုင်လေ၏။ ထိုအခိုက်မှာပင် ကျွန်းပေါ်သို့ လွန်စွာ ချောကျော ပိသသောလူတစ်ဦး ရောက်လာပြီး အခြေအနေ အရပ်ရပ်ကို သဘော

www.burmeseclassic.com

www.burmeseclassic.com


ပေါက်သွားဟန်ဖြင့် ``ကျုပ် နောက်ကျသွားပြီ``ဟုရေရွတ်လိုက်၏။ ရွှေကောင်းက ထိုသူကို မျက်မှောင်ကြုတ်ကြည့်ပြီး ``ခင်ဗျား ဘယ်သူလဲ``ဟုမေးမြန်းလေ၏။ ထိုသူက အလွန်သက်သောင့်သက်သာရှိသော အမူအယာဖြင့် ``ကျုပ်နံမည် ဆားပုလင်းမင်းအောင်ပါ၊ ကိုရွှေကောင်းကို လူသတ်မှုတွေအတွက် ဖမ်းဆီးလိုက်ပါပြီ`` ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်စကားကြောင့် ရွှေကောင်းသည် လွန်စွာအံ့သြသွားပြီး ``နံမည်ကျော်သလောက်လည်း တော်ပါပေတယ်၊ ကိုမင်းအောင်ရယ်၊ ဒါပေမဲ့ ဆားပုလင်းမင်းအောင်လို နိုင်ငံကျော် စုံထောက်တစ်ယောက်ရဲ့ လက်ရုံးရည်ကို စမ်းသပ် ချင်သေးတယ်ဗျာ၊ကျုပ်ကို မနိုင်ရင်တော့ ဖမ်းဖို့မကြိုးစားနဲ့ ကိုမင်းအောင်`` ဟုဆိုလိုက်၏။ ဆားပုလင်းမင်းအောင်က သက်ပြင်းချ လိုက်ပြီး ``ကောင်းပါပြီ ကိုရွှေကောင်း၊ ကျုပ် အနိုင်ရရင်သာ အေးအေး သက်သာအဖမ်းခံပါ``ဟုဆိုလိုက်၏။ ရွှေကောင်းက သဘောကျဟန်ဖြင့် တဟားဟား ရယ်မောလိုက်ပြီး ``ဟားဟားဟား.. ကျုပ်က ကနားစီး ရွှေကောင်းဆိုတော့ စကားမတည်ဘူး ထင်သလား၊ လက်ရုံးရည်ကိုသာ အရင်စမ်းပါဦးဗျာ``ရွှေကောင်းသည် စကားဆုံးသည်နှင့် ဆားပုလင်း

www.burmeseclassic.com

www.burmeseclassic.com


မင်းအောင်ကို ပြင်းထန်စွာ ဂင်ရောက်တိုက်ခိုက်၏။ ကိုမင်းအောင် ကဲ့သို့သော အစိုးရဂုန်ထမ်း မင်းမှုထမ်းတစ်ယောက်သည်မိမိကဲ့သို့ သိုင်းပညာထဲတွင် ဘဂကို မြှုပ်နှံထားသူတစ်ယောက်ကို မည်သို့မျှ မယှဉ်နိုင်ဟုထင်၏။ သူ၏ တိုက်ကွက်များကို ဆားပုလင်းမင်းအောင် မရှုမလှ ရှုံးနိမ့်မည်ထင်၏။ သို့သော် လက်တွေ့တိုက်ခိုက်သောအခါ ဆားပုလင်းမင်းအောင်သည် အလွန်ကြောက်မက်ဖွယ်ကောင်းသော သိုင်းပညာရှင် တစ်ဦးဖြစ်ကြောင်းတွေ့ရလေ၏။

ဆားပုလင်း မင်းအောင်ကို အထင်သေးမိသည်မှာ အမှားကြီးမှား ပြီ။ ဆားပုလင်းမင်းအောင်သည် ခံစစ်နှင့်သာ တိုက်ခိုက်နေပြီး တိုက် ကွက်များ စတင်သောအခါ ရွှေကောင်း မည်သို့မျှ မယှဉ်နိုင်ဘဲ တ ဆုတ် တည်းဆုတ်နေရလေ၏။ နောက်ဆုံးဆားပုလင်းမင်းအောင် ၏ ခြေကန်ချက်တစ်ချက်မိပြီး ရွှေကောင်းလွင့်စင်သွားစဉ် ဆားပုလင်း မင်းအောင်က တဟုန်ထိုး ကပ်ပါလာပြီး ရွှေကောင်း၏လည်မျိုကို လက်ဝါးစောင်းနှင့် ချိန်ရွယ်လိုက်ရာ ရွှေကောင်းသည် ဆားပုလင်း မင်းအောင်ကို ကျေကျေနပ်နပ်ပြီးအရှုံးပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုနောက်တွင်မှ ဆားပုလင်းမင်းအောင်သည် ရွှေကောင်းကို လက်ထိတ်မခတ်ဘဲ ခေါ်ဆောင်ခဲ့လေ၏။ သူတို့နှစ်ယောက် ရန်ကုန်မြို့သို့အလာလမ်း တလျှောက်လုံး စကားဖောင်ဖွဲ့ပြီး လိုက်ပါသွား လေရာ တစ်ဦးနှင့်တစ်ဦး ငယ်ပေါင်းကြီးဖော် များကဲ့သို့ ရင်းနှီးသွားလေ၏။ဆားပုလင်းမင်းအောင်သည် ရွှေကောင်းကို အင်းစိန်စီအိုင်ဒီသို့ ခေါ်ဆောင်လာခဲ့၏။ စီအိုင်ဒီသို့ ရောက်သောအခါ ရွှေကောင်း သက်သောင့်သက်သာနေနိုင်အောင်စီစဉ်ပေးရလေ၏။

တရားခံ ကိုရွှေကောင်း၏ ထွက်ဆိုချက်များ ကို ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦး တို့ တလှည့်စီ ရေးမှတ်ကြလေ၏။ ကိုရွှေကောင်းသည် သူ၏ဘဝ နောက်ကြောင်းများကို ကလေးဘဝမှ စပြီး စီကာပတ်ကုံး ပြောပြ၏။ ကိုရွှေကောင်း၏ ဘဝနောက်ကြောင်း များသည် စိတ်ဝင်စား ဖွယ်ကောင်းလွန်းလှသဖြင့် တစ်ခါတစ်ရံ ကျွန်ုပ်တို့ စုံထောက်ချော်နှစ်ယောက်စလုံး ရေးမှတ်ခြင်းကို ရပ်တန့်လိုက် ပြီး `` စိတ်ဝင်စားဖို့ တကယ်ကောင်းတယ်ဗျာ၊ သတ္တိကတော့ စံပါပဲ '' စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ ချီးမွမ်းနေမိလေ၏။ ကျွန်ုပ်တို့ ရေးမှတ်ခဲ့ သောမှတ်တမ်းသည် ပုလိပ် အစီအရင်ခံစာကြီး ဖြစ်သဖြင့် ရေးသား ရုံး


www.burmeseclassic.com

www.burmeseclassic.com

ဆန်နေလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ကိုရွှေကောင်း၏ ဘာ
မှတ်တမ်းကြီးအား မူရင်းကို မပျက်စေဘဲ ဂတ္တုရေးဆရာတို့၏ တ
အစ်သော ပညာဖြင့် ပြုပြင်ကာ ရေးသားခဲ့ရလေ၏။ ထိုသည်
ကျွန်ုပ်ရေးသား ဖော်ပြလတ္တံ့သော ဆားပုလင်းမင်းအောင်နှင့် ရွှေလမ်း
ငွေလမ်း ခင်းလို့ ပေးမယ် ဆိုသည့် ဂတ္တုကြီး ဖြစ်ပေတော့သတည်း။


www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းမင်းအောင်သည် ရွှေကောင်း၏အမှုကို မစစ်ဆေးမီ လို အပ်သောအကူအညီများကိုပေးလေ၏။ သူရိယ၊သံတော်ဆင့်၊ မြန်မာ့ အလင်း သတင်းစာကြီးများက ``ကောလိပ်ကျောင်းလှူသတ်မှု၏ ... တရားခံကိုမိပြီ``ဆိုကာ တခမ်းတနား ပင်ရေးသား ကြလေ၏။

အင်းစိန်စီအိုင်ဒီ၏ စုံထောက်ကျော် ဆားပုလင်းမင်းအောင်၏ အစွမ်း တိုလည်း ချီးမွမ်းရေးသားကြလေ၏။ရွှေကောင်း၏ အမှု စစ်ဆေး နေ ချိန်တွင် ဘုန်းတော်ကြီး တစ်ပါးနှင့် ကပ္ပိယကြီးသည် လာရောက် တွေ့ဆုံလေ၏။ ရွှေကောင်းသည် ဘုန်းတော်ကြီးကို လက်အုပ်ချီပြီး သေချာစွာ ကြည့်လိုက်ရာ လူ့ဘဝက သူ၏ ဆရာ တိုက်မောင်း ဖြစ်နေလေ၏။ဘုန်းတော်ကြီး အနောက်ရှိ ကပ္ပိယကြီးမှာ သူ၏

သူငယ်ချင်းစိန်တင် ဖြစ်နေလေ၏။ စိန်တင်က ရွှေကောင်း၏ ပခုံးကို ကိုင်ပြီး``မင်းနဲ့တွေ့ပြီး နောက်ပိုင်း ငါတာဝန်ကျေပြီ ဆိုပြီးတော့ ဘုန်းဘုန်း နောက်ကို လိုက်နေတာကွ၊ ဂုဏ်ယူပါတယ် သူငယ်ချင်း ``ဟုပြောလေ၏။ ဆရာတိုက်မောင်းတစ်ဖြစ်လဲ ဘုန်းတော်ကြီးက ``သဗ္ဗေသတ္တာကမ္မသကါ ပါပဲ ရွှေကောင်းရယ်``ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com


ထူးဆန်းသည်မှာ ရွှေကောင်း၏ အမှု စီရင်ချက်ချမည့်နေ့တွင် နတ်ဝင်သည့် ဒေါ်ညိုကြီး လာရောက်တွေ့ဆုံပြီး ငမ်းပန်းတနည်း ငိုယိုရင်း ရုတ်တရက် မင်းညီနောင် နတ်ဝင်သွားပြီး ``မိုက်လိုက်တဲ့ ညီဘွား ကိုယ်တော့်စကားကို နားမထောင်ဘဲ ပမာမခန့်လုပ်တာကိုး၊ ဒါပေမဲ့ မပူနဲ့ ညီဘွါးအသက်ကို ရအောင်ကယ်မယ်၊ ညီဘွါး မသေစေရဘူး'' ဟုပြောလေရာ ပုလိပ်များက နတ်ဝင်သည့် ဒေါ်ညိုကြီးကို ရုံးခန်းထဲမှ ဆွဲထုတ်သွား၏။ ထိုနေ့က စီရင်ချက်ချသောအခါ ရွှေကောင်းသည် ကံကောင်းထောက်မစွာဖြင့် တစ်သက်တစ်ကျွန်းသာ အပြစ်ဒဏ်ကျခဲ့လေ၏။ ရွှေကောင်းသည် ပူပင်သောကမရှိဘဲ အပြစ်ဒဏ်ကို အပြုံးနှင့်သာ ခံယူခဲ့လေ၏။ သူ၏ ရင်ထဲတွင် လွတ်လပ် ပေါ့ပါး သွားသယောင်လည်း ခံစားရလေ၏။အရာအားလုံး ပြီးဆုံးသွားချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအဖြစ်အပျက်များ ဖြစ်ပွါးပြီးနောက် ၁ဂနှစ်ခန့်အကြာတွင် အထက်မြန်မာပြည် တဂုမ်းတွင်ကနားစီးရွှေကောင်း ဟူသောအမည်ဖြင့် ကျော်ကြားသော နတ်ဂင်သည် တစ်ဦး ပေါ်ပေါက်ခဲ့လေ၏။ ထိုနတ်ဂင်သည်သည် ကျွန်ုပ်တို့ မိတ်ဆွေ ကိုရွှေကောင်း ဟုတ်မဟုတ် နတ်လောကနှင့် လွှန်စွာဝေးသော ကျွန်ုပ်အနေဖြင့် ဝေဖန်ပိုင်းခြားနိုင်ခြင်း မရှိနိုင်ချေ။ သို့သော် နတ်ဝါသနာရှင် မိန်းမတသိုက် ကျွန်ုပ်၏ ဇနီးမေ ထံသို့ ရောက်လာပြီး ကနားစီးရွှေကောင်း၏ ဓါတ်ပုံကိုပြသော

www.burmeseclassic.com

www.burmeseclassic.com



အခါ ကျွန်ုပ်သည် ဂမ်းမြောက်ဂမ်းသာ ဖြစ်ပြီး ``လက်စသတ်တော့ ကနားစီးရွှေကောင်းဟာ ငါတို့မိတ်ဆွေကြီး ရွှေကောင်းပဲ``ဟုရေရွတ် လိုက်လေ၏။ကိုရွှေကောင်းတစ်ယောက် တစ်ကျွန်းမှ ဂေလမင်းသား ၏ မဲပေါက်ပြီး လွတ်မြောက်လာပုံရ၏။ကောင်းပေစွ၊ ကောင်းပေစွ ကိုရွှေကောင်းရေ``ဟုကျွန်ုပ် ရေရွတ်လိုက်မိလေ၏။

သိမ်းပိုက်ခြင်းကင်းသော

မင်းမြတ်သူရ

www.burmeseclassic.com